








ရာသီဥတုပြောင်းလဲခြင်းနှင့် REDD+ လုပ်ငန်းများကြောင့် ထိခိုက်ခံစားရသည့် ဒေသခံတိုင်းရင်းသားများအတွက် မူဝါဒလျှောက်လဲခြင်း၊ စည်းရုံးဆော်သြခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းလက်စွဲ

# စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းလက်စွဲ

## ရာသီဥတုပြောင်းလဲ
## ခြင်းနှင့် REDD+
## ဆောင်ရွက်ခြင်းကြောင့်
## ထိခိုက်ခံစားရနိုင်သည့် ဒေသခံတိုင်းရင်းသား
## များအတွက် မူဝါဒလျှောက်လဲခြင်း
## စည်းရုံးဆော်သြခြင်း။

AIPP
POINT
Promotion Of Indigenous and Nature Together

Published by :

AIPP

POINT
Promotion Of Indigenous and Nature Together

IWGIA

With support from :

Norad
Norwegian Agency for Development Copperation

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development and Cooperation SDC

Danish International Development Agency
DANIDA

# ရာသီဥတုပြောင်းလဲခြင်းနှင့် REDD+ဆောင်ရွက်ခြင်း ကြောင့်

# ထိခိုက်ခံစားရနိုင်သည့် ဒေသခံတိုင်းရင်းသားများအတွက်

# မူဝါဒလျှောက်လဲခြင်း၊ စည်းရုံးဆော်သြခြင်း၊

# စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းလက်စွဲ

Published by:

AIPP

IWGIA

With support from:

Norad
Norwegian Agency for Development Cooperation

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development
and Cooperation SDC

Danish International
Development Agency
DANIDA

# ရာသီဥတုပြောင်းလဲခြင်းနှင့် REDD+ ဆောင်ရွက်ခြင်းကြောင့်ထိ ခိုက်ခံစားရနိုင်သည့် ဒေသခံတိုင်းရင်းသားများအတွက် မူဝါဒလျှောက်လဲခြင်း၊ စည်းရုံးဆော်သြခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းလက်စွဲ

**Copyright Asia Indigenous Peoples Pact (AIPP) 2013**

The contents of this book may be reproduced and distributed for non-commercial purposes, if AIPP is notified and the authors and AIPP are acknowledged as the source.

Published by:
Asia Indigenous Peoples Pact (AIPP)
108 Moo 5, Tambon Sanpranate, Amphur Sansai,
Chiang Mai 50210, Thailand
www.aippnet.org, www.ccmin.aippnet.org, www.iphrdefenders.com

ISBN: 978 - 616 - 91258 - 7 - 7

Suggested citation:
AIPP. 2013. Training Manual on Advocacy, Lobbying and Negotiation Skills for Indigenous Peoples in Climate Change and REDD+. Asia Indigenous Peoples Pact: Chiang Mai, Thailand.

Written by: AIPP
Layout and Cover design: Asia Indigenous Peoples Pact (AIPP)
Illustrations: Aung Lart and Alex Tegge

Printed by: AIPP Printing Press Co., Ltd.

The printing press has been established with support from the European Union's European Instrument for Democracy and Human Rights

# နိဒါန်း

ဒေသခံတိုင်းရင်းသားတို့၏ ရှင်သန်နေထိုင်မှုများသည် ကာဗွန်ထုတ်လွှတ်မှုအနည်းငယ်ရှိသောကြောင့် ရာသီဥတု ပြောင်းလဲခြင်းကို အနည်းငယ်သာသက်ရောက်စေသည်။ ဤမြေဤရေတွင် ရှေးဘိုးဘေးတို့နေထိုင်လာရာ နယ်မြေဒေသဖြစ်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ထိခိုက်စေသည်ဆိုသည့် အချက်မှာ ပထမဆုံး ထိခိုက်ခံစားရပါသည်။ ဒေသခံတိုင်းရင်းသားတို့၏ ရှင်သန်နေထိုင်လုပ်ကိုင်မှုများသည် ရေရှည်တည်တံ့သော စနစ်ဖြင့် နှစ်ပေါင်းရာကျော် လုပ်ကိုင်လာခဲ့သည်ဖြစ်ရာ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သော ဆိုးကျိုးများကို လျော့ပါးသွားစေရန် ကူညီနိုင်ပါသည်။ ဤကဲ့သို့ဥာဏ်အမြော်အမြင်များဖြင့် ဒေသခံတိုင်းရင်းသားများသည် အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲခြင်း၏ စေ့စပ်ညှိနှိုင်းမှု စကားဝိုင်းတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သင့်ပါသည်။ ခိုင်မာတောင့်တင်းပြီး စနစ်တကျ ပြင်ဆင်ထားသော ကမ္ဘာအရပ်ရပ်မှ ဒေသခံတိုင်းရင်းသားတို့၏ မူဝါဒလျှောက်လဲခြင်း၊ စည်းရုံးဆော်ဩခြင်းတို့အားဖြင့် အခန်းကဏ္ဍကို ရရှိစေနိုင်ပါသည်။

ဒေသခံတိုင်းရင်းသားတို့သည် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အပြည့်အဝနှင့် ထိရောက်စွာ ပူးပေါင်းပါဝင်နိုင်ရန်၊ မြေယာ၊ အမွေအနှစ်ပိုင်ဆိုင်မှု၊ အရင်းအမြစ်ပိုင်ဆိုင်မှုများဆိုင်ရာ အခွင့်အရေးများ ရရှိရန်၊ ကမ္ဘာ့ကုလသမဂ္ဂ၏ ဒေသခံတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း (UNDRIP) ပါအချက်များတွင်ပါဝင်သော လွတ်လပ်သော၊ ကြိုတင်၊ အသိပေး၊ တိုင်ပင်မှုနှင့် လူထုသဘောထားခံယူမှု (FPIC) များကို ရရှိရန် နိုင်ငံတကာအဆင့် စေ့စပ်ညှိနှိုင်းမှုများတွင် တက်ကြွစွာ ပါဝင်ပတ်သက်နေကြသူများ ဖြစ်ပါသည်။ ဒေသခံတိုင်းရင်းသားများ၏ တောင်းဆိုမှုကို စဉ်းစားပေးခြင်းကို REDD+ CANCUN သဘောတူညီချက်တွင် တွေ့ရပါသည်။ ထိုသဘောတူညီချက်အရ ဒေသခံတိုင်းရင်းသားတို့၏အခွင့်အရေးနှင့် ရိုးရာအသိပညာကို လေးစားရမည်။ ဒေသခံတိုင်းရင်းသားတို့၏ အပြည့်အဝနှင့် ထိရောက်စွာ ပူးပေါင်းပါဝင်ခွင့်ကိုလည်း သေချာစေရမည်ဟု ပါရှိသည်။ အလားတူ ၂၀၁၀ ခုနှစ် အစည်းအဝေးတွင် ပါဝင်သူများက ပူးပေါင်းရေးဆွဲသော Cancun Adaption Framework အရ ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေမှု (Adaptation) ကို အကောင်အထည်ဖော်ရာတွင် အကောင်းဆုံးနှင့် ဖြစ်နိုင်သော သိပ္ပံပညာ၊ ဆီလျော်သော၊ ရိုးရာဓလေ့နှင့် ဒေသခံတိုင်းရင်းသားတို့၏ အသိပညာများအရသာ လုပ်ဆောင်ရမည်ဟု သဘောတူ ထုတ်ပြန်ထားပါသည်။

ဒေသခံတိုင်းရင်းသားများက အခွင့်အရေးများကို ညှိနှိုင်းယူရန် မဖြစ်နိုင်ဟု အခိုင်အမာ ဆိုကြပါသည်။ သို့သော် လက်ရှိကျွမ်းကျင်မှုများကို ပိုမိုအားကောင်းစေရန်အပြင် မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းဆိုင်ရာ စွမ်းဆောင်ရည်များကို ဒေသခံ တိုင်းရင်းသားများအား မြှင့်တင်ပေးရန် လိုအပ်သည်ဟု တိုင်းရင်းသားကိုယ်စားလှယ်များက မြင်သည်။ AIPP အဖွဲ့ဝင် အဖွဲ့အစည်းများအနေဖြင့် ဒေသခံတိုင်းရင်းသားများသည် ထိရောက်သော မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဗဟုသုတများဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပေးနိုင်သည့်လက်စွဲစာအုပ်လိုအပ်သည်ဟုထောက်ပြကြပါသည်။ထို့ကြောင့်AIPP အနေဖြင့် ယခု သင်တန်းလက်စွဲဖြစ်သည့် "ရာသီဥတုပြောင်းလဲခြင်းနှင့် REDD+ လုပ်ငန်းကြောင့် ထိခိုက်စေနိုင်သည့် ဒေသခံတိုင်းရင်းသားများအတွက် မူဝါဒလျှောက်လဲခြင်း၊ စည်းရုံးဆော်သြခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုကို ပေးနိုင်သော သင်တန်းလက်စွဲ" ကို ထုတ်ဝေရခြင်းဖြစ်ပါသည်။ ယခု သင်တန်းလက်စွဲသည် What to do with REDD?A Manual for Indigenous Trainers, Understanding Community Based REDD+: A Manual for Indigenous Community Trainers and Training Manual on Free, Prior and Informed Consent (FPIC) in REDD+ for Indigenous Peoples under the project "Climate Change partnership with Indigenous Peoples: Promoting Rights Based, Equitable and Pro-poor REDD+ Strategies in South and South East Asia."စသည့် စာအုပ်များ၏ နောက်တွင် ထုတ်ဝေသော စတုတ္ထမြောက် သင်တန်းလက်စွဲစာအုပ်ဖြစ်ပါသည်။ အခြားသင်တန်းလက်စွဲစာအုပ်များနည်းတူ ယခုစာအုပ်ကိုလည်း အာရှတိုက်ရှိ REDD နိုင်ငံများတွင် သက်ဆိုင်ရာ ဘာသာစကားဖြင့် ဘာသာပြန် ထုတ်ဝေသွားရန် ရှိပါသည်။ ဤစာအုပ်သည် အဆင့်တိုင်းရှိ ဒေသခံတိုင်းရင်းသားတို့၏ ကွန်ယက်ချိတ်ဆက်မှု၊ ကြိုးပမ်းဆဲ ဖြစ်နေသော မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းတို့အတွက် အားပေးကူညီမြှင့်တင်နိုင်မည်ဖြစ်သည်။

ဒေသခံတိုင်းရင်းသားတို့၏ လက်ရှိ ရှိနှင့်သော မူဝါဒလျှောက်လဲမှု၊ စည်းရုံးဆော်သြခြင်းနှင့် စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အဆင့်မြှင့်ပေးရန် ရည်ရွယ်ပါသည်။ ထိုနည်းတူ REDD+ အပါအဝင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းခြင်းများအတွက်ဦးဆောင်လှုပ်ရှားနိုင်သော မျိုးဆက်သစ်များအတွက်လည်း ရည်ရွယ်ပါသည်။ ဤသင်တန်းလက်စွဲသည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို လုပ်ဆောင်သော အဖွဲ့အစည်းများ၊ ဒေသခံတိုင်းရင်းသားများနှင့် ခေါင်းဆောင်များ၊ တက်ကြွလှုပ်ရှားသူများ၊ ဒေသခံတိုင်းရင်းသားအဖွဲ့ အစည်းများအတွက် သင့်လျော်ပါသည်။ ယခုလက်စွဲစာအုပ်သည် လက်တွေ့ကျသောစာအုပ်ဖြစ်ပြီး သင့်တော်သလို ကာလ၊ ဒေသအခြေအနေနှင့် လျော်ညီစွာ ပြင်ဆင်ဖြည့်စွက်အသုံးပြုနိုင်ပါသည်။

# ကျေးဇူးတင်ရှိခြင်း

အာရှဒေသခံတိုင်းရင်းသားများပဋိညာဉ်အဖွဲ့ (AIPP) နှင့် ဒေသခံ တိုင်းရင်းသားများအရေးကို လုပ်ဆောင်သော နိုင်ငံတကာအဖွဲ့ ( IWGIA) တို့အနေဖြင့် ယခု သင်တန်းလက်စွဲစာအုပ် ဖြစ်မြောက်လာစေရန်အတွက် အောက်ပါအဖွဲ့အစည်းတို့၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် လိုအပ်သည်ထက် အားထည့်လုပ်ဆောင်မှုများကို အသိအမှတ်ပြု ဂုဏ်ပြုလိုပါသည်။

- >> Aliansi Masyarakat Adat Nusantara- AMAN ( National Alliance of Indigenous Peoples of the Archipelago), Indonesia
- >> Community Knowledge and Support Association (CKSA), Lao PDR
- >> Center for Sustainable Development in the Mountainous Areas (CSDM), Vietnam
- >> Indigenous PeoplesFoundation for Education and Environment (IPF), Thailand
- >> Nepal Federation of Indigenous Nationalities (NEFIN), Nepal
- >> Non-Timber Forest Products Exchange Programme ( NTFP-EP ) for South and Southeast Asia, Cambodia
- >> Spectrum - Sustainable Development Knowledge Network (SDKN), Myanmar

အရှေ့တောင်အာရှနှင့် တောင်အာရှ စီမံကိန်းအကောင်အထည်ဖော်နိုင်ရန် နှင့် ယခု စာအုပ်အတွက် ရံပုံငွေအားဖြင့် ကူညီပံ့ပိုးပေးသော Norwegian Agency for Development and Cooperation (NORAD), the Danish International Development Agency (DANIDA), and the Swiss Agency for Development and Cooperation (SDC) တို့ကိုလည်း အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဂုဏ်ပြုဖော်ပြလိုက်ရပါသည်။

**အာရှဒေသခံတိုင်းရင်းသားများပဋိညာဉ်အဖွဲ့.(AIPP)**

**နှင့်**

**ဒေသခံတိုင်းရင်းသားများအရေးကို လုပ်ဆောင်သော နိုင်ငံတကာအဖွဲ့.၏(IWGIA)**

# အတိုကောက်စကားလုံးများ

| | |
|---|---|
| AIPP | အာရှဒေသခံတိုင်းရင်းသားများပဋိညာဉ်အဖွဲ့ |
| AMAN | Aliansi Masyarakat Adat Nusantara/National Alliance of Indigenous Peoples the Archipelago |
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ |
| CSOs | အရပ်ဖက်လူ့အဖွဲ့အစည်းများ |
| FCFP | World Banks Forest Carbon Partnership Facility |
| ILO | အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း |
| IPs | ဒေသခံတိုင်းရင်းသားများ |
| IIPFCC | ဒေသခံတိုင်းရင်းသား အဖွဲ့ အစည်းများ |
| IPOs | Indigenous PeoplesOrganizations |
| NGOs | အစိုးရမဟုတ်သော အဖွဲ့အစည်း၊ အင်န်ဂျီအိုများ |
| REDD+ | သစ်တောပြုန်းတီးခြင်းမှ ကာဗွန် ထုတ်လွှတ်မှု လျှော့ချခြင်း နှင့်သစ်တော အတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း၊ သစ်တော ကာဗွန်ကန်များ ထိန်းသိမ်းခြင်း၊ (သစ်တောထိန်းသိမ်းခြင်း)စဉ်ဆက်မပြတ်သစ်တော စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ သစ်တောကာဗွန်များတိုးပွားစေခြင်း (သစ်တောစိုက်ခင်များ တည်ထောင်ခြင်း) |
| TNA | သင်တန်းဆန်းစစ်ချက် |
| UNDRIP | ကမ္ဘာ့ ကုလသမ္မဂ္ဂ၏ ဒေသခံ တိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း |
| UNFCCC | ကမ္ဘာ့ ကုလသမ္မဂ္ဂ၏ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ညီလာခံ |
| UN-REDD | ယူအမ် ရက်ဒ် အစီအစဉ် |

# မာတိကာ


နိဒါန်း i

ကျေးဇူးတင်ရှိခြင်း ii

အတိုကောက်စကားလုံးများ iii

**အပိုင်း(၁) မူဝါဒလျှောက်လဲခြင်း(Advocacy) နှင့် စည်းရုံးဆော်သြခြင်း(Lobbying)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် နယ်ပယ်** ၁

အခန်း(၁. ၁) မူဝါဒလျှောက်လဲခြင်း၊ စည်းရုံးဆော်သြခြင်းနှင့် UNDRIP ၄

(၁. ၁. ၁) မူဝါဒလျှောက်လဲခြင်းဆိုသည်မှာအဘယ်နည်း။ စည်းရုံးဆော်သြခြင်း ဆိုသည်မှာ အဘယ်နည်း။ ၅

(၁. ၁. ၂) UNDRIP ကြေညာစာတမ်းနှင့် လူ့အခွင့်အရေးအခြေပြုချဉ်းကပ်နည်းစဉ်တို့သည် မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းတွင် အဘယ်ကြောင့် အရေးကြီးသနည်း။ ၆

အခန်း (၁. ၂) REDD တွင် မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်း အဘယ့်ကြောင့် လိုအပ်ပါသနည်း ၁၄

(၁. ၂. ၁) REDD+ ဖြစ်စဉ်တွင် အရေးပါသော မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်း ၁၄

(၁. ၂. ၂) ဒေသခံတိုင်းရင်းသားများအနေဖြင့် REDD+ နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှုများတွင် မည်သို့ ပါဝင်နိုင်မည်နည်း။ ၂၂

(၁. ၂. ၃) ဒေသခံတိုင်းရင်းသားများ၊ ရာသီဥတုပြောင်းလဲခြင်းနှင့် REDD+ အတွက် မူဝါဒလျှောက်လဲရန် မည်သည့်သတင်းအချက်အလက်များ လိုအပ်မည်နည်း။ ၂၈

အပိုင်း (၂) မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းအစီအစဉ်တစ်ခုကို စီစဉ်ဆောင်ရွက်ခြင်း ၃၁

အခန်း (၂. ၁) မူဝါဒလျှောက်လဲခြင်းဆိုင်ရာ တိုက်တွန်းလှုပ်ဆောင်နှင့် စီစဉ်ဆောင်ရွက်ခြင်း ၃၄

(၂. ၁. ၁) မူဝါဒလျှောက်လဲသည့် ကမ်ပိန်းဆိုသည်မှာအဘယ်နည်း။ မူဝါဒလျှောက်လဲသည့်ကမ်ပိန်း၏ သွင်ပြင်လက္ခဏာများမှာအဘယ်နည်း။ ၃၄

(၂. ၁. ၂) မူဝါဒလျှောက်လဲခြင်းစက်ဝန်း သံသရာ ၃၆

(၂. ၁. ၃) မူဝါဒလျှောက်လဲခြင်း ကမ်ပိန်းအစီအစဉ်တစ်ခုအတွင်း ကနဦးလုပ်ဆောင်ရမည့် အဆင့်များ ၃၇

(၂. ၁. ၄) မူဝါဒလျှောက်လဲခြင်းလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း ၅၃

(၂. ၁. ၅) လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်း ၅၄

(၂. ၁. ၆) စောင့်ကြည့်လေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် တုံ့ပြန်ဝေဖန်ခြင်း ၅၅

အခန်း (၂. ၂) မူဝါဒလျှောက်လဲမှု ကမ်ပိန်း အစီအစဉ်များတွင် စဉ်းစားသင့်သောအရာများ လိုအပ်သော အခြေခံအချက်အလက်များ ၅၈

အပိုင်း (၃) မူဝါဒလျှောက်လဲမှု ကမ်ပိန်းတွင် လိုအပ်သော မဟာဗျူဟာများ၊ ကျွမ်းကျင်မှုများနှင့် နည်းစနစ်များ ၆၅

အခန်း (၃-၁) အများကို သတင်းပေးစကား ပေးခြင်း(သို့) သတင်းလွှင့်ခြင်း ၆၈

(၃. ၁. ၁) သတင်းစကား ပေးခြင်း။ လွှင့်ခြင်း။ အသိပေးခြင်းဆိုသည်မှာ အဘယ်နည်း။ ၆၈

(၃. ၁. ၂) သတင်းစကားများဖြန့်ဝေခြင်း ပုံစံအမျိုးမျိုး အဘယ်နည်း။ မီဒီယာနှင့် အခြားပုံစံများ ဖြစ်နိုင်သည်။ ၆၉

(၃. ၁. ၃) လူထုရှေ့တွင် ဟောပြောခြင်း ၇၁

အခန်း (၃. ၂) မီဒီယာကို အသုံးပြု၍ မူဝါဒလျှောက်လဲခြင်း- ပြဿနာနှင့် သတင်းစကားများကို အများမြင်သာအောင် ချပြခြင်း ၇၇

(၃. ၂. ၁) ဘာ့ကြောင့် မီဒီယာကို သုံးရတာလဲ။ ၇၇

(၃. ၂. ၂) မီဒီယာကို အသုံးပြုနိုင်ရန်အတွက် အထွေထွေချဉ်းကပ်မှုများ ၇၈

(၃. ၂. ၃) သင်၏အကြောင်းအရာ (ပြဿနာ)များ အများသိစေရန်အတွက် အသုံးပြုနိုင်သော မီဒီယာ နည်းနာများ ၈၀

(၃. ၂. ၄) လူတွေ့မေးမြန်းခြင်းများ ၈၁

အခန်း(၃. ၃) အမြင်ဖွင့်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း ၈၄

(၃. ၃. ၁) မူဝါဒလျှောက်လဲမှုနှင့် စည်းရုံးဆော်ဩခြင်းအတွက် ဒေသခံ တိုင်းရင်းသားအဖွဲ့အစည်းများကို အမြင်ဖွင့်ခြင်းနှင့် စွမ်းဆောင် ရည် မြှင့်တင်ခြင်း ၈၄

(၃. ၃. ၂) ဒေသခံ တိုင်းရင်းသားအဖွဲ့အစည်း IPOs များကိုအားပေး မြှင့်တင်ခြင်း ၈၅

အခန်း(၃. ၄) အင်အားများကို စုစည်းခြင်း- မဟာမိတ်နှင့် ကွန်ယက်များဖွဲ့စည်းခြင်း၏ အရေးကြီးမှု ၈၆

(၃. ၄. ၁) မဟာမိတ်ဖွဲ့ခြင်းဆိုတာ ဘာလဲ။ ၈၆

(၃. ၄. ၂) ကွန်ယက်နှင့် မဟာမိတ်များ ဘာ့ကြောင့် လိုအပ်သနည်း။ ၈၇

(၃. ၄. ၃) မည်သူတို့နှင့် မဟာမိတ်ဖွဲ့သင့်သနည်း။ ၈၈

(၃. ၄. ၄) ပုံစံမကျ။စနစ်မကျသော ကွန်ယက်ချိတ်ဆက်ခြင်း ၉၂

(၃. ၄. ၅) မဟာမိတ်များ၊ကွန်ယက်များနှင့် ဆက်သွယ်ဆက်ဆံရေးကို မည်သို့ အဓွန့်ရှည်အောင် ထိန်းသိမ်းမည်နည်း။ ၉၂

အခန်း(၃. ၅) အစည်းအဝေးစားပွဲတွင် နေရာယူခြင်း-အစိုးရ၏ ဆုံးဖြတ်ချက်ချမှုများတွင် ပူးပေါင်းပါဝင်ခြင်းနှင့် စည်းရုံးဆော်ဩခြင်း ၉၃

(၃. ၅. ၁) ဘာ့ကြောင့် အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်တွင် ပူးပေါင်း ပါဝင်ရန် လိုအပ်ပါသနည်း။ ၉၃

(၃. ၅. ၂) စည်းရုံးဆော်ဩခြင်းဆိုသည်မှာ အဘယ်နည်း၊ မည်ကဲ့သို့ စည်းရုံး ဆော်ဩရမည်နည်း။ ၉၄

အခန်း (၃. ၆) လူထုလှုပ်ရှားမှု- အင်အားပြသခြင်းနှင့် နိုင်ငံရေးဇာတ်ခုံကို ပါဝင်ပြင်ဆင်ခြင်း ၁၀၁

ကိုးကားချက်များ ၁၀၅




# အပိုင်း ( ၁ ) MODULE 1

## မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်း၏နယ်ပယ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

ယခုအခန်းတွင် ဒေသခံတိုင်းရင်းသားသင်တန်းသားများအတွက် မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်း၏ သဘောတရားကို မိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မူဝါဒ လျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းသင်ခန်းစာဆွေးနွေးမှုကို ကုလသမဂ္ဂ၏ဒေသခံ တိုင်းရင်းသားများဆိုင်ရာ အခွင့်အရေးကြေညာစာတမ်း (UNDRIP) တွင် ဖော်ပြတောင်းဆို ထားသော ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးအတွက် အခိုင်အမာပြောဆိုခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းတို့နှင့် တိုက်ရိုက်ဆက်စပ် ဆွေးနွေးသွားမည်ဖြစ်ပါသည်။

နောက်ဆုံးတွင် ဒေသခံတိုင်းရင်းသားတို့၏ မူဝါဒပြောင်းလဲမှုအတွက် လျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်း**က** REDD+ အကောင်အထည်ဖော်မှုတွင် အဘယ်ကြောင့်အရေးကြီး သည်ကို လေ့လာသွားမည်ဖြစ်သည် REDD+ အကြောင်းကို ဆက်စပ်လေ့လာဆွေးမည်ဖြစ် သောကြောင့် ဒေသခံတိုင်းရင်းသားတို့၏ REDD+ ဖြစ်စဉ်အတွက် လှုပ်ရှားဆောင် ရွက်မှုများနှင့် သက်ဆိုင်သော ဒေသအတွေ့အကြုံနှင့် နိုင်ငံအလိုက်အတွေ့အကြုံများကိုလည်း လေ့လာသွားရမည်ဖြစ်ပါသည်။ ဒေသခံဌာနေတိုင်းရင်းသားများအနေဖြင့် REDD+ အကောင် အထည်ဖော်မှုဖြစ်စဉ်တွင် ထိရောက်စွာ ပါဝင်ပတ်သက်နိုင်ကြောင်းနှင့် ပူးပေါင်းရန် ဆုံးဖြတ်ပါက နိုင်ငံတော်အဆင့် REDD+ ဆိုင်ရာ အဖွဲ့အစည်းများ ( UN-REDD **နှင့် ကမ္ဘာ့ဘဏ်**) ကဲ့ သို့သော အဖွဲ့အစည်းများ )နှင့် ငွေကြေးဆိုင်ရာ ( Asian Development Bank ) ကဲ့သို့ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းလုပ်ဆောင်နိုင်စွမ်းကို သေချာအောင် ဆွေးနွေးလေ့လာသွား မည်ဖြစ်သည်။ လိုအပ်သော သတင်းအချက်အလက်များကို အထက်ဖော်ပြပါ အဖွဲ့အစည်းများမှ ရယူသွားနိုင်မည်ဖြစ်သည်။

ရည်ရွယ်ချက် - ယခုအခန်း(၁) ပြီးဆုံးသွားပါက သင်တန်းသားများအနေဖြင့် အောက်ပါတို့ကို နားလည်သွားမည်ဖြစ်သည်။

၁- မူဝါဒလျှောက်လဲခြင်း (Advocacy) နှင့် စည်းရုံးဆော်သြခြင်း (Lobbying) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် နယ်ပယ်ကို ပိုမို နားလည်လာမည်။
၂- မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းတွင် UNDRIP ၏ အရေးကြီးမှုကို နားလည်လာမည်။
၃- REDD+ အကောင်အထည်ဖော်မှုတွင် မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြ ခြင်း၏ အရေးပါမှု၊ REDD+ နှင့် သက်ဆိုင်သော တာဝန်ရှိသူများ (အစိုးရ၊ နိုင်ငံတ ကာအဖွဲ့အစည်းများ)၊ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ထိုသို့သော အဖွဲ့အစည်း များနှင့်မူဝါဒလျှောက်လဲမှုနှင့် စည်းရုံးဆော်ကြမှုများအတွက် အရေးကြီးသော သတင်း အချက် အလက်များကို ရယူနိုင်မည်။

## ကြာချိန် - ၈ နာရီ(တစ်ရက်)

## လိုအပ်သော ပစ္စည်းများ -

- ရောင်စုံဆေးပင်များနှင့် အဖြူရောင်သင်ပုန်းတွင် ရေးနိုင်သော ဆေးပင်များ
- ကပ်ခွာစာရွက်ပိုင်း(အဖြူ အဝါ)
- စာရွက်ကြီး ( စာရွက်ညို၊ စာရွက်ဖြူ )
- အဖြူရောင်သင်ပုန်းကြီး(သို့) ရေးလို့ရသော နံရံတစ်ခုခု
- စက္ကူတိတ်
- ရနိုင်ပါက- လက်တော့ကွန်ပြူတာ၊ တီဗီ၊ အယ်လ်စီဒီ၊ ဒီဗီဒီပြစက်
- AIPP မှ ထုတ်လုပ်သော UNDRIP ကာတွန်းဇာတ်လမ်းတို
- AIPP မှ ထုတ်လုပ်သော “ Forest Our Life! ” ကာတွန်းဇာတ်လမ်းတို
- AIPP ၏ UNDRIP ပိုစတာများ
- AIPP မှ ပုံနှိပ်ထုတ်ဝေထားသော စာအုပ်များ- REDD ဆိုတာဘာလဲ။ : A Guide for Indigenous communities

# အခန်း(၁. ၁)

ကြာချိန် - ၄ နာရီ

မူဝါဒလျှောက်လဲခြင်း၊ စည်းရုံးဆော်သြခြင်း နှင့် UNDRIP

## လုပ်ဆောင်ချက်(၁) မူဝါဒလျှောက်လဲခြင်း နှင့် စည်းရုံးဆော်သြခြင်း

(က) ရောင်စုံကပ်ခွာစာရွက်ပိုင်းကို သင်တန်းသားများအား ဝေမျှပါ။ အဝါရောင်သည် မူဝါဒလျှောက်လဲခြင်းအတွက်ဖြစ်ပြီး အပြာရောင်ကို စည်းရုံးဆော်သြခြင်းအတွက် အသုံးပြုရန် ဖြစ်သည်။

(ခ) ဆော့ပင်များကိုလည်း ဝေမျှထားပါ။

(ဂ) မူဝါဒလျှောက်လဲခြင်း ဆိုသည့်စကားရပ်ကို ကြားလိုက်သည့်အချိန်တွင် မိမိတို့အတွေးထဲတွင် ပေါ်ပေါက်လာသော အရေးပါသည့် လုပ်ဆောင်ချက်သဘောပါသည့် စကားလုံးနှစ်လုံးကို အဝါရောင် ကပ်ခွာစာရွက်ပေါ်တွင် ရေးချစေပါ။ ထိုနည်းတူ စည်းရုံးဆော်သြခြင်းအတွက်လည်း အပြာရောင်စာရွက်ပေါ်တွင် ရေးချစေပါ။

(ဃ) သင်တန်းသားများ ရေးပြီးလျှင် ကပ်ခွာစာရွက်များကို ပြန်လည်စုစည်းပြီး ရှေ့သင်ပုန်းပေါ်တွင် ကပ်ထားပါ။ အရောင်တူရာကို တစ်စုတည်းကပ်ထားပါ။

(င) သင်တန်းသားများမှ ရေးထားသော ထင်မြင်ချက်အတွေးများကို အနှစ်ချုပ်ပြီး အောက်ပါအဆင့်များအတိုင်း သင်ခန်းစာဆွေးနွေးမှုကို ဆက်လက်ပြုလုပ်ပါ။

## သင်တန်းဦးဆောင်သူအတွက် အကြံပြုချက်များ

(၁) ယခုအပိုင်းတွင် မူဝါဒလျှောက်လဲခြင်း၏ သဘောတရားနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ မူဝါဒလျှောက်လဲခြင်းတွင် စည်းရုံးဆော်သြခြင်း၏ အခန်းကဏ္ဍအရေးကြီးပုံကို သင်တန်းသားများ ကောင်းစွာ နားလည်သဘောပေါက်ရန် သင်တန်း ဦးဆောင်သူများအနေဖြင့် ဦးဆောင် ဆွေးနွေးရန် အထူးသဖြင့် အရေးကြီးပါသည်။ မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းစကားရပ်နှစ်ခုနှင့် သင်တန်းသားများ၏ ထင်မြင်ယူဆချက်များ ရှုတ်ထွေးမသွားရလေအောင် သေချာရှင်းလင်းပါ။ ယခုသင်တန်းဆရာလက်စွဲစာအုပ်တွင် စည်းရုံးဆော်သြခြင်းသည် ကျွန်ုပ်တို့လုပ်ဆောင်မည့် မူဝါဒပြောင်းလဲခြင်းဆိုင်ရာ လျှောက်လဲခြင်းဖြစ်စဉ်တွင် အသုံးတည့်မည့် ထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်သည်ကို မှတ်သားထားပါ။ မူဝါဒပြောင်းလဲရန် အခြားသော နည်းလမ်းများဖြင့်လည်း ကျွန်ုပ်တို့ လုပ်ဆောင်

နိုင်သည်ကိုလည်း သိထားရန် လိုပါသည်။ နောက်ပိုင်းသင်ခန်းစာအပိုင်းများတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပါသည်။ဆွေးနွေးရင်း သင်တန်းသားများအနေဖြင့်လည်း ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်သွားနိုင်ပါလိမ့်မည်။

(၂) ယခုအပိုင်းတွင် ရုပ်ရှင်တွင် ရရှိနိုင်သော သင်ထောက်ကူပစ္စည်းများဖြင့် အသုံးပြုသင်ကြားပါ။ အကယ်၍ လျှပ်စစ်မီးရရှိနိုင်ပါက AIPP မှ ထုတ်သော ကာတွန်းဗီဒီယိုကို ပြသခြင်းဖြင့် သင်ခန်းစာကို အစပြုနိုင်သည်။ ရုပ်သံများဖြင့် ပြသခြင်းသည် ရိုးရှင်းလွယ်ကူပြီး ချက်ချင်းနားလည်သဘောပေါက်နိုင်သောကြောင်း ပညာရေးတွင် ထိရောက်သော သင်ထောက်ကူတစ်မျိုးဖြစ်သည်။ လျှပ်စစ်မီးမရနိုင်ပါက AIPP နှင့် IWGIA တို့မှ ထုတ်ဝေသော (UNDRIP, REDD+ နှင့် ရာသီဥတုပြောင်းလဲခြင်း၊ အာရှဒေသခံတိုင်းရင်းသားစသည့် ) ပိုစတာများ၊ လက်ကမ်းစာစောင်များကို အသုံးပြုနိုင်ပါသည်။ သင်ခန်းစာနှင့် သက်ဆိုင်သည့် ပိုစတာများကို သင်တန်းခန်းမ ပတ်ဝန်းကျင်တွင် ကပ်ထားပေးပါက ပိုမိုထိရောက်နိုင်သည်။ မိမိတို့ကိုယ်ပိုင်ဘာသာစကားဖြင့် ထုတ်ဝေထားသော ပိုစတာများ၊ သင်ထောက်ကူများရရှိနိုင်လျှင် ပိုမိုအဆင်ပြေလွယ်ကူနိုင်ပါသည်။

(၃) ဆွေးနွေးသင်ကြားနေစဉ်တွင် သင်တန်းသားများ အိပ်ငိုက်မှုမရှိစေရန် ဟာသများ၊ ကိုယ်ပိုင်အတွေ့အကြုံများ၊ အိပ်ချင်ပြေလေ့ကျင့်ခန်းတိုလေးများ အသုံးပြုပါ။

(၄) ပါဝင်တက်ရောက်လာသော တိုင်းရင်းသားသင်တန်းသူများအနေဖြင့် မိမိတို့၏ အတွေ့အကြုံများကို သင်တန်းချိန်အတွင်း ဝေမျှခွင့်ရရှိစေပါ။

## ၁. ၁. ၁ မူဝါဒလျှောက်လဲခြင်းဆိုသည်မှာအဘယ်နည်း။ စည်းရုံးဆော်သြ၍ခြင်းဆိုသည်မှာ အဘယ်နည်း။

အခြားသူများကို လွှမ်းမိုးနိုင်ရန်အတွက် ထိရောက်သော နည်းလမ်းဖြင့် အသံ(သဘောထား)များကို ဖော်ထုတ်ခြင်းဖြစ်စဉ်ကို မူဝါဒလျှောက်လဲခြင်းဟု ခေါ်သည်။ အများပြည်သူ၊ အစိုးရ၊ ပေါ်လစီချမှတ်သူများ၊ အခြားသော ပုဂ္ဂလိက အဖွဲ့အစည်းများကို ပညာပေးခြင်းနှင့် အသိအမြင်တိုးပွားလာအောင် ဆောင်ရွက်ခြင်းအားဖြင့် လုပ်ဆောင်လေ့ရှိပါသည်။ ရပ်ရွာလူ့အဖွဲ့အစည်းကို ထိခိုက်လာသည့် ပြဿနာနှင့် ပတ်သက်ပြီး ပေါ်လစီပြောင်းလဲထိန်းညှိခြင်း၊ လိုအပ်ချက်များကို ဖြည့်စွမ်းနိုင်သည့် ဥပဒေများ၊ မူဝါဒများ၊ စီမံကိန်းများ၊ အစီအစဉ်များကို ချမှတ်လုပ်ဆောင်နိုင်ရန် လှုံ့ဆော်ခြင်းတို့ ဖြစ်သည်။

မူဝါဒလျှောက်လဲခြင်းသည် ရလဒ်ထုတ်ကုန်တစ်ခုထက် ဖြစ်စဉ်တစ်ခုဖြစ်ကြောင်းကို နားလည်ထားရန် အရေးကြီးသည်။ နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ နောက်ဆုံးနည်းလမ်းမဟုတ်ပါ။ပေါ်လစီများချမှတ်သည့် ဖြစ်စဉ်တွင် အခြေခံလူတန်းစားများနှင့် အခွင့်အာဏာမဲ့သူများ၏ ပါဝင်မှုမြင့်တက်

လာအောင် အကောင်အထည်ဖော်သည့် လူထုအမြင်မြှင့်တင်ရေးနည်းလမ်းတစ်ခုသာဖြစ်သည်။ မူဝါဒလျှောက်လဲခြင်းဖြစ်စဉ်၏ ထုတ်ကုန်(သို့) ရလဒ်မှာ ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုကောင်းမွန်သော ဥပဒေများ၊ ပေါ်လစီများ၊အစီအစဉ်များ(သို့) စီမံကိန်းများ ပေါ်ထွက်လာခြင်းဖြစ်ရမည်။

စည်းရုံးဆော်သြခြင်းမှာ တစ်နည်းအားဖြင့် မူဝါဒလျှောက်လဲခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ စည်းရုံးဆော်သြခြင်းသည် မူဝါဒပြောင်းလဲမှုအတွက် လုပ်ဆောင်သော သော့ချက်လှုပ်ရှားမှုများပင်ဖြစ်ပါသည်။

အစိုးရ၊ မူဝါဒချမှတ်သူများနှင့် စီးပွားရေးကုမ္ပဏီများ၏ ဥပဒေပြုခြင်း၊ ပေါ်လစီချမှတ်ခြင်းနှင့် စီမံကိန်းများရေးဆွဲခြင်းတို့ကို ပြည်သူလူထုအကျိုးကို ပိုမိုထိရောက်စွာ အကျိုးပြုနိုင်ရန် သိမ်းသွင်းဆွဲဆောင်နိုင်ရန်မှာ စည်းရုံးဆော်သြခြင်း၏ ရည်မှန်းချက်ဖြစ်သည်။ အရှင်းဆုံးဖော်ပြရလျှင် စည်းရုံးဆော်သြခြင်းသည် ပေါ်လစီချမှတ်သူများကို ပြဿနာတစ်ခု(သို့) စီမံကိန်းတစ်ခုအတွက် ထောက်ခံခြင်းနှင့်ဆန့်ကျင်ကန့်ကွက်ခြင်းတို့ကို လုပ်ဆောင်ရန်အတွက် သိမ်းသွင်းစည်းရုံးခြင်းသာ ဖြစ်သည်။ ပိုမိုအသေးစိတ်ရလျှင် စည်းရုံးဆော်သြရခြင်း၏ရည်ရွယ်ချက်မှာ လူနည်းစု (အထူးသဖြင့် ဒေသခံတိုင်းရင်းသားများ)၏ အခွင့်အရေး၊ စိတ်ဝင်စားမှုများကို ကာကွယ်ရန် ဖြစ်သည်။ လူများစု၏ လောဘကြောင့် ပျက်စီးသွားနိုင်သည့် လူနည်းစု၏ဘဝများ၊ အခွင့်အရေးများ၊ စိတ်ဝင်စားမှုများကို ကာကွယ်ပြောဆိုပေးရန် ဖြစ်ပါသည်။

> **!** မှတ်ချက်။ ။စည်းရုံးဆော်သြခြင်းသည် မူဝါဒလျှောက်လဲခြင်းအတွက် အဓိက လုပ်ဆောင်သည့်လုပ်ဆောင်ချက်များဖြစ်သည်။ မူဝါဒပြောင်းလဲရန်အတွက် အရေးကြီးသော လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။စည်းရုံးဆော်သြရာတွင် မူဝါဒချမှတ်နိုင်သူများကို ကျွန်ုပ်တို့ဘက်တွင် ပါလာနိုင်ရန် လုပ်ဆောင်ခြင်းဖြစ်သည်။

## ၁. ၁. ၂ UNDRIP ကြေညာစာတမ်းနှင့် လူ့အခွင့်အရေးအခြေပြုချဉ်းကပ်နည်းစဉ်တို့သည် မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းတွင် အဘယ်ကြောင့် အရေးကြီးသနည်း။

### လုပ်ဆောင်ချက်(၂) UNDRIP ကြေညာစာတမ်းကို လေ့လာခြင်း

(က) AIPP မှ ရိုက်ကူးထုတ်လုပ်ထားသော UNDRIP ကာတွန်းဗီဒီယိုကို ပြသပါ။

(ခ) ဗီဒီယိုကို ကြည့်ရှုပြီးနောက် ဆွေးနွေးနိုင်ရန် အောက်ပါမေးခွန်းများကို မေးပေးပါ။

- ဗီဒီယိုမှတ်တမ်းကို ကြည့်ပြီးသွားတဲ့အခါမှာ ဒေသခံတိုင်းရင်းသားတွေအနေနဲ့ မိမိတို့အခွင့်အရေးအတွက် အခိုင်အမာ တောင်းဆိုခြင်းဖို့ အဘယ့်ကြောင့်အရေးကြီးပါသလဲ။



- မူဝါဒလျှောက်လဲတဲ့ ဖြစ်စဉ်တွေမှာ UNDRIP က ဘာ့ကြောင့် အရေးကြီး။ ပါရသလဲ။

(ဂ) ဆွေးနွေးချက်များကို အနှစ်ချုပ်ပေးပြီး အောက်ပါ သင်ခန်းစာကို ထည့်သွင်းဝေမျှပေးပါ။ AIPP မှ ထုတ်ဝေသော ပညာပေးပိုစတာများကို အသုံးပြု၍လည်း သင်တန်းသားများကို ပိုမိုနားလည်အောင် လုပ်ဆောင်နိုင်ပါလိမ့်မည်။

ဒေသခံတိုင်းရင်းသားများအနေဖြင့် မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းလုပ်ငန်းစဉ်များတွင် လူ့အခွင့်အရေးများသည် ဗဟိုဇာစ်မြစ်ဖြစ်ကြောင်း ထပ်တလဲလဲဖော်ပြပြောဆိုနိုင်ရန် အရေးကြီးပါသည်။

လူ့အခွင့်အရေးအခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ပြဿနာ တစ်ခုတည်းအပေါ်တွင် ခြုံငုံသတ်မှတ်သည့်အစား ဆင်းရဲမွဲတွေမှုနှင့် ဖယ်ကျဉ်ခံထားရမှုများ၏ အကြောင်းအရင်း ဇာစ်မြစ်များကို မြင်တွေ့နိုင်ရန် အားပေးပါသည်။

ကမ္ဘာပေါ်တွင် သန်းပေါင်း ၃၇၀သော လူဦးရေသည် ဒေသခံတိုင်းရင်းသားများဖြစ်ကြပြီး အဆင်းရဲဆုံးနှင့် ဖယ်ကျဉ်ခံထားရသူများဖြစ်ပါသည်။ အာရှတိုက်သည် အထက်ပါ လူဦးရေ၏ သုံးပုံနှစ်ပုံခန့်ရှိသော ဒေသခံတိုင်းရင်းသားတို့၏ နေအိမ်ပင်ဖြစ်ပါသည်။ အခြားတိုင်းနိုင်ငံနှင့် ဒေသများမှ ညီအစ်ကိုမောင်နှမများနည်းတူ အာရှဒေသရှိ ဒေသရင်း၌နေတိုင်းရင်းသားများမှာ ဖွံ့ဖြိုးမှုလှေကားထစ်၏ အောက်ဆုံးအဆင့်တွင်သာ ရှိနေကြပါသည် ။ အမှန်အားဖြင့် အာရှဒေသခံတိုင်းရင်းသားများသည် ဆင်းရဲသားများ၊ စာမတတ်သူများ၊ အာဟာရဓာတ်ချို့တဲ့သူများနှင့် ကျန်းမာခြင်းချို့တဲ့သူများ၏ ကိုယ်စားလှယ်များအဖြစ် ဖော်ပြခြင်းပင် ခံရပါသည်။

နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုများအရ ဖယ်ကျဉ်ထားခြင်းကို ခံရသည့်အတွက် နေ့စဉ်အခြေခံနေထိုင်မှုနှင့် သက်ဆိုင်သည့် တစ်ဦးချင်း အခွင့်အရေးများကို ဆုံးရှုံးခံနေကြရသူများလည်း ဖြစ်ပါသည်။ နေ့စဉ်နှင့်အမျှ အာရှဒေသရှိ ဒေသရင်းဌာနေတိုင်းရင်းသားအများစုသည် လူမျိုးကြီးဝါဒနှင့် အဆင့်အတန်းခွဲခြားခြင်းတို့ကို ကြုံတွေ့ခံစားနေကြရသည်။ ၎င်းတို့၏ ဘိုးဘေးစဉ်လာပိုင်ဆိုင်မှုများသည်လည်း ၎င်းတို့၏အခွင့်အရေးများ၊ အထူးသဖြင့် မြေယာများ၊ ပိုင်ဆိုင်မှုအမွေအနှစ်များ ၊ အရင်းအမြစ်များကို ကျူးကျော်သိမ်းပိုက် စော်ကားသည့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသော စီးပွားရေးစီမံကိန်းများ၊ ကုမ္ပဏီများ၏ စီမံကိန်းများအတွက် ပေးဆပ်လိုက်ရသည်။ ဖယ်ကျဉ်ခံထားရခြင်း၊ အရင်းအမြစ်များကို ပွဲလန့်ဖျာခင်းခြင်း၊ အတင်းအဓမ္မနေရာပြောင်းရွှေ့ခြင်း၊ယဉ်ကျေးမှုအရ ဝါးမြိုခြင်းနှင့် ဖိနှိပ်ချုပ်ချယ်ခြင်းတို့သည် ဒေသခံတိုင်းရင်းသားများ၏ နေ့စဉ်ကြုံတွေ့ရသော ဘုံအတွေ့အကြုံများပင်ဖြစ်ပါသည်။



“ ဒေသခံတိုင်းရင်းသားများအတွက် ဖွံ့ဖြိုးရေးပန်းတိုင်ဆိုသည်မှာ တစ်ဦးချင်းနှင့် စုပေါင်းကောင်းစားခြင်းကို ဆိုလိုပါသည်။ ဒေသခံတိုင်းရင်းသားများ၏ ဖွံ့ဖြိုးရေးနှင့် ကောင်းစားခြင်းသည် လေးစားခြင်း၊ အသိအမှတ်ပြုခြင်း၊ ကာကွယ်ပေးခြင်း၊ တစ်ဦးချင်းနှင့် စုပေါင်းအခွင့်အရေးများ ရရှိပျော်ရွှင်ခြင်းတို့နှင့် တိုက်ရိုက်ဆက်စပ်မှုရှိပါသည်။ မြေယာ၊ ဘိုးဘေးအမွေအနှစ်၊ အရင်းအမြစ်များနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များနှင့်လည်း အပြန်အလှန်ဆက်စပ်မှုရှိသည်ဖြစ်ရာ သီးခြားမြင့်မြတ်သည့် ဝိသေသများ၊ ယဉ်ကျေးမှုများ၊ ယုံကြည်ရှင်သန်မှုများ၊ လူမှု-နိုင်ငံရေးအဆောက်အအုံများ ပေါ်ထွက်လာစေသည့် အခြေခံအုတ်မြစ် လည်း ဖြစ်ပါသည်။

သို့သော်လည်း ဒေသခံတိုင်းရင်းသားများအနေဖြင့် နေ့စဉ်ကြုံတွေ့နေရသော ဖိနှိပ်ချုပ်ခြယ်မှုများသည် ၄င်းတို့၏ တစ်ဦးချင်း အခွင့်အရေးကို ထိပါးစော်ကားခြင်းမျိုးမဟုတ်ဘဲ သီးခြားလူမျိုးစုတစ်ခု၏ အခွင့်အရေးများကို စော်ကားသကဲ့သို့ ဖြစ်နေပါသည်။ ထို့ကြောင့် ဒေသခံတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (UNDRIP) နှင့် လွတ်လပ်ပြီးနိုင်ငံများရှိ လူမျိုးစုနှင့် ဒေသရင်းဌာနေတိုင်းရင်းသားများဆိုင်ရာ ILO သဘောတူညီချက်အမှတ် ( ၁၆၉ ) တို့သည် အဆိုပါ ဖိနှိပ်မှုများအတွက် ပြန်လည်အရေးဆိုရန် အသုံးတည့်သည့် ကိရိယာများ ဖြစ်ပါသည်။ အဆိုပါ အချက်အလက်များသည် စုပေါင်းအခွင့်အရေးများကို ဖော်ပေးထည့်သွင်းထားသောကြောင့် ဖြစ်သည်။

ထိုသို့သော အထောက်အထားများကြောင့် လူ့အခွင့်အရေးအခြေပြုချဉ်းကပ်မှုနည်းစဉ်သည် ဒေသခံတိုင်းရင်းသားများအတွက် မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်ဩခြင်းတို့တွင် အသုံးဝင်သော မူဘောင်တစ်ခုဖြစ်သင့်သည်။ မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်ဩခြင်းလုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ ဒေသခံတိုင်းရင်းသားတို့၏ တစ်ဦးချင်းနှင့် စုပေါင်းအခွင့်အရေးများကို ရေရှည်တည်တံ့သော နည်းစနစ်များအားဖြင့် တောင်းဆိုတတ်သည့် အသိအမြင်၊အတတ်ပညာများရရှိသွားစေရန် ဖြစ်ပါသည်။

# UNDRIP အကျဉ်းချုပ်

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး

ဒေသခံတိုင်းရင်းသားတိုင်းတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရှိသည်။ ဆိုလိုသည်မှာ မိမိတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစနစ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ပိုင်လွတ်လပ်စွာ ဆုံးဖြတ်စီရင်ပိုင်ခွင့်ရှိသည်။

၎င်းတို့၏ သီးခြားနိုင်ငံရေး၊ ဥပဒေရေးရာ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာစသည့် အခြေခံအဆောက်အအုံများကို ထိန်းသိမ်းခြင်း၊ အားပေးမြှင့်တင်ခြင်းတို့အတွက် လုပ်ဆောင်ပေးရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် တစ်တိုင်းပြည်လုံးနှင့် သက်ဆိုင်သည့် အဆိုပါ ကိစ္စရပ်များတွင်လည်း အပြည့်အဝ ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်သူများဖြစ်ပါသည်။

၎င်းတို့၏ ကိုယ်ပိုင်ဝိသေသလက္ခဏာများနှင့် အဖွဲ့ဝင်ဖြစ်မှု၊ ၎င်းတို့၏ နည်းနာ၊ ရိုးရာစနစ်များအတိုင်း လူမျိုးစုခေါင်းဆောင်ရွေးချယ်မှုနှင့် ဖွဲ့စည်းပုံရေးဆွဲခြင်းတို့ကို ကိုယ်ပိုင်စိတ်ဆန္ဒ၊ ဓလေ့ထုံးတမ်းများအတိုင်း လုပ်ပိုင်ခွင့်ရှိသည်။

## မြေယာ၊ ပိုင်နက်နှင့် အရင်းအမြစ်များ ရရှိခွင့် အခွင့်အရေး

ဒေသခံတိုင်းရင်းသားတိုင်းတွင် မြေယာ၊ ပိုင်နက်နှင့် အရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့်၎င်းတို့၏ မိရိုးဖလာစနစ်များအတိုင်း အသုံးပြု၊ တိုင်းတာ၊ ပိုင်ဆိုလာကြသည့် မြေယာ၊ ပိုင်နက်နှင့် အရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် တရားဝင်အသိအမှတ်ပြုခြင်းတို့ကို လုပ်ဆောင်ပေးရန် တာဝန်ရှိသည်။

ဒေသခံတိုင်းရင်းသားများတွင် အနာဂတ်မျိုးဆက်သစ်များအတွက် ရည်စူးပြီး တာဝန်သိစွာ လုပ်ဆောင်သည့် မြေယာ၊ ပိုင်နက်၊ အရင်းအမြစ်များနှင့် ပတ်သက်သော ယုံကြည်ကိုးကွယ်မှုများကို ထိန်းသိမ်းခွင့်နှင့် မြှင့်တင်ခွင့်ရှိသည်။
နိုင်ငံတော်အစိုးရအနေဖြင့် ဒေသခံတိုင်းရင်းသားများနှင့် သက်ဆိုင်သော မြေယာ၊ ပိုင်နက်နှင့် အရင်းအမြစ်ဆိုင်ရာ အရေးကိစ္စများပေါ်ပေါက်လာပါက သက်ညှာထောက်ထားမှု၊ ပွင့်လင်းမြင်သာမှုနှင့် အများသိ အမြင်ရှင်းဖြစ်မှုတို့ကိုအခြေခံ၍ ဖြေရှင်းပေးရန် တာဝန်ရှိသည်။

## လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထား ရယူခြင်းဖြစ်စဉ် ( FPIC ) အခွင့်အရေး

ဒေသခံတိုင်းရင်းသားတိုင်းတွင် အောက်ပါကိစ္စရပ်များနှင့် ပတ်သက်ပြီး လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူမှုဖြစ်စဉ် ( FPIC ) အခွင့်အရေး ရှိပါသည်။

(က) ၎င်းတို့၏ မြေယာ၊ ပိုင်နက်များပေါ်မှ အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း(သို့) ပြန်လည်နေရာချခြင်းကို ဖြစ်ပေါ်စေနိုင်သည့် လုပ်ဆောင်ချက်များ

(ခ) ၎င်းတို့၏အခွင့်အရေးများကို ထိခိုက်စေနိုင်သည့် အစိုးရ၏ တည်ဆဲ(သို့)အသစ်ရေးဆွဲသော ဥပဒေ၊ စည်းကမ်း၊ ညွှန်ကြားချက်များပြောင်းလဲသည့်အခါများ

(ဂ) ၎င်းတို့၏ မြေယာ၊ ပိုင်နက်နှင့် အရင်းအမြစ်များကို ထိခိုက်ပျက်စီးစေနိုင်သည့် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများ၊ သတ္တုများ၊ ရေအရင်းအမြစ်နှင့်အခြားသော အရင်းအမြစ်များကို အသုံးပြုခြင်းနှင့် ကျူးကျော်သိမ်းပိုက်ခြင်းများ

(ဃ) ၎င်းတို့၏ မြေယာ၊ပိုင်နက်များကို အဆိပ်အတောက်(သို့)အသက်အန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများ သိုလှောင်ခြင်း(သို့) စွန့်ပစ်ခြင်းများ

လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းဖြစ်စဉ် ( FPIC ) အခွင့်အရေး ဆိုသည်မှာ ဒေသခံတိုင်းရင်းသားများအနေဖြင့် စီမံကိန်းအကောင်ထည်ဖော်မှုကို ရပ်တန့်ခွင့်၊ ဆက်လက်လုပ်ဆောင်ခွင့်အကောင်အထည်ဖော်မှုဖြစ်စဉ်များတွင်ပူးပေါင်းပါဝင်ခွင့် စသည့် ပွင့်လင်းမြင်သာစွာ ပါဝင်ပတ်သက်ခြင်းတို့ကို ဒေသရင်းခံရင်းသားများကိုယ်တိုင် တိုင်ပင်ဆွေးနွေးပြီးမှ ဆုံးဖြတ်ချက်ချမှတ်သည့်ဖြစ်စဉ်မျိုးကို ဆိုလိုပါသည်။ ၎င်းတို့ခွင့်ပြုမှသာလုပ်ဆောင်ခွင့်ရှိသည်။ ခွင့်မပြုလျှင် လုံးဝ မလုပ်ရသော သဘောတရားဖြစ်သည်။

## ဖွံ့ဖြိုးတိုးတက်ခွင့်

ဒေသရင်းခံတိုင်းရင်းသားတိုင်းတွင် ၎င်းတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့် ယဉ်ကျေးမှုရေးရာ လူမှုအဆောက်အအုံများကို ထိန်းသိမ်းမြှင့်တင်ခွင့်၊ ရိုးရာနည်းအပါအဝင် စီးပွားရေးလုပ်ဆောင်ချက်များတွင် လွတ်လပ်စွာ ပါဝင်ပြီး မိမိတို့၏ဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက်ဖူလုံစေရန် လုပ်ဆောင်ခွင့် ရှိသည်။ အဆိုပါ အခွင့်အရေးများမရခြင်းသည် တရားမျှတခြင်းနှင့် မျှမျှတတဖြစ်ခြင်းကို ပြုပြင်ရန် လိုအပ်သည်ဟု ဆိုလိုလိုက်ခြင်းဖြစ်သည်။ ၎င်းတို့၏ ကိုယ်ပိုင်ဖွံ့ဖြိုးရေးအတွက် ဦးစားပေးမှုများနှင့် ဗျူဟာများကို ဖော်ထုတ်ရွေးချယ်ခြင်း၊ ကျန်းမာရေး၊

အိုးအိမ်နှင့် အခြားသော စီးပွားရေးနှင့် လူမှုရေးအစီအစဉ်များတွင် မိမိတို့၏ ယုံကြည် သက်ဝင်မှုနှင့် ရိုးရာဓလေ့များအတိုင်း စီမံဆောင်ရွက်မှုများတွင် တက်ကြွစွာ ပူးပေါင်း ပါဝင်ခွင့် ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီး၊ လူငယ်၊ ကလေးများနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် လိုအပ်ချက်အပါအဝင် ဒေသခံတိုင်းရင်းသားများ ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ ကောင်းမွန်တိုးတက်စေရန်အတွက် အထူး စပါရှယ် အကောင်အထည်ဖော်လုပ်ဆောင်ပေးရမည်။

## ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တည်ဆောက်ထိန်းသိမ်းခွင့်

ဒေသခံတိုင်းရင်းသားနှင့် လူသားတစ်ယောက်စီတိုင်းတွင် မိမိတို့၏ ယုံကြည်မှု၊ ရိုးရာ ဓလေ့များကို ဖျက်စီးခြင်း(သို့) အတင်းအဓမ္မလက်သင့်ခံလိုက်ရခြင်း မခံရရန် အခွင့် အရေးရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့ ဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် ကောင်း မွန်သော အုပ်ချုပ်မှု ယန္တရားများဖြင့် ကာကွယ်၊ စီမံထားပေးရမည်။

ဒေသခံတိုင်းရင်းသားများတွင် ရိုးရာအခမ်းအနားများဆိုင်ရာ ပစ္စည်းများကို အသုံးပြု ခြင်းနှင့် ထိန်းချုပ်ခြင်း၊ မိမိတို့၏ လူမျိုးများကို နေရပ်ဌာနေသို့ ပြန်လည်ခေါ်ယူခြင်း အပါအဝင် မိမိတို့၏ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို သင်ကြား ခြင်း၊ ဖော်ပြခြင်း၊ လက်တွေ့ကျင့်ခြင်း၊ ဖော်ထုတ်ခြင်း၊ နေ့ကြီးရက်ကြီး အမျိုးသားနေ့ အခမ်းအနားများ လုပ်ဆောင်ခြင်းအခွင့် ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အထက် ပါ လုပ်ဆောင်မှုများကို လက်တွေ့အမှန်တကယ်လုပ်ဆောင်နိုင်ရန် ၎င်းတို့၏ တန်ဖိုး ထားမှုနှင့် သဘောဆန္ဒများအတိုင်း နည်းလမ်းများ၊ အုပ်ချုပ်မှု ယန္တရားများအားဖြင့် ပံ့ပိုးပေးထားရမည်။

ဒေသခံတိုင်းရင်းသားများတွင် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာ အသိပညာ ဗဟုသုတများ၊ ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာများအပါအဝင် ရိုးရာသိပ္ပံနည်းပညာ များနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းခြင်း၊ ထိန်းချုပ်ခြင်း၊ ကာကွယ်ခြင်းနှင့် ဖော်ထုတ် ခြင်းအခွင့်ရှိသည်။ နိုင်ငံတော်အနေဖြင့် အဆိုပါ အခွင့်အရေးများကို အသိအမှတ်ပြု ပေးရန်နှင့် ကာကွယ်ပေးရန် တာဝန်ရှိသည်။

## ပညာရေးလွတ်လပ်ခွင့်

ဒေသခံတိုင်းရင်းသားများတွင် မိမိတို့၏ ကိုယ်ပိုင်ဘာသာစကားနှင့် သင် ကြားနည်းစနစ်များအားဖြင့် ပညာရေးဆိုင်ရာ စနစ်များနှင့် အဆောက်အအုံများ ကို တည်ထောင်ခွင့်နှင့် ထိန်းသိမ်းခွင့်ရှိသည်။ နိုင်ငံတော်မှ ပြင်ဆင်ပြဋ္ဌာန်းသော

ပညာရေးဆိုင်ရာ အဆင့်များနှင့် သင်ရိုးပုံစံများကိုလည်း ရရှိခွင့်ရှိသည်။ နိုင်ငံတော် အစိုးရအနေဖြင့် ဒေသခံတိုင်းရင်းသားတစ်ဦးချင်းသည် ပညာသင်ကြားခွင့် ကိုဖြစ်နိုင်လျှင် မိမိတို့၏ ကိုယ်ပိုင်ဘာသာစကားနှင့် ကိုယ်ပိုင်ယဉ်ကျေးမှု သင်ပုံသင် နည်းများအားဖြင့် ရရှိနိုင်စေရန် ထိရောက်စွာ လုပ်ဆောင်ပေးရမည့် တာဝန်ရှိသည်။ ဒေသခံတိုင်းရင်းသားများတွင် ပညာရေးနှင့် လူထုပညာပေးအစီအစဉ်များမှ ပေါ်ထွက်လာသော ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ သမိုင်းအစဉ်အလာများ၊ နှင့် ကိုယ်ပိုင် ရည်မှန်းရာများကို ဂုဏ်သိက္ခာရှိစွာနှင့် ကွဲပြားလှပစွာ ပိုင်ဆိုင်ဖြစ်တည်ခွင့်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ထိရောက်သော လုပ်ဆောင်ချက်များဖြင့် အရိုးစွဲ နိမ့်ချ ပြောမှုများနှင့် ဖိနှိပ်မှုများ လျော့ပါးသွားစေရန် လုပ်ဆောင်ပေးရမည်။ ထို့အပြင် စိတ်ရှည်သည်းခံမှုနှင့် ဒေသခံတိုင်းရင်းသား နှင့် အခြားသော လူမျိုးကြီးများ အကြား အပြန်အလှန်နားလည်မှုများ တိုးတက်ကောင်းမွန်လာစေရန် စီစဉ်ဆောင် ရွက်သင့်သည်။

## ကျန်းမာရေးခံစားခွင့်

ဒေသခံတိုင်းရင်းသားများတွင် မိမိတို့၏ တိုင်းရင်းဆေးများဖြင့် ကုသခြင်း၊ သုံးစွဲခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကိုထိန်းသိမ်း ခွင့်ရှိပြီး အဆင့်မြင့်သော ကာယနှင့် စိတ်ကျန်းမာရေးဝန်ဆောင်မှုများကိုလည်းရရှိခံစား ခွင့်ရှိသည်။ အဆိပ်သင့်ခြင်းနှင့် အန္တရာယ်များဖြစ်ပေါ်လာသည့်အခါတွင် ထိရောက် သော ဆေးကုသမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်ရန် နိုင်ငံတော်မှ စနစ်ကျ သော စီမံခန့်ခွဲမှုများဖြင့် ပြင်ဆင်လုပ်ဆောင်ထားရမည်။ ထိုသို့ ဖြစ်ပေါ်လာခြင်း ကြောင့် ပြန်လည်ပြုပြင် အကောင်အထည်ဖော်လုပ်ဆောင်ရာတွင်လည်း အမှန်တ ကယ် ကြုံတွေ့ခံစားရသူတို့၏ အမြင်၊ အကြံပြုချက်နှင့် ဒေသနှင့် ကိုက်ညီမှုများ အတိုင်း လုပ်ဆောင်ပေးရန် အစိုးရမှ တာဝန်ရှိသည်။

# အခန်း ၁. ၂

REDD+ ကို
ပြန်လည်လေ့လာခြင်း၊
REDD+
ဆိုတာဘာလဲ။

ကြာချိန် - ၄ နာရီ

## လုပ်ဆောင်ချက်(၃) REDD+ကို ပြန်လည်လေ့လာခြင်း၊ REDD+ ဆိုတာဘာလဲ။

(က) AIPP မှ ရိုက်ကူးဖန်တီးထားသော 'Our forest our Life' ဗီဒီယိုကို ပြသပါ။

(ခ) သင်တန်းသားများကို 'ဇာတ်လမ်းထဲမှာ ဘယ်အချက်တွေက အဓိကကျသလဲ' ဟူသော မေးခွန်းမေးပြီး ဆွေးနွေးပါ။

(ဂ) သင်တန်းဦးဆောင်သူမှ အနှစ်ချုပ်ပြီး REDD + အကြောင်းကို အကျဉ်းချုပ်ရှင်းပြပေးပါ။ REDD+ ပေါ်ပေါက်လာပုံသမိုင်းကြောင်းကို ရှင်းလင်းဝေမျှပေးပါ။ What is REDD+? A Guide for Indigenous communities စာအုပ်ကို အသုံးပြုနိုင်သည်။

(ဃ) သင်တန်းဦးဆောင်သူမှ အောက်ပါ အချက်အလက်များအပေါ်တွင် အခြေခံ၍ REDD+ အကောင်အထည်ဖော်မှုအကြောင်းကို ရှင်းလင်းဝေမျှနိုင်ပါသည်။

## ၁. ၂. ၁ REDD+ ဖြစ်စဉ်တွင် အရေးပါသော မူဝါဒလျှောက်လဲခြင်း နှင့် စည်းရုံးဆော်သြခြင်း

၂၀၁၀ ခုနှစ် မက္ကဆီကိုနိုင်ငံ၊ ကင်ချွန်းမြို့တွင် ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညီလာခံ ( UNFCCC ) မှ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကို ကာကွယ်နိုင်ရန် သစ်တောထိန်းသိမ်းခြင်းအားဖြင့် REDD+ သည် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းကို ထိန်းချုပ်သည့်ဖြစ်စဉ်အား အထောက်အကူဖြစ်စေနိုင်သည့်နည်းလမ်းတစ်ခုဖြစ်သည်ဟု လက်ခံအတည်ပြုခဲ့ကြသည်။REDD+ ကို မည်သို့ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများအတွက် ညှိနှိုင်းနေခြင်းများသည် ထိုအချိန်မှစ၍ ဖြည်းဖြည်းချင်း တိုးတက်လျက်ရှိပါသည်။

စုစည်း-နိုင်ငံများ (UNFCCC တွင် လက်မှတ်ရေးထိုးသည့် နိုင်ငံများ) သည်လည်း လုံခြုံကာကွယ်စနစ်တစ်ခုအဖြစ် REDD+ ကို လက်ခံသဘောတူပြီး REDD+ သည် သစ်တောသဘာဝပတ်ဝန်းကျင်နှင့် ယင်းသဘာဝပတ်ဝန်းကျင်အနီးတွင် နေထိုင်ကျက်စားသော လူ၊ သတ္တဝါများအတွက် အဖျက်သဘောဆောင်သော ရလဒ်များ ပေးစွမ်းလိမ့်မည်မဟုတ်ဟု လက်ခံထားကြသည်။ အဆိုပါ လုံခြုံမှုစနစ်ကို လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံမှုစနစ်တွင် ပူးတွဲချိတ်ဆက်ပေးနိုင်သည်။

စေ့စပ်ညှိနှိုင်းမှုတွင် ဒေသခံတိုင်းရင်းသားများက ၎င်းတို့၏ တောင်းဆိုမှုများကို ထည့်သွင်းစဉ်းစားရန် အောင်မြင်စွာ စည်းရုံး ဆော်ဩနိုင်ခဲ့ကြသည်။ ရလဒ်အနေဖြင့် လူမှုရေးဆိုင်ရာ လုံခြုံမှုအကာအကွယ်စနစ်တွင် UNDRIP တွင် ပါရှိသည့်အတိုင်း ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးများကို ထည့်သွင်းအသိအမှတ်ပြုရန်၊ ရိုးရာ အသိပညာများကို အသိအမှတ်ပြုလေးစားရန်နှင့် REDD+အကောင်အထည်ဖော်မှုတွင် ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုကိုလည်း လက်ခံရန် ဆော်ဩနိုင်ခဲ့ကြသည်။

REDD+ နိုင်ငံများတွင် မည်ကဲ့သို့ REDD+ ကို အကောင်ထည်ဖော်နေကြောင်း ကြီးကြပ်စောင့်ကြည့်နိုင်ရန် နှင့် ပြန်လည်အစီရင်ခံနိုင်သည့် စောင့်ကြည့်လေ့လာသတင်းပေးမှုစနစ်များကို ဖော်ထုတ်ပြီး သစ်တောသံယံဇာတများကို စောင့်ကြည့်စုစည်းရန်-နိုင်ငံများက သဘောတူခဲ့ကြသည်။ထိုနည်းတူ Safeguard Information System ( SIS ) စနစ်တစ်ခုကို ဖော်ထုတ်ပြီး သတင်းအချက်အလက်များကို လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံမှုအကာအကွယ်စနစ်ထဲတွင် လေးစားမှုနှင့် သက်ရောက်မှုရှိမရှိကိုလည်း စောင့်ကြည့်သွားရန် သဘောတူကြသည်။ ပြည်တွင်းသစ်တောများ စောင့်ကြည့်လေ့လာခြင်းနှင့် SIS စနစ်ကို ပူးတွဲ အသုံးပြုပြီး REDD+ အတွက် လက်မှတ်ရေးထိုးထားသော တိုင်းပြည်များတွင် အကောင်အထည်ဖော်ရန် သဘောတူကြသည်။

REDD+ အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး UNFCCC တွင် စေ့စပ်ညှိနှိုင်းသဘောတူခြင်း၏ ရလဒ်အဖြစ် အောက်ပါတို့ကို ရရှိခဲ့ကြသည်။



ဒေသခံ /ဌာနေတိုင်းရင်းသား ကိုယ်စားလှယ်များရာသီဥတုပြောင်းလဲခြင်း ညှိနှိုင်းအစည်းအဝေး ကြိုတင်အစည်းအဝေးထိုင်နေပုံ

၂၀၁၁ ခုနှစ်၊ တောင်အာဖရိက၊ ဒါဘန်းမြို့တွင် ကျင်းပသော ရာသီဥတုဆိုင်ရာ ညီလာခံတွင် REDD+ နိုင်ငံများအားလုံးသည် အောက်ခြေအဆင့်တွင် လုံခြုံမှုအကာအကွယ်စနစ်၏ အကောင်အထည်ဖော်မှု၊ REDD+ လုပ်ဆောင်မှုအဆင့်တိုင်းတွင် လုံခြုံမှုအကာအကွယ် စနစ်မှရရှိသော အချက်အလက်များ၏ ထိရောက်စွာ အရေးပါမှု၊ အစီရင်ခံစာကို တိုင်းပြည်၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ထည့်သွင်းပြီး UNFCCC အစည်းအဝေးတွင် တင်သွင်းရန် သဘောတူညီမှု စသည်တို့ဖြစ်ပါသည်။

* ၂၀၁၂ ခုနှစ်၊ ဒိုဟာမြို့တွင်မူ နိုင်ငံအချို့က REDD+ အကောင်အထည်ဖော်မှု နှင့် ပတ်သက်၍ နိုင်ငံတော်အဆင့် ထိန်းသိမ်းသစ်တောများထားရှိရန် သဘောထားများကိုထုတ်ဖော်ကြသည်။ ရလဒ်အနေဖြင့် ပြဿနာအချို့ကို သဘောမတူနိုင်ဘဲ ဖြစ်သွားကြသည်။ ထိုအထဲတွင် နည်းပညာဆိုင်ရာ ( မှီငြမ်းရမည့် အထောက်အထားအဆင့်သတ်မှတ်ခြင်း နှင့် ကာဗွန်ထုတ်လွှတ်ခြင်းကို အဆင့်သတ်မှတ်ခြင်း )ပြဿနာနှင့် နိုင်ငံအလိုက် လုံခြုံမှုအကာအကွယ်စနစ် တည်ထောင်ခြင်းဆိုင်ရာ ပြဿနာတို့ ပါဝင်သည်။ ပြဿနာများကို မဖြေရှင်းရခြင်း အကြောင်းရင်းများကို စုစည်း-နိုင်ငံများက အကိုးအကားများစွာဖြင့် တင်ပြလာကြသည်။ အတိအကျအနေဖြင့်ဆိုရလျှင် နိုင်ငံများအနေဖြင့် အစီရင်ခံခြင်း၊ နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် ပြည်တွင်းပြဿနာများကို အတည်ပြုပြောဆိုခြင်းနှင့် ပတ်သက်ပြီး အငြင်းပွားမှုများရှိခဲ့ကြသည်။

* REDD+ နိုင်ငံများသည် နိုင်ငံတော်အဆင့်တွင် REDD+ ကို အကောင်အထည်ဖော်မှုများရှိနေသကဲ့သို့ အဆိုပါတိုင်းပြည်များ ၏ ပြည်တွင်းရေးအခြေအနေ သည်လည်း REDD+ အကောင်အထည်ဖော်မှု နှင့်အတူ တဖြည်းဖြည်း စီးမျောလိုက်ပါနေပါသည်။ နိုင်ငံတော်အဆင့် REDD+ ပြင်ဆင်မှုကာလတွင် မူဝါဒချမှတ်ခြင်းနှင့် စီမံအုပ်ချုပ်မှုယန္တရားဖော်ထုတ်ခြင်း နှင့် ပတ်သက်ပြီး ကွာဟချက်များ ရှိနေဆဲဖြစ်ပါသည်။ အဆိုပါပေါ်လစီချမှတ်ခြင်း နှင့် ယန္တရားဖော်ထုတ်ခြင်းအပိုင်းသည် နိုင်ငံတော်အဆင့် အကြီးစား REDD+ အကောင်အထည်ဖော်မှုတွင် အရေးပါသည့်အချက် တစ်ချက်ဖြစ်ပါသည်။ ဥပမာ - စောင့်ကြည့်ခြင်းဆိုင်ရာ စံနှုန်းသတ်မှတ်ခြင်းနှင့် ကိရိယာတန်ဆာပလာများ တည်ဆောက်ဖော်ထုတ်ခြင်းများတွင် အခြေအနေတစ်ခုအထိ(အစီရင်ခံခြင်းအတွက် အသုံးပြုရန်) ရောက်ရှိနေချိန်တွင် ကောင်းသော သစ်တောစီမံထိန်းသိမ်းမှု ပေါ်ထွက်လာရေးအဆိုပြုလွှာကို ရေးသားခြင်း၊ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူမှုအပိုင်းကို ဆွေးနွေးခြင်းနှင့် ကနဦးအကောင်အထည်ဖော်ခြင်းတို့နှင့် ပတ်သက်ပြီး နိုင်ငံများအကြား ဆွေးနွေးကြည့်ကြသည့်အခါတွင် အများစုမှာ ကနဦးအဆင့်တွင်သာ ရှိနေသေးသည်ကို တွေ့ရသည်။

ယခုအခြေအနေသည် ဒေသခံတိုင်းရင်းသားများအတွက် အခွင့်အရေးတစ်ခုဖြစ်သည်။ နိုင်ငံတော်အဆင့်၌ REDD+ ကိုအကောင်အထည်ဖော်ခြင်းနှင့် ဒီဇိုင်းချလုပ်ဆောင်ခြင်းများတွင် လွှမ်းမိုးနိုင်သည်။ သို့သော်လည်း လက်ရှိအခြေအနေတွင် အဆိုပါအခွင့်အရေးများကို များနိုင်သမျှ များများရရှိစေရန် ဒေသခံတိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်အဆင့်တွင် REDD+ အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်ပြီး မူဝါဒလျှောက်လဲရန်နှင့် စည်းရုံးဆော်သြရန်များစွာ ကြိုးပမ်းရဦးမည်ဖြစ်ပါသည်။

## လုပ်ဆောင်ချက် (၄) အဖွဲ့လိုက်ဆွေးနွေးခြင်း- ဒေသခံတိုင်းရင်းသားတို့၏ ပြဿနာများနှင့် REDD+ ၏ သဘောထားမှု

(က) ငါးယောက်တစ်ဖွဲ့ပါသော အဖွဲ့ကို ဖွဲ့ပါ။ ကျားမ မျှတမှုရှိပါစေ။ အဖွဲ့တွင် ဦးဆောင်သူနှင့် ပြန်လည်တင်ပြမည့်သူ တစ်ဦးစီကို ရွေးချယ်စေပါ။

(ခ) မေးခွန်းများကို ဆွေးနွေးဖြေကြားစေပါ။ မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းကို လုပ်ဆောင်သည့်အခါတွင် မည်သည့်ပြဿနာ ( ဒေသခံတိုင်းရင်းသားပြဿနာနှင့် REDD+အကောင်အထည်ဖော်မှု)များကို ထည့်သွင်း လုပ်ဆောင်သင့်သနည်း။ အဆိုပါ ပြဿနာများကို ဖြေရှင်းရန် ဘာ့ကြောင့် အရေးကြီးသည်ဟု ယူဆသနည်း။

(ဂ) မိနစ် ၃၀ခန့် ဆွေးနွေးစေပြီးနောက် အဖွဲ့များကို ပြန်လည်စုစည်းပြီး တင်ပြဆွေးနွေးစေပါ။ အဖွဲ့များ၏ တင်ပြချက်များကို စုစည်းပြီး တူရာများကို အောက်ပါ ခေါင်းစဉ်အောက်တွင် စုစည်းပါ။ အခွင့်အရေး၊ မျှတ-သဘာဝကျသော အကျိုးအမြတ် ခွဲဝေမှု၊ သတင်းအချက်အလက်ရရှိမှု၊ ထိရောက်သော ဒေသခံပူးပေါင်းပါဝင်မှု၊လုံခြုံမှုအကာအကွယ်စနစ်ကို အကောင်အထည်ဖော်ခြင်းအပြင် လိုအပ်ပါက ထပ်မံဖြည့်စွက်နိုင်ပါသည်။

(ဃ) ရရှိလာသော ဆွေးနွေးတင်ပြချက်များကို အနှစ်ချုပ်ပြီး အောက်ပါ အချက်များဖြင့် ဖြည့်စွက်ပြည့်စုံစေပါ။

အထက်တွင် ဖော်ပြပြီးသကဲ့သို့ လက်ရှိနိုင်ငံတော်အဆင့် REDD+ အကောင်အထည်ဖော်မှုတွင် ဒေသခံတိုင်းရင်းသားများ အတွက်အခွင့်အရေးများရှိနေသည်။ အတိအကျအနေဖြင့် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်REDD+ အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်ပြီး မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းလုပ်ငန်းစဉ်အတွင်း မိမိတို့ လက်ရှိကြုံတွေ့နေသော ပြဿနာကို ထည့်သွင်းပြောဆိုသွားနိုင်ရန် လိုအပ်သည်။ အောက်ပါအကြောင်းအရာများကို ထည့်သွင်းစဉ်းစားသင့်သည်။

*အခွင့်အရေးများ ( မြေယာ၊ ပိုင်နက်နှင့် အရင်းအမြစ်များနှင့် မိရိုးဖလာဘိုးဘေးစဉ်လာအတိုင်း အသက်မွေးဝမ်း ကြောင်းမှုများ)

>> ဒေသခံတိုင်းရင်းသားများကို အခွင့်အရေးရှိသူများအဖြစ် အသိအမှတ်ပြုပေးခြင်း

>> ရပ်ရွာအခြေပြု သစ်တောထိန်းသိမ်းဧရိယာများအဖြစ် အသိအမှတ်ပြုမှုနှင့် ပံ့ပိုးမှုတို့ကို ဆုံးရှုံးမှု၊ အစိုးရဘက်မှ ခြံခတ်ပိုင်ဆိုင်မှု ချဉ်းကပ်မှုကို မျက်နှာသာပေးသွားမည်ကို စိုးရိမ်မှုစသည့်ကြောက်စိတ်များရှိ နေဆဲဖြစ်သည်။ အထက်ပါ အကြောင်းအရာများသည် သစ်တောကို အမှီပြုနေထိုင်သူများကို တင်းကြပ်သော ထိန်းသိမ်း သစ်တောဆိုင်ရာ ဥပဒေများဖြင့် ပြစ်ဒဏ်ပေးခြင်းနှင့် ရပ်ရွာကို ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူထိန်းသိမ်းသောဧရိယာပြင်ပသို့ ဥပဒေအရ နှင်ထုတ်ခြင်းစသည့် သဘောတရားများဘက်သို့လည်း ဦးတည်သွားမည်ကို ကြောက်နေသည်။

>> ဒေသခံတိုင်းရင်းသားများနှင့် သစ်တောကို မှီခိုမှုပြုသူများ၏အခွင့်အရေးကို အသိအမှတ်မပြုခြင်းသည် သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရာမရောက်သည့် အပြင် အခြားသူများမှ ကျူးကျော်ခြင်းကို ခွင့်ပြုသည့် သဘောလည်း ဖြစ်ပါသည်။

>> အစိုးရ၊ ကုမ္ပဏီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအင်န်ဂျီအိုများ၏ သစ်တောဇုံ သတ်မှတ်မှုများ တိုးလာခြင်း၊ REDD+ ဝင်ငွေရရှိလာရန် ထိန်းသိမ်းတောနယ်နိမိတ်သတ်မှတ်မှု၊ ကြိုးဝိုင်းသစ်တော(သို့)ရေရှည်တည်တံ့သော(သစ်ထုတ် လုပ်ရန်)သစ်တောစီမံခန့်ခွဲမှုဇုံများတိုးပွားလာခြင်းများ ရှိပါသည်။ လက်ရှိကမ္ဘာတစ်ဝှမ်းတွင် သတ်မှတ် ကျင့်သုံးနေသော သစ်တောဧရိယာ သတ်မှတ်ခြင်းနှင့် မြေအမျိုးအစားခွဲခြားခြင်းများသည် ဒေသခံတိုင်းရင်းသားများ၏ မြေယာနှင့် ပိုင်နက်ဆိုင်ရာ ရိုးရာအခြေခံ အခွင့်အရေးများကို မသိကျိုးကျွန်ပြု ထားပါသည်။

>> သစ်တောထိန်းသိမ်းမှုအတွက် တန်ရာတန်ကြေးပေးခြင်းသည် သစ်တောမြေနှင့်ပတ်သက်သော ဈေးကစားမှုများ ဖြစ်နိုင်ပြီး REDD အစီအစဉ်များက ဒေသခံရိုးရာသစ်တောထိန်းသိမ်းမှု၊ မြေယာစီမံခန့်ခွဲ ပိုင်ဆိုင်မှု စနစ်များကို လေးစားအသိအမှတ်ပြုမှုမရှိပါက ပြင်ပမှရွှေ့ပြောင်းရောက်ရှိလာသူများနှင့် ကုမ္ပဏီများဝင်ရောက်လာနိုင်သည့် စိုးရိမ်စရာအန္တရာယ်ရှိမည်ဖြစ်ပါသည်။

>> အုပ်စုတစ်ခုနှင့် တစ်ခုအကြား၊ ရပ်ရွာများအကြားမှာပင် ပဋိပက္ခများ ဖြစ်ပွားမှုတိုးလာသည်။ သစ်တော၏တန်ဖိုးတက်လာမှုနှင့် REDD+ အစီအစဉ်မှ ရရှိမည့် အကျိုးအမြတ်များကို ဦးတည်စဉ်းစားကြသောကြောင့် ရပ်ရွာအတွင်း ပိုင်ရှင်တစ်ယောက်နှင့် တစ်ယောက်အကြား (သို့) မြေပိုင်ဆိုင်သူနှင့် သစ်တောပိုင်ဆိုင်သူများအကြား ပဋိပက္ခများ တိုးပွားလာနိုင်သည်။

>> မိရိုးဖလာ မြေယာစီမံခန့်ခွဲမှုအလေ့အထများနှင့် အသက်မွေးဝမ်းကျောင်းမှုပုံစံများကို တရားမဝင်သည့်ပုံစံမျိုးဖြင့် အကျယ်တဝင့်ရေးသားဖော်ပြခြင်းခံရလိမ့်မည်။ မီးရှို့ခြင်းသည် ဒေသခံတိုင်းရင်းသားများ၏ မိရိုးဖလာ သစ်တောစီမံခန့်ခွဲမှုနှင့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုအတွက် အဓိကကျသော နည်းပညာတစ်ခုဟု ဆိုနိုင်ပါသည်။ သို့သော် ပြင်ပပုဂ္ဂိုလ်များဖြစ်




ကြသည့် သစ်တောကို လျှောက်ထားပြီး ထိန်းသူများ၊ ကြိုးဝိုင်းအဖြစ် ငှားထားသူများ၊ အစိုးရဌာနများမှ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲကို ထိန်းသိမ်းသူများမှာမူ ဒေသခံတိုင်းရင်းသားတို့၏ မီးအသုံးပြုမှုကို ခံစားနားလည်ပေးမှု မရှိကြချေ။

>> သစ်တောထိန်းသိမ်းရန် အကြောင်းပြပြီး နိုင်ငံတော်အစိုးရ (အထူးသဖြင့် အာရှဒေသ) များအနေဖြင့် ရွှေ့ပြောင်းတောင်ယာမီးရှို့သည့်စနစ်ကို ပပျောက်သွားရန် ကြိုးပမ်းခဲ့ကြသည်။ ရာသီဥတုပြောင်းလဲခြင်းကိစ္စကလည်း နောက်ထပ် အငြင်းပွားစရာ ဖြစ်လာပြီး တောင်ယာမီးရှို့သည့်စနစ်ပပျောက်သွားရန် တွန်းအားပေးသကဲ့သို့ ဖြစ်လာသည်။ အချို့နိုင်ငံများတွင် နှစ်စဉ်နှစ်တိုင်း ရွှေ့ပြောင်းတောင်ယာမီးရှို့ခြင်းကြောင့် တောင်သူလယ်သမားများကို ဖမ်းဆီးအရေးယူခြင်းများ ရှိသည်။

ဒေသခံတိုင်းရင်းသားများ၏ အိမ်မွေးတိရိစ္ဆာန်များအတွက် စားကျက်မြေအလို့ငှာ၊ ဇီဝမျိုးစုံမျိုးကွဲများ၏ နေအိမ်၊ ကစားကွင်းအလို့ငှာ၊ တောတောင်များကို စနစ်တကျစီမံခန့်ခွဲခြင်း၊ သစ်တောများအတွင်း ထင်းခြောက်များ ကောက်ခြင်း၊ နေအိမ် နှင့် အခြားရပ်ရွာလိုအပ်ချက်များအတွက် သစ်ခုတ်ခြင်း၊ သစ်လုံးမဟုတ်ဘဲ သစ်တောထွက် ပစ္စည်းများကို ရှာဖွေစုဆောင်းခြင်းသည်ပင်လျှင် REDD+ တိုင်းတာချက်ပေတံအရ သစ်တောယိုယွင်းပျက်စီးခြင်း ကိုဖြစ်စေ သည်ဟု သတ်မှတ်လာသည်။REDD အစီအစဉ်သည် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းစား ကျဆင်းခြင်းကို လျှော့ချရန် ဦးတည်သည့်နည်းတူ အကောင်အထည်မည့် ဧရိယာဦးတည်အုပ်စုအဖြစ် ဒေသခံတိုင်းရင်းသားများ၏ နေရာများကို

မျက်စောင်းထိုးလာသည်။ထိုသို့အားဖြင့် ဒေသခံတိုင်းရင်းသားများ၏ ဘဝနေမှု ထိုင်မှုနှင့်အသက်မွေးဝမ်းကျောင်းမှုကို အနည်းနှင့် အများ ထိခိုက်သက်ရောက်မှုများရှိလာမည်ဖြစ်ပါသည်။

>> ဒေသခံတိုင်းရင်းသားများ၏ မိရိုးဖလာ ဉာဏ်ပညာဗဟုသုတများနှင့် သစ်တောအရင်းအမြစ်များကို စီမံခန့်ခွဲမှုစနစ်များကို အသိအမှတ်မပြုခြင်းများ၊ အထူးသဖြင့်တိုင်းရင်းသူအမျိုးသမီး အိမ်ထောင်ရှင်မများ၏ ဘဝများကို ဥပေက္ခာပြုမှုများ တိုးပွားလာနေပါသည်။

*ဒေသယဉ်ကျေးမှုနှင့် ကိုက်ညီသော သတင်းအချက်အလက်ရရှိမှု

>> REDD+ နိုင်ငံများမှာပင် ဒေသခံတိုင်းရင်းသားများအတွက် သတင်းအချက်အလက်(REDD+ ပေါ်လစီများ၊ အစီအစဉ်များ၊ စီမံချက်များအကြောင်း) ရရှိမှုမှာအကြီးအကျယ် ကွာဟမှု

>> REDD+ နှင့်ပတ်သက်ပြီး အခြေခံလူထုများအတွက် အမြင်ပွင့်မှုနှင့် သတင်းအချက်အလက်ရရှိစေမှုကို လုပ်ဆောင်သည့်အစီအစဉ်များ မရှိခြင်း၊REDD+ တွင်ပါဝင်နေသော ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးများကို မသိကျိုးကျွန်ပြုမှုများ

>> ဒေသနှင့် ကိုက်ညီသည့် (ဘာသာစကား၊ ဆက်သွယ်ရေးကိရိယာ စသည် ) သတင်းအချက်အလက်ဖြန့်ဖြူးသည့် ကိရိယာ၊ နည်းပညာများကို အသုံးပြုမှု အားနည်းခြင်း(သို့) ရှိကိုမရှိခြင်း

*မျှတ တိကျသော အကျိုးအမြတ် ခွဲဝေမှု

>> REDD+ တွင် မျှတတိကျမှု မရှိသော အကျိုးအမြတ်ခွဲဝေမှုပုံစံရှိနေခြင်း

>> REDD+ တွင် အကျိုးအမြတ်ခွဲဝေခြင်းနှင့် ပတ်သက်ပြီး အရင်းအမြစ်များကို ရရှိခံစားသင့်သူနှင့် ဆုံးဖြတ်ချက်ချ မှတ်နိုင်သူများကို သတ်မှတ်ရာတွင်လည်း မျှတတိကျမှု မရှိခြင်း

>> မည်သူက ငွေကြေး(သို့) အကျိုးအမြတ်များကို ရရှိခံစားသင့်သနည်း။ ၎င်းအကျိုးအမြတ်များကို ရပ်သူရွာသားတစ်ဦးချင်းကို ပေးမည်လား၊ တစ်ရွာလုံးကို ခြုံငုံပြီး ပေးမှာလား။

>> အကျိုးအမြတ်ခွဲဝေသည့်ပုံစံသည်လည်း ပြဿနာဖြစ်နိုင်သည်။ ငွေကြေးပေးမှာလား။ပစ္စည်းပေးမှာလား။ ပစ္စည်းပေးမည်ဆိုပါစို့။ ဥပမာ- အခြေခံအဆောက်အအုံများကို ပေးမည်။ထိန်းသိမ်းစရိတ်ကောဘယ်လိုလဲ။ ဝန်ထမ်းတွေအတွက်ကော ပါမှာလား။

>> အကယ်၍ ငွေကြေးဖြင့် ပေးမည်ဆိုပါက ရပ်ရွာဒေသ၏ ယဉ်ကျေးမှုနှင့် လူမှုတန်ဖိုးထားမှုများကို ထည့်သွင်းစဉ်းစားထားပါသလား။

>> ဘယ်အချိန်မှာ ပေးသင့်သလဲ။

*REDD+ ဖြစ်စဉ်တွင် ဒေသခံတိုင်းရင်းသားများ၏ အပြည့်အဝနှင့် ထိရောက်သောပူးပေါင်းပါဝင်မှု

>>မချွင်းမချန် ၊ ပွင့်လင်းမြင်သာမှုရှိပြီး၊ သက်ဆိုင်သူများအားလုံးပါဝင်သည့် သတင်းအချက်အလက်များ ဖြန့်ဝေစီးဆင်းစေမှုနှင့် လူထုသဘောထားများရယူမှု၊




>>ရပ်ရွာအဆင့်၊ ဒေသအဆင့်၊ နိုင်ငံတော်အဆင့် REDD+ အစီအစဉ်များရေးဆွဲခြင်း နှင့် အကောင်အထည် ဖော်ခြင်းများတွင် အမှန်တကယ် သက်ဆိုင်သူအုပ်စုများကို ကိုယ်စားပြုမှု နည်းခြင်း(သို့) မရှိခြင်း၊ သင့်တော်သည့် ယန္တရားများကို မရှာဖွေခြင်း

>>ဒေသခံတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးများ၏ သင့်တော်မျှတစွာ ပူးပေါင်းပါဝင်စေမှု

>>အင်အားကြီးသော သက်ဆိုင်သူအုပ်စုများနှင့်သာ သဘောထားရယူသည့် အစည်းအဝေးများပြုလုပ်သည်သာမက ရပ်ရွာအဆင့်၊ ဒေသအဆင့် သက်ဆိုင်သူပြည်သူလူထုအုပ်စုများ၏ သဘောထားများကိုလည်း ရယူပြီး သင့်တော်သော စီမံခန့်ခွဲမှု ယန္တရားကို ဖော်ထုတ်ခြင်း

>> နိုင်ငံတော်အဆင့် REDD+ နည်းဗျူဟာ။ပေါ်လစီများကို ဖော်ထုတ်မှုများတွင် တိုးတက်မှုရှိစေရန်အတွက် ဒေသခံတိုင်းရင်းသားများ၏ ထိရောက်ပြီး အပြည့်အဝပူးပေါင်းပါဝင်မှုကို သေချာစေခြင်း

*သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ လုံခြုံမှုအကာအကွယ်စနစ်များကို အကောင်အထည်ဖော်ခြင်း

>>တရားဝင် မြေယာတိုင်းတာခြင်းနှင့် ပိုင်ဆိုင်ခြင်းများတွင် ဒေသခံတိုင်းရင်းသားများ ၏ အခွင့်အရေးများကို အသိအမှတ်မပြုခြင်း

>>အရင်းအမြစ်များ ရယူသုံးစွဲရန် တင်းကျပ်စွာ ချုပ်ချယ်ထားခြင်း

>>ပွင့်လင်းမြင်သာပြီး ကောင်းမွန်သော အုပ်ချုပ်မှုစနစ်မရှိခြင်း

>>သစ်တောများကို ကျူးကျော်ခြင်း၊ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းမှ ရရှိသော အကျိုးအမြတ်များကို မဖော်ပြဘဲ အကျိုးအမြတ်ခွဲဝေမှုတွင် မျှတမှုမရှိခြင်း

>>အမှန်တကယ် အောက်ခြေမှ ရပ်ရွာလူထုနှင့် တွေ့ဆုံဆွေးနွေး သဘောထားခံယူမှု မရှိခြင်း

**၁. ၂. ၂ ဒေသခံတိုင်းရင်းသားများ အနေဖြင့် REDD+ နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှုများတွင် မည်သို့ ပါဝင်နိုင်မည်နည်း။**

## လုပ်ဆောင်ချက်(၅) REDD+ လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခြင်း

(၁) ကျွန်တော်တို့ရဲ့ အရေးပါမှုတွေကို သိပြီးတဲ့နောက်မှာ ဘယ်လိုပါဝင်ပတ်သက်ကြမလဲ။ REDD+ မှာအရေးပါတဲ့ အုပ်စုတွေက ဘယ်သူဘယ်ဝါတွေလဲ။ ကျွန်တော်တို့ တိုင်းပြည်မှာရော လက်တွေ့ကျင့်သုံးနေပြီလား။ ရပ်ရွာထဲမှာရော ကျင့်သုံးနေပြီလားစသည့် မေးခွန်းများဖြင့် သင်တန်းသားများကို ဆွေးနွေးပါ။

(၂) ၎င်းတို့၏ ဆွေးနွေးချက်များကို အနှစ်ချုပ်ပြီး အောက်ပါ အကြောင်းအရာများဖြင့် ထပ်မံဖြည့်စွက် အမြင်ပွင့်စေပါ။



ကမ္ဘာ့ဘဏ်နှင့် ဒေသခံ ဌာနေတိုင်းရင်းသား ကိုယ်စားလှယ်များ ဆွေးနွေးနေပုံ

REDD+ နှင့်ပတ်သက်၍ မူဝါဒလျှောက်လဲခြင်းလုပ်ဆောင်ရာတွင် ပါဝင်ပတ်သက်သည့်အုပ်စုများ အကြောင်းကို သိထားဖို့ရာ အရေးကြီးသည့်အချက်တစ်ချက်ဖြစ်သဖြင့် မည်သည့်အဖွဲ့အစည်းများက ပါဝင်ပတ်သက်နေသည်ကို ဖော်ထုတ်စူးစမ်းရန် လိုအပ်ပါသည်။

>> မည်သည့် အဖွဲ့အစည်းများနှင့် အုပ်စုများက လိုက်လျောညီထွေရှိနိုင်မည်နည်း။

>> အဆိုပါအဖွဲ့အစည်းများနှင့် အုပ်စုများတွင် မည်သူက သင့်တော်သော ဆက်သွယ်ရမည့်သူ ဖြစ်မည်နည်း။

>> အဆိုပါ အဖွဲ့အစည်းများနှင့် အုပ်စုများ၏ စိတ်ဝင်စားမှုများက မည်သည့်အရာများဖြစ် မည်နည်း။

>> REDD+ နှင့် ပတ်သက်၍ အဆိုပါ အုပ်စုများ၏ လုပ်ပိုင်ခွင့်အတိမ်အနက်မည်မျှ ရှိသနည်း။

REDD+ နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အဖွဲ့အစည်းများအကြောင်းကို ရှာဖွေလေ့လာထားရန် လိုအပ်ပါလိမ့်မည် သို့မှသာ ၎င်းတို့နှင့် ထိရောက်စွာ ပူးပေါင်းလုပ်ဆောင်နိုင်မည့်နည်းလမ်းများကို တွေ့နိုင်မည်ဖြစ်သည်။

REDD+ နှင့် ပတ်သက်ဆက်နွယ်သော အုပ်စုအဖွဲ့အစည်းများစွာ ရှိသည်။ နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့် စသည်ဖြင့် တွေ့နိုင်ပါသည်။

နိုင်ငံတော်အဆင့်တွင် REDD+ နှင့် ပတ်သက်ပြီး ဖွဲ့စည်းထားမှု၊ အကောင်အထည်ဖော်မှု (သို့) စတင်လုပ်ဆောင်သည့် ဖြစ်စဉ်တွင် ရှိနေနိုင်ပါသည်။ ဥပမာ - ဖိလစ်ပိုင်နိုင်ငံတွင် ယခုအချိန်တွင် REDD+ကောင်စီဖွဲ့စည်းရန် အစည်းအဝေးများ ကျင်းပပြီး ဆွေးနွေးနေသည့်အဆင့်တွင် ရှိပါသည်။ နီပေါနိုင်ငံတွင်မူ REDD နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာဌာနတစ်ခုအနေဖြင့် သစ်တော ဝန်ကြီး ဌာနအောက်တွင် ဖွဲ့စည်းအကောင်အထည်ဖော်လျက်ရှိနေပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင် မရှိသေးပါက ဝန်ကြီးဌာနအနေဖြင့် REDD+ ကိစ္စမျိုး နှင့် ပတ်သက်၍ ကိုင်တွယ်နေသည့်နည်းလမ်းများကို နားလည်ထားရန် လိုအပ်ပါသည်။

REDD+နှင့် ပတ်သက်သည့်အုပ်စုများမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ REDD ဖော်ဆောင်ရေးတပ်ဖွဲ့၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကော်မရှင်စသည်တို့မှာ ဖြစ်နိုင်ချေ အများဆုံးဖြစ်သည်။ UNDP, UN-REDD, FPICကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများကို ကိုယ်စား ပြုသော ရုံးခွဲများလည်း ပြည်တွင်းတွင် ရှိနိုင်သည်။ နိုင်ငံ အဆင့်တွင် REDD+ ကို အကောင် အထည်ဖော်နေသည့် ရှိနှင့်ပြီးသော အဖွဲ့အစည်းများကို ရှာဖွေဆက်သွယ်သင့်သည်။ အစိုးရက တရား ဝင်ဖွဲ့ထားသော ကော်မရှင်များဖြစ်ကောင်းဖြစ်နိုင်သည်။

အရှေ့တောင်အာရှအဆင့်တွင်မူ

- >> အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (သို့) အာဆီယံအဖွဲ့အစည်းနှင့် အခြားသော အဖွဲ့အစည်း ယန္တရားများ
- >> အာရှဖွံ့ဖြိုးရေးဘဏ်

နိုင်ငံတကာအဆင့်တွင်မူ REDD+ နှင့် ပတ်သက်ဆွယ်နွယ်သည့် အဖွဲ့အစည်းများမှာ အောက်ပါ အတိုင်းဖြစ်သည်။

- >> UN Framework Convention on Climate Change အဖွဲ့၊ အထူးသဖြင့် ရံပုံငွေထောက်ပံ့သည့်အဖွဲ့အစည်းများ၊ Ad-Hoc working group for Durban Platfrom ကဲ့သို့ ကော်မတီများ၊
- >> ကမ္ဘာ့ဘဏ်၏ သစ်တောတွင်း ကာဗွန်ဆိုင်ရာ ပူးပေါင်းမှု ပံ့ပိုးရေးစီမံချက် ( FCPF ) နှင့် သစ်တောဆိုင်ရာ ရင်းနှီးမြုပ်နှံမှု အစီအစဉ် (Forest Investment program)ကဲ့သို့ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ
- >> ကုလသမဂ္ဂ REDD အစီအစဉ်



ကမ္ဘာ့ဘဏ်မှတ်တမ်းများ၊ ကုလသမဂ္ဂအ ရက်ဒ်အစီအစဉ်မှ ကိုယ်စားလှယ်များ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပြန်အလှန် ဆွေးနွေးနေပုံ



အာဆီယံလူမှုသစ်တော ကွန်ယက်တွင် ဒေသခံ/ ဌာနေတိုင်းရင်းသားကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ ဆွေးနွေးနေကြပုံ

## လုပ်ဆောင်သော အုပ်စုများနှင့် ပါဝင်ပတ်သက်နိုင်ရန် အကြံပြုချက်များ

ပြည်တွင်းအဆင့်လုပ်ဆောင်ရာတွင် -

>> အများအားဖြင့် ဒေသခံတိုင်းရင်းသားများအဖွဲ့အစည်းငယ်လေးများကို REDD+ (သို့) ရာသီဥတုပြောင်းလဲရေး ကော်မရှင်ကဲ့သို့သော အဖွဲ့အစည်းကြီးများက အစည်းအဝေး ဖိတ်ခေါ်လေ့မရှိသည်ကို တွေ့ရသည်။ သို့သော် ကြိုးစားတွေ့ဆုံဖို့လိုပါသည် ။ အဆိုပါ အစည်းအဝေးများတွင် တက်ရောက်ခွင့်ရသော အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့် ဒေသခံ တိုင်းရင်းသားများအရေးကို လုပ်ဆောင်နေသောအဖွဲ့အစည်းများမှတဆင့် ဆက်သွယ်ပါဝင်ဖို့ရန် လိုအပ်ပါလိမ့်မည်။

>> မိမိတို့၏ နေရေးထိုင်ရေးစားရေးသောက်ရေးအတွက် ကြိုတင်စဉ်းစားပြင်ဆင်ထားရမည်။ အစည်းအဝေးအများစုမှာ မြို့ကြီးပြကြီးများတွင်သာ လုပ်လေ့ရှိသောကြောင့်ဖြစ်ပါသည်။ လုံလောက်သော စားစရိတ်၊ နေစရာနှင့် ခရီးစရိတ်ကို ပြင်ဆင်ထားရန် လိုပါသည်။ ဖြစ်နိုင်လျှင် ရံပုံငွေများ ရှာထားသင့်သည်။ REDD + လုပ်ဆောင်နေသော အဖွဲ့များတွင် ရံပုံငွေ လျှောက်ထားနိုင်သည်။

>> အစည်းအဝေးတွင် ပါဝင်ခွင့်ရသည့်နှင့် တစ်ပြိုင်နက် အဆိုပါ အဖွဲ့အစည်းကြီးများသို့ သင်တင်ပြလိုသော အကြောင်းအရာ များကို ပြင်ဆင်ထားပါ။ သင်ပါဝင်နေခြင်းမှာ REDD+ နှင့် ပတ်သက်ပြီး မူဝါဒပြောင်းလဲရေးအတွက် ကြိုးပမ်းရန် ဖြစ်သည်ကို မမေ့ပါနှင့်။ ထို့ကြောင့် သင့်အနေဖြင့် အများကြီး ပြင်ဆင်ထားသင့်ပါသည်။ ဖြစ်နိုင်သမျှ သင်ပြောဆိုဆွေးနွေးမည့် အကြောင်းအရာများကို စာရွက်ပေါ်တွင် ချရေးပါ။

>> သင်ပါဝင်ပူးပေါင်းလိုသည့် REDD+ အကောင်အထည်ဖော်မည့်အဖွဲ့၏ လုပ်ငန်း၊ ဦးတည်ချက်များနှင့် မိတ်ဖက်အဖွဲ့ဝင်များကို သိအောင် ကြိုးစားထားပါ။ ပြုလုပ်မည့်အစည်းအဝေး၏ အစီအစဉ်အသေးစိတ်ကို ရအောင်ယူထားပြီး သင်ဝင်ရောက်ဆွေးနွေးနိုင်မည့် အချိန်အခါနှင့် ဆွေးနွေးချိန်ကို လေ့လာထားပါ။

>> REDD+ တွင် ပါဝင်သည့်အဖွဲ့အစည်းများနှင့် ကွန်ယက်ချိတ်ဆက်ပါ။ ကွန်ယက်ချိတ်ဆက်ခြင်းနှင့် စည်းရုံးဆော်သြခြင်းသည် ရေရှည်တွင် မူဝါဒလျှောက်လဲခြင်း နှင့် မဖြစ်မနေဆက်စပ်နေသည်ဖြစ်ရာ အစည်းအဝေးတွင် ပါဝင်သူများနှင့် ရင်းနှီးအောင်လုပ်ပြီး အများကစိတ်ဝင်စားလာအောင် ပြောဆိုပါ။ ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် အစည်းအဝေးတွင် ထိရောက်စွာ ပါဝင်ခြင်းကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

နိုင်ငံတကာအဆင့်တွင်မူ -

! ယခုဖော်ပြသော သင်ခန်းစာကို ရပ်ရွာအဆင့်သင်တန်းများတွင် ချန်ထားလိုက ချန်လှပ်ထားနိုင်ပါသည်။




COP 18 ကာတာနိုင်ငံနိဟာမြို့တွင် ကမ္ဘာ့ကုလသမဂ္ဂများ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာညီလာခံတွင် ဒေသခံ / ဌာနေတိုင်းရင်းသားများ ဖိုရမ်ကျင်းပနေပုံ

ပူးပေါင်းပါဝင်နိုင်ရန် ငွေကြေးကုန်ကျမှုများနိုင်သည်ဖြစ်၍ ရံပုံငွေရှိရန် အရေးကြီးပါသည်။ အရည်အချင်းစစ်ဆေးခြင်းအဆင့်သည် အရေးကြီးသဖြင့် UNFCCC အစည်းအဝေးကို တက်ရောက်နိုင်ရန် AIPP (သို့) အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ လျှောက်လွှာကို တောင်းခံပြီး ဖြည့်စွက်ပါ။

အကြိုရှင်းလင်းခြင်းအစည်းအဝေးများနှင့် အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲခြင်း နှင့် ဒေသခံတိုင်းရင်းသားများဖိုရမ်များ ( IIPFCC ) တွင် ပါဝင်တက်ရောက်ပါ။ ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများမှ ပါဝင်တက်ရောက်လေ့ရှိကြသည့် အစည်းအဝေးမျိုးဖြစ်သည်။ မိမိတို့၏ မူဝါဒလျှောက်လဲခြင်းဖြစ်စဉ်အတွက် နည်းဗျူဟာချမှတ်ခြင်း ဖြစ်သည့်နည်းတူ ဒေသအလိုက်ကိုယ်စားလှယ်များအဖြစ် ပါဝင်နိုင်ရန် ဆောင်ရွက်ပါ။ ဥပမာ- REDD အကောင်အထည်ဖော်ရေး ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး ကော်မတီ စသည်ဖြင့် ဖြစ်သည်။

အစည်းအဝေးအစီအစဉ်စာရွက်ကို ရအောင်ယူပါ။ နေ့တစ်နေ့ချင်းစီ၏ မတူညီသော အစီအစဉ်များကို နားလည်အောင်လုပ်ပါ။ ပေးထားသော စာရွက်စာတမ်းများကိုလည်း ကြိုတင်ဖတ်ထားပါ။

ဆွေးနွေးခန်းများတွင် ပါဝင်ဆွေးနွေးပြီး နားလည်အောင် လုပ်ပါ။ တစ်ခါတစ်ရံ ဆွေးနွေးသော အကြောင်းအရာများက နည်းပညာဆန်ကောင်း ဆန်နိုင်ပါသည်။ စေ့စပ်ညှိနှိုင်းခြင်းသည် အချိန်ပေးရသည့်လုပ်ငန်းမျိုးဖြစ်သောကြောင့် တစ်မနက်လုံးအချိန်ပင် ကုန်သွားတတ်သည်ဖြစ်ရာ စိတ်ရှည်သည်းခံဖို့ လိုအပ်ပါသည်။ အကယ်၍ နားမလည်ပါက IIPFCC အဖွဲ့ဝင်များ (သို့) အခြား ဒေသခံတိုင်းရင်းသားများနှင့် ဆွေးနွေးမေးမြန်းပါ။ တစ်ခါတစ်ရံ အချို့ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ထုတ်ဝေသော စာအုပ်များ၊ စစ်တမ်းများ ( ဥပမာ- တတိယကမ္ဘာကွန်ယက် Third World Network )မှလည်း သတင်းအချက်အလက်များကို ရရှိနိုင်ပါသည်။

အခြား ပွဲစဉ်များကိုလည်း ပါဝင်တက်ရောက်ပါ။ အဓိက အစည်းအဝေးကြီးအပြင် အခြားပွဲစဉ်များကိုလည်း ကျင်းပလေ့ရှိကြသည်။ အခြားပွဲစဉ်အသေးလေးများသည်လည်း ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ IIPFCC အဖွဲ့ကိုယ်တိုင်၊ အခြားနိုင်ငံအစိုးရများမှ ပြုလုပ်သော အစီအစဉ်များ ဖြစ်တတ်သည်။ REDD+ နှင့် ပတ်သက်သော ဘာသာရပ်မှာ စိတ်ဝင်စားစရာကောင်းပြီး REDD+ ဖွံ့ဖြိုးရေးအတွက် တန်ဖိုးရှိသော သင်ခန်းစာများစွာကိုလည်း ပို့ချလေ့ရှိသည်။

သင့်နိုင်ငံကိုယ်စားလှယ်များနှင့်လည်း ကွန်ယက်ချိတ်ဆက်မိတ်ဖွဲ့ပြီး စည်းရုံးဆော်ဩထားပါ။ UNFCCC အစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်များနှင့်လည်း ချိတ်ဆက်ကွန်ယက်မိတ်ဖွဲ့ရန် အရေးကြီးပါသည်။ အဆိုပါကိုယ်စားလှယ်များမှတဆင့် ကျွန်ုပ်တို့၏ ပြဿနာအခက်အခဲများကို တင်ပြနိုင်ရန် အခွင့်ကောင်းပင်ဖြစ်သည်။ ထိုနည်းတူ ပုဂ္ဂိုလ်ရေးအရလည်း ခင်မင်မှု တည်ဆောက်ထားရန်လိုသည်။ သို့မှသာ နိုင်ငံအဆင့် စည်းရုံးဆော်

ဩမှုများလုပ်ဆောင်ရာတွင် အဆိုပါ ကိုယ်စားလှယ်များ၏ ပါဝင်မှုများကို ရရှိနိုင်မည်ဖြစ်သည်။ ၄င်းတို့၏ နေရပ်လိပ်စာ၊ ဖုံးနံပါတ်များကို ရဖြစ်အောင် ယူခဲ့ရန် အရေးကြီးပါသည်။

### ၁. ၂. ၃ ဒေသခံတိုင်းရင်းသားများ၊ ရာသီဥတုပြောင်းလဲခြင်းနှင့် REDD+ အတွက် မူဝါဒလျှောက်လဲရန် မည်သည့်သတင်းအချက် အလက်များ လိုအပ်မည်နည်း။

## လုပ်ဆောင်ချက်(၆) ရာသီဥတုပြောင်းလဲခြင်းနှင့် REDD+ဆိုင်ရာ မူဝါဒ လျှောက်လဲရန် သင့်တော်သော သတင်းအချက်အလက်များ

>> သင်တန်းသားများအား "ရာသီဥတုပြောင်းလဲခြင်းနဲ့ REDD+အတွက် မူဝါဒလျှောက်လဲဖို့ ကြိုးစားမယ်ဆိုရင် ဘာအချက်အလက်တွေ လိုအပ်မလဲ။ ဘာ့ကြောင့်လဲ။" ဟူသည့် မေးခွန်းကို မေးပါ။

>> တင်ပြလာသော အချက်အလက်များမပြည့်စုံပါက မေးခွန်းများမေးခြင်းဖြင့် သင်တန်းသားများထံမှ အချက်အလက်များထွက်လာအောင် အချက်အလက်ရယူပါ။အနှစ်ချုပ်ကိုစုစည်းပြီး သင်ပုန်းပေါ်တွင် ရေးချထားပါ။

>> အောက်ပါ အချက်အလက်များဖြင့် ဖြည့်စွက်ရှင်းလင်းပေးပါ။

ရာသီဥတုပြောင်းလဲခြင်း နှင့် REDD+ ဆိုင်ရာ မူဝါဒလျှောက်လဲခြင်းပြုလုပ်နိုင်ရန် အောက်ပါအကြောင်းအရာများကို သိရှိနားလည်ထားရန် ရှာဖွေစုဆောင်းထားဖို့ လိုအပ်ပါသည်။

(၁) အဆင့်တိုင်းတွင်ရှိသော REDD+ ဆိုင်ရာများ၊ သစ်တောဆိုင်ရာများနှင့် ဆက်နွယ်နေသော လက်ရှိအသက်ဝင်နေသည့် ပေါ်လစီများ၊ ဥပဒေနှင့် နည်းဥပဒေ ညွှန်ကြားချက်များ၊ အစီရင်ခံစာများနှင့် သုံးသပ်ချက်များ၊ အစီအစဥ်နှင့် စီမံကိန်းများ၊

>> သစ်တောဆိုင်ရာ အစိုးရပေါ်လစီများ

>> နိုင်ငံအဆင့် REDD+ မဟာဗျူဟာ

>> နိုင်ငံအဆင့်၊ ဒေသအဆင့် REDD+ တွင် ပါဝင်ပတ်သက်သူအုပ်စုများ၊ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ

>> လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးဆိုင်ရာ လုံခြုံမှုအကာအကွယ်စနစ်ဆိုင်ရာ အချက်အလက်များ

>> မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်ဩခြင်းဖြင့် အဓိက ဦးတည်ရမည့် အုပ်စုများ

>> REDD+ ငွေစာရင်းရှင်းတမ်းစနစ်နှင့် အခြားပုံသေနည်းများဆိုင်ရာ အချက်အလက်များ

>> အစိုးရ၊ ကုမ္ပဏီ(သို့) ပုဂ္ဂလိကအဖွဲ့တစ်ခုခုမှ ရပ်ရွာများတွင် လက်ရှိအကောင်အထည်ဖော်လျက်ရှိသော(သို့) အစီအစဥ် ဆွဲထားသော REDD+ လုပ်ငန်းများ၊



Mr. Resham Dangi, Chief of REDD: Forestry and Climate Change Cell presenting on the R-Package preparation in Nepal, during the Asia-Pacific Indigeneous People's Dialogue with Forest Carbon Partnership Facility (FCPF). Photo Credit: AIPP

(၂) ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ တည်ဆဲမူဝါဒများ၊ ဥပဒေများ၊ အစီရင်ခံစာများနှင့် သုံးသပ်ချက်များ၊ အစီအစဉ်နှင့် စီမံကိန်းများ

>> UNFCCC တွင် မိမိနိုင်ငံ၏ ပါဝင်မှုအတိုင်းအတာနှင့် ဆက်သွယ်ဆက်ဆံမှုများ

>> နိုင်ငံတော်အဆင့်နှင့် ဒေသတွင်းအဆင့် ရာသီဥတုပြောင်းလခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

>> နိုင်ငံတော်အဆင့်နှင့် ဒေသတွင်းအဆင့် သဘာဝဘေးအန္တရာယ်လျှော့ချခြင်းနှင့် စီမံခန့်ခွဲမှု အစီအစဉ်များ

>> နိုင်ငံတော်နှင့် ဒေသတွင်းအဆင့်များတွင် ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်လုပ်ဆောင်နေသော အစိုးရဌာန၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ

>> ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ရံပုံငွေထားရှိမှု၊ နိုင်ငံတော်နှင့် ဒေသအဆင့်များတွင် ရှိနေသော ရံပုံငွေများ။

## မှီငြမ်း -

AIPP and Indigenous Knowledge and People Network. nd.briefing paper:Who are *Indigenous Peoples of Asia?*


AIPP and IWGIA. 2012. Briefing paper on REDD+, Rights and Indigenous Peoples: Lesson from REDD+ Initiative in Asia.

AIPP, FPP, IWGIA and Tebtebba, 2010. What is REDD?: A guide for Indigenous Communities. Chaig Mai: AIPP.

_______________.2010. what to do with REDD? A manual for indigenous Trainer. Chaing Mai: AIPP.

http://www.mccoyouth.org/Advocacy/advocacy-vs-lobbying.html.

IWGIA and AIPP. 2011. Understanding Community-Based REDD+: A Manual for Indigenous Communities. Chiang Mai: IWGIA.



# အပိုင်း (၂) MODULE 2

## မူဝါဒလျှောက်လဲခြင်း
## နှင့်
## စည်းရုံးဆော်ဩခြင်း
## အစီအစဉ်တစ်ခုကို
## စီစဉ်ဆောင်ရွက်ခြင်း

အပိုင်း(၁)ကို လေ့လာပြီးသည့်နောက်တွင် မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းအကြောင်းကို ထိုက်သင့်သလောက် နားလည်ပြီးလိမ့်မည် ဖြစ်သည်။ ထိုနည်းတူ ဒေသခံတိုင်းရင်းသားများကို အားပေးမြှင့်တင်ပေးသည့်အစီအစဉ် ဖြစ်ကြောင်းကိုလည်း နားလည်ပြီးသား ဖြစ်ပါလိမ့်မည်။ ထို့အပြင် သင်တန်းနည်းပြတစ်ယောက်သည် မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းအစီအစဉ်များတွင် REDD+ နှင့် လူအခွင့်အရေးများ၊ ဒေသပြဿနာများနှင့် အမျိုးသမီးများအပါအဝင် ဒေသခံ တိုင်းရင်းသားများ၏ စိတ်ဝင်စားမှုများကို ထည့်သွင်းစဥ်းစားလုပ်ဆောင်ရမည်ကိုလည်း နားလည်သဘောပေါက်ထားပြီး ဖြစ်ရ ပါမည်။

ယခုအပိုင်း(၂) တွင် မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းလုပ်ငန်းစဉ် (Campaign)တစ်ခု စီစဉ်ဆောင်ရွက်ပုံကို လေ့လာဆွေးနွေးသွားမည်ဖြစ်သည်။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်း ခွဲ၍ လေ့လာသွားမည်ဖြစ်သည်။
(က) ပထမအပိုင်းတွင် ကမ်ပိန်းတစ်ခု စီစဉ်လုပ်ဆောင်ရန် လိုအပ်သော အဆင့်များအကြောင်းနှင့်
(ခ) အစီအစဉ်များပေါ်ထွက်လာစေရန် လိုအပ်သော သတင်းအချက်အလက်များ တို့ဖြစ်သည်။

## (ရည်ရွယ်ချက်) ယခုအခန်းကို ဆွေးနွေးလေ့လာပြီးနောက်တွင် သင်တန်းများအနေဖြင့် -

(၁) မူဝါဒလျှောက်လဲခြင်း ကမ်ပိန်းတစ်ခုစီစဉ်လုပ်ဆောင်ရာတွင် လုပ်ဆောင်ရန် လိုအပ်သည့် အဆင့်များကို နားလည် သဘောပေါက် လာမည်။
(၂) မူဝါဒလျှောက်လဲခြင်း ကမ်ပိန်း အစီအစဉ်တစ်ခု ရရှိလာမည်။
(၃) မူဝါဒလျှောက်လဲခြင်းကမ်ပိန်းတစ်ခုအတွက် လိုအပ်သော သတင်းအချက်အလက်များကို ခွဲခြားသတ်မှတ်နိုင်မည်

## ကြာချိန် - ၈ နာရီ (တစ်ရက်)

## လိုအပ်သောပစ္စည်းများ

- သင်ပုန်း(သို့) သင်ပုန်းဖြူ
- သင်ပုန်းဖြူပေါ်တွင် ရေးရန် ဆော့ပင်များ
- စာရွက်ကြီး၊ ငယ်
- ပါဝါပွိုင့် တင်ပြခြင်း
- ဒေသခံတိုင်းရင်းသာများက အစိုးရကို တောင်းဆိုနေသည့်ဓာတ်ပုံ၊ မီဒီယာမှ အင်တာဗျူးနေသည့် ဓာတ်ပုံ၊ သတင်းစာရှင်းလင်းပွဲဓာတ်ပုံ၊ အစိုးရဌာန၊ အင်န်ဂျီအိုများနှင့် ဆွေးနွေးပွဲဓာတ်ပုံများ၊ ဆန္ဒကျင်ဆန္ဒပြနေသည့် ဓာတ်ပုံများ
- တီဗွီ၊ LCD
- လက်ကိုင်ကွန်ပြူတာ

## သင်တန်းနည်းပြမှတ်စုများ

အခန်း ၂.၁ မူဝါဒလျှောက်လဲခြင်းကမ်ပိန်းစီစဉ်ဆောင်ရွက်ခြင်းသည် လေးနက်သော လုပ်ငန်းစဉ် တစ်ခုဖြစ်သည်။ ထို့ကြောင့် သင်တန်း သားများအနေဖြင့် ထိရောက်ကောင်းမွန်သော မူဝါဒ လျှောက်လဲခြင်း ကမ်ပိန်းတစ်ခုဖြစ်မြောက်ရန် အရေးကြီးသော သဘောတရားများကို ကောင်းစွာ နားလည်သဘောပေါက်ထားရန် လိုအပ်ပါသည်။

အောက်ပါဆွေးနွေးချက်များသည် လွယ်ကူရိုးရှင်းပါသည်။ သို့သော် သင်တန်းနည်းပြအနေဖြင့် ဒေသတွင်းအဖြစ်အပျက်များ၊ ကိုယ်ပိုင်အတွေ့အကြုံများဖြင့် ဖြည့်စွက်ပြီး ပိုမိုလွယ်ကူရိုးရှင်းအောင် လုပ်ဆောင်ရန်လိုအပ်ပါသည်။ အကြံပြုချက်များကို အောက်တွင် လေ့လာပါ။

- >> မူဝါဒလျှောက်လဲခြင်းလုပ်ငန်းများနှင့် သက်ဆိုင်သော အတွေ့အကြုံများကို သင်တန်းသားများအား ကြိုတင်မေးမြန်းထားပါ။ ၎င်းတို့၏ ဥပမာများကိုအသုံးပြုပြီး မူဝါဒလျှောက်လဲခြင်းနှင့် သက်ဆိုင်သော အခြေခံသဘောတရားများဖြစ်သောပန်းတိုင်၊ ရည်ရွယ်ချက်၊ အထောက်အထားများ စသည်ဖြင့် ဖော်ထုတ်ပေးနိုင်မည်။
- >> ပိုမိုနားလည်သဘောပေါက်ရန် အလို့ငှာ ကွန်ပြူတာ၊ ပရိုဂျက်တာ(ရုပ်ရှင်ပြစက်)များဖြင့် ရှင်းလင်းပြသနိုင်ရန် ပြင်ဆင်ထားပါ။ ဥပမာ- မူဝါဒလျှောက်လဲခြင်းသံသရာ၊ လုပ်ဆောင်ရမည့်အဆင့်များကို ပြသသည့် ဇယားကွက်များ စသည်တို့ ဖြစ်သည်။ ဖြစ်နိုင်သမျှ ဓာတ်ပုံများများ အသုံးပြုပေးပါ။ အစိုးရများ၊ အင်န်ဂျီအိုများ၊ ကုမ္ပဏီများနှင့် ဆွေးနွေးနေပုံများ၊ သစ်တောပုံများ၊ ပြဇာတ်တိုများဖြင့် အမြင်ဖွင့်နေသည့်ပုံများ စသဖြင့်၊
- >> သင်တန်းသားများ နားလည်နိုင်သည့် ဘာသာစကားများကို အသုံးပြုပါ။ ဥပမာ- အထောက်အထားများကို သင်္ကေတများဖြင့် အသုံးပြုခြင်း၊ ဒေသတွင်းရှိသောအရာများကို အသုံးပြုခြင်း စသည်ဖြင့် သဘောတရားကို ကောင်းစွာ နားလည်သဘော ပေါက်သွားစေရန် လုပ်ဆောင်ရန် လိုသည်။

အဖွဲ့ခွဲပြီး ထိရောက်စွာ လုပ်ဆောင်ခြင်းကို ဦးတည်စဉ်းစားဆွေးနွေးသွားမည်ဖြစ်ပါသည်။ ငါးယောက်တစ်ဖွဲ့ ဖွဲ့မည်။ ကျားမပါဝင်မှု မျှတပါစေ။ လိုအပ်ပါက အမျိုးသမီးအဖွဲ့ဖွဲ့ပါ။ ဦးဆောင်သူ၊ ပြန်လည်တင်ပြမည့်သူများကို ရွေးချယ်ရမည်ဖြစ်သည်။ ယခု ဆွေးနွေးလေ့လာသည့်အပိုင်းပြီးသည်အထိ အဆိုပါအဖွဲ့ကို ဖွဲ့စည်းထားမည်ဖြစ်သည်။ တစ်ဖွဲ့တည်းဖြင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ရမည့်အစီအစဉ်များစွာ ပါရှိသည်ကို နားလည်စေပါ။ ဥပမာ- ဒေသ၏ ပြဿနာအခက်အခဲများကို ရှာဖွေဖော်ထုတ်ရမည်။ ထို့အတူ ထိုအခက်အခဲများကို ဖြေရှင်းနိုင်ရန် ပန်းတိုင်ရည်ရွယ်ချက်များ၊ လုပ်ဆောင်ချက် အစီအစဉ် (အထောက်အထား၊ ညွန့်ပေါင်းအဖွဲ့၊ ဦးတည်အုပ်စုများ၊ လုပ်ဆောင်ချက်များ) များ၊ နောက်ဆုံးတွင် မူဝါဒလျှောက်လဲခြင်းအတွက် အစီအစဉ်များအတွက် လုပ်ဆောင်ရမည်။

# အခန်း ၂.၁

## မူဝါဒလျှောက်လဲခြင်း ကမ်ပိန်းစီစဉ် ဆောင်ရွက်ခြင်း

**ကြာချိန်-၇ နာရီ**

ကြိုတင်ပြီး မူဝါဒလျှောက်လဲခြင်းဆိုင်ရာ ကမ်ပိန်း အကြောင်းကို သိထားလျှင် အကောင်းဆုံးဖြစ်ပါလိမ့်မည်။

### လုပ်ဆောင်ချက်(၁) ကမ်ပိန်း (Campaign) ဆိုသည်မှာ အဘယ်နည်း။

(၁) ရောင်စုံကပ်ခွာစာရွက်ပိုင်းများကို သင်တန်းသားများအား ဝေငှထားပါ။ စာရွက်တစ်ရွက်တွင် ကမ်ပိန်းဆိုသည့်စကားလုံးကို ကြားသည့်အခါ စိတ်တွင် ပေါ်ထွက်လာသော သော့ချက်စကားလုံးတစ်လုံးကို ရေးချစေပါ။

(၂) သင်တန်းသားများက ရေးချပြီးလျှင် သင်ပုန်း(သို့) သင်ပုန်းဖြူပေါ်တွင် ကပ်ထားစေပါ။

(၃) သင်တန်းနည်းပြမှ အဓိပ္ပာယ်တူညီသော၊ တူညီဟန်ရှိသော စကားလုံးများကို ခွဲခြား၊ စုစည်းပြီး မူဝါဒလျှောက်လဲရန် လုပ်ဆောင်သည့် ကမ်ပိန်းအကြောင်းကို ဆွေးနွေးစေပါ။

### ၂.၁.၁ မူဝါဒလျှောက်လဲသည့် ကမ်ပိန်းဆိုသည်မှာ အဘယ်နည်း။ မူဝါဒလျှောက်လဲသည့် ကမ်ပိန်း၏ သွင်ပြင်လက္ခဏာများမှာ အဘယ်နည်း။

အရိုးရှင်းဆုံးဖော်ပြရလျှင် မူဝါဒလျှောက်လဲသည့် ကမ်ပိန်းဆိုသည်မှာ အောက်ပါလုပ်ဆောင်မှုများ ပါဝင်ပြီး ရေရှည်ဖြစ်သော လုပ်ငန်းတစ်ခုဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ၄င်းတို့မှာ -

- သုတေသနပြုခြင်း
- အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း
- လက်တွေ့လုပ်ဆောင်ခြင်း
- စောင့်ကြည့်လေ့လာခြင်း
- လုပ်ခဲ့ပြီးသော လုပ်ငန်းများကို ပြန်လည်သုံးသပ်ခြင်း တို့ဖြစ်သည်။

မူဝါဒလျှောက်လဲခြင်း ကမ်ပိန်းကို ဥပမာအားဖြင့် ဖော်ပြရလျှင်- သစ်တော၊ မြေယာ၊ အရင်းအမြစ်များနှင့် သက်ဆိုင်သော ကျွန်ုပ်တို့၏ အခွင့်အရေးများကို စိတ်ချလုံခြုံအောင် တောင်းဆိုသော ကမ်ပိန်းများ၊ ရေရှည်တည်တံ့သော ရိုးရာအသက်မွေးမှုလုပ်ငန်းများကို အသိအမှတ်ပြုရန် လုပ်ဆောင်သော ကမ်ပိန်းများ၊ ကျွန်ုပ်တို့တွင် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူမှုတို့ကို ရယူခွင့် စသည့်အခွင့်အရေးအတွက် လုပ်ဆောင်သော ကမ်ပိန်းများ စသည်တို့ ဖြစ်သည်။

မူဝါဒလျှောက်လဲခြင်းဆိုင်ရာ လုပ်ငန်းတွင် လုပ်ဆောင်သည့်ပုံစံမျိုးစုံနှင့် ရည်ရွယ်သော ပန်းတိုင်းနှင့် ရည်ရွယ်ချက်များဆီသို့ ရောက်ရှိရန် အချိန်ကာလအားဖြင့် ရှည်ကြာသည့်သဘော ရှိသည်။ ပန်းတိုင်သည်လည်း ရေရှည်ပန်းတိုင်ဖြစ်နိုင်သည်။ ရေရှည်လုပ်ဆောင်ရမည့် မူဝါဒလျှောက်လဲခြင်းလုပ်ငန်းများဖြင့် ထိုပန်းတိုင်ကို ရရှိနိုင်မည့် အခြေအနေမျိုးလည်း ဖြစ်နိုင်သည်။ သို့သော် ရေရှည်ပန်းတိုင်ကို ရောက်ရှိရန်အလို့ငှာ တိကျစွာ ချမှတ်ထားသော ရည်မှန်းချက်များကို ပြည့်စုံစေသည့် ရေတိုမူဝါဒ လျှောက်လဲခြင်းအစီအစဉ်များလည်း ရှိနိုင်သည်။

အောင်မြင်သော မူဝါဒလျှောက်လဲခြင်းဆိုင်ရာ ကမ်ပိန်း၏ သွင်ပြင်လက္ခဏာများမှာ အဘယ်နည်း ? ထိုသွင်ပြင်လက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**!** သင်တန်းဆရာ / ပံ့ပိုးကူညီသူ မှတ်စု -ပရော်ဂျက်တာကို အသုံးပြုပြီး အောက်ပါ အကြောင်းအရာများကို ဥပမာနှင့်တကွ ရှင်းပြပေးပါ။

**မဟာဗျူဟာကျကျ**

သေချာစွာ သုတေသနပြုလုပ်ဆန်းစစ်ပြီး ကျွန်ုပ်တို့၏ကမ်ပိန်းကို စနစ်တကျ စီစဉ်ဆောင်ရွက်ရမည်ဖြစ်သည်။

**အစဉ်အလိုက်ဖြစ်သော လုပ်ဆောင်ချက်များ**

မူဝါဒလျှောက်လဲခြင်းလုပ်ငန်းသည် တစ်ကြိမ်တစ်ခါတည်းဖြင့် လုပ်ရသည့် လုပ်ငန်း မဟုတ်ပါ။ ဥပမာ- အစိုးရဌာနတွင် အစည်းအဝေးတက်ရောက်ခြင်း၊ လွှတ်တော်အမတ်ထံ ဖုန်းဆက်ခြင်း၊ တီဗွီအစီအစဉ်တွင် ထုတ်လွှင့်ခြင်း၊ မဂ္ဂဇင်းဂျာနယ်တွင် အင်တာဗျူးပါလာခြင်း စသည်တို့ဖြစ်သည်။ မူဝါဒလျှောက်လဲခြင်းလုပ်ငန်းသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ချိတ်ဆက်သော လုပ်ဆောင်ချက်အစုအဝေးတစ်ခုဟု ဆိုနိုင်ပါသည်။

**စည်းရုံးသိမ်းသွင်းရန် ဒီဇိုင်းဆွဲထားခြင်း**

ကျွန်ုပ်တို့အနေဖြင့် ခိုင်လုံသည့်အထောက်အထား၊ အယူအဆများ၊ အိုင်ဒီယာများဖြင့် ပြောင်းလဲမှုတစ်ခုရရှိအောင် လုပ်ဆောင်ရာတွင် ပြည်သူလူထုသည် အရေးကြီးကြောင်းကို ခိုင်မာစွာ ပြောဆိုစည်းရုံးနိုင်ရမည်။ သို့မှသာ ထောက်ခံမှုကို ရရှိမည်ဖြစ်သည်။ ဥပမာအားဖြင့် မိမိတို့ရပ်ရွာတွင် ဝင်ရောက်လာမည့် ပြင်ပဝင်ရောက်မှုများ အားလုံးသည် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထား ရမှု ( FPIC ) အယူအဆမျိုးကို ဆိုလိုသည်။

### ဦးတည်အုပ်စု တိတိကျကျ

ကျွန်ုပ်တို့၏ ကြိုးစားလုပ်ဆောင်မှုသည် အောင်မြင်သည့် မူဝါဒပြောင်းလဲမှုကမ်ပိန်းကို ဖြစ်စေနိုင်သည့် လုပ်ပိုင်ခွင့်အာဏာရှိသူ(သို့) ဩဇာလွှမ်းမိုးနိုင်သူ လူပုဂ္ဂိုလ်တစ်ဦး(သို့) အုပ်စုတစ်စုကို ဦးတည်ရမည်။ ဥပမာ- မြို့နယ်သစ်တောဦးစီးမှူး၊ အုပ်ချုပ်ရေးမှူး(သို့) ကုမ္ပဏီပိုင်ရှင်၊

### မဟာမိတ်များ ဖွဲ့စည်းပါ

မိမိတို့၏ ကမ်ပိန်းကို ပိုမိုထိရောက်ကျယ်ပြန့်စေရန်၊ ကျွန်ုပ်တို့၏ ကြိုးစားမှုများကို အားပေးမြှင့်တင့်ရန် အခြားသော အဖွဲ့များ၊ ဆုံးဖြတ်ချက် ချနိုင်သည့်အုပ်စု များနှင့် ပူးပေါင်းဆောင်ရွက်ပါ။

### ပြောင်းလဲမှုအတွင်း ရလဒ်များ

ကျွန်ုပ်တို့၏ မူဝါဒပြောင်းလဲခြင်းဆိုင်ရာ ကမ်ပိန်းများသည် ပြဿနာများကို ရင်ဆိုင်နေရသော ဒေသခံတိုင်းရင်းသားများအတွက် အပြုသဘောဆောင်သော ပြောင်းလဲမှုရလဒ်များကို ရရှိစေရမည်။ ထိရောက်သော မူဝါဒပြောင်းလဲခြင်းဆိုင်ရာ ကမ်ပိန်း ဖြစ်စေရန် အတွက် ၎င်းတို့လိုချင်သော ပြောင်းလဲမှုသည် ကျွန်ုပ်တို့လိုချင်သောအရာနှင့် ထပ်တူကျသည်ဖြစ်၍ ဦးတည်အုပ်စုများကိုလည်း စည်းရုံး သိမ်းသွင်းနိုင်ရမည်။

## ၂. ၁. ၂ မူဝါဒပြောင်းလဲခြင်းစက်ဝိုင်း

မူဝါဒပြောင်းလဲလိုသည့် ကမ်ပိန်းတစ်ခုကို အကောင်အထည်ဖော်ရာတွင် စက်ဝိုင်းတစ်ခုကဲ့သို့ သံသရာလည်သည့် လုပ်ဆောင်ချက်များရှိပါသည်။ ၎င်းတို့မှာ

- >> ပြဿနာ၏အရင်းအမြစ်များကို ဖော်ထုတ်ခြင်း
- >> အဆိုပါ ပြဿနာနှင့် ဆက်စပ်ဆက်နွှယ်နေသော ပြဿနာများကို သုတေသနပြုလုပ်ခြင်း
- >> ဆက်စပ်မှုရှိသော လုပ်ဆောင်ချက်များအတွက် အစီအစဉ်ရေးဆွဲခြင်း
- >> ရေးဆွဲထားသော အစီအစဉ်များအတိုင်း အကောင်အထည်ဖော်ခြင်း
- >> လုပ်ဆောင်ခဲ့ပြီးသော လုပ်ဆောင်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း

သင်တန်းဆရာ/ပံ့ပိုးကူညီသူမှတ်စု-ပရောဂျက်တာဖြင့် မူဝါဒလျှောက်လဲခြင်းဆိုင်ရာ လုပ်ငန်းတစ်ခုပြုလုပ်ရာတွင် ရှိရမည့် အဆင့်(၅)ဆင့်ကို ပြသပေးပါ။

မူဝါဒလျှောက်လဲခြင်းအဆင့်(၅)ဆင့်




## ၂. ၁. ၃ မူဝါဒလျှောက်လဲခြင်း ကမ်ပိန်းအစီအစဉ်တစ်ခုအတွင်း ကနဦးလုပ်ဆောင်ရမည့် အဆင့်များ


### *(၁) ပြဿနာကို ဖော်ထုတ်သတ်မှတ်ခြင်းနှင့် နားလည်အောင် လုပ်ဆောင်ခြင်း*

#### *(က) ပြဿနာကို ဖော်ထုတ်သတ်မှတ်ခြင်း*

ခိုင်မာကျစ်လစ်သော မူဝါဒလျှောက်လဲခြင်း ကမ်ပိန်းအစီအစဉ်တစ်ခုပြုလုပ်ရန် ပထမဆုံးအနေဖြင့် သင်နှင့် သင့်ပတ်ဝန်းကျင်ဒေသခံတိုင်းရင်းသားများတွင် ကြုံတွေ့နေရသည့် ပြဿနာကို ဖော်ထုတ်သတ်မှတ်ရမည်ဖြစ်ပါသည်။ ရပ်ရွာထဲတွင် အမှန်တကယ်ဖြစ်ပေါ်သော ပြဿနာဖြစ်သောကြောင့် ဒေသခံများအနေဖြင့် ဖော်ထုတ်သတ်မှတ်ရန် ခက်ခဲလိမ့်မည်မဟုတ်ပါ။

ပြဿနာများကို ဖော်ထုတ်သတ်မှတ်နိုင်ရန် နည်းစနစ်များစွာကိုလည်း အသုံးပြုနိုင်ပါသည်။ စိတ်ကူးမြေပုံရေးဆွဲခြင်းနှင့် ပြဿနာသစ်ပင်ရေးဆွဲခြင်း နည်းစနစ်များ ဖြစ်ပါသည်။

စိတ်ကူးမြေပုံရေးဆွဲခြင်းနည်းစနစ်ဖြင့် ရပ်ရွာတွင်း ဒေသခံများ ကြုံတွေ့နေသော ပြဿနာများကို နားလည်သဘောပေါက်နိုင်ပါသည်။ စိတ်ကူးမြေပုံဆိုသည်မှာ ရုပ်ပုံကြမ်းတစ်ခုသာဖြစ်ပါသည်။ တူညီသောအကြောင်းအရာ၊ အချက်အလက်များကို စုစည်းသည့် နည်းတစ်မျိုးဖြစ်ပါသည်။ ဦးနှောက်ဆဲလ်များကဲ့သို့ပင် မျဉ်းတစ်ကြောင်းဆွဲတိုင်း အလယ်ဗဟိုချက်တစ်ခုရှိသည်။ ရုပ်ပုံများ (သို့) စာသားများလည်းဖြစ်နိုင်သည်။ အဓိက ဦးတည်ရာနှင့် အဓိက အကြောင်းအရာများကို ဖော်ပြသော မြေပုံကားချပ်ဖြစ်ပါသည်။ အဆိုပါ အဓိက ဦးတည်ရာနှင့် အဓိက အကြောင်းအရာများသည် ရပ်ရွာတွင် ကြုံတွေ့ နေရသော ပြဿနာကို ဖော်ပြနေပါသည်။ ဥပမာ- တရားမဝင်သစ်ထုတ်လုပ်မှုများကြောင့် ပြဿနာဖြစ်ပေါ်နေသော ကမ္ဘောဒီးယားနိုင်ငံမှ ဒေသခံတိုင်းရင်းသားများအကြောင်း၊ (သို့) ဆီအုန်းစိုက်ပျိုးရန်အတွက် မြေသိမ်းမှုများကို ခံစားကြုံတွေ့နေရသော အင်ဒိုနီးရှားနိုင်ငံမှ ကာလီမာန်တန်ဒေသမှ ဒေသခံတိုင်းရင်းသားများအကြောင်း စသည်ဖြင့် ဖြစ်ပါသည်။



Paul Foreman http:// http://www.mindmapinspiration.com/

ပြဿနာသစ်ပင်လေ့ကျင့်ခန်း ဖြင့်ခွဲခြမ်းစိပ်ဖြာခြင်းသည်လည်း တစ်နည်းအားဖြင့် ပြဿနာရပ်တစ်ခု၏အကြောင်းရင်းဇစ်မြစ်နှင့် အကျိုးဆက်များကို ခွဲခြမ်းစိပ်ဖြာပေးနိုင်ပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းကိုရှာတွေ့စေနိုင်ပါသည်။ ပထမအဆင့်အနေဖြင့် ဖြေရှင်းလိုသည့် ပြဿနာကိစ္စရပ်တစ်ခုကိုရွေးချယ်သတ်မှတ်ရန် လိုအပ်ပါလိမ့်မည်။ ရွေးချယ်လိုက်သော အဓိကပြဿနာကို စာရွက်ကြီး၏အလယ်ဗဟိုတွင်ရေးချပြီး ၄င်းသည် သစ်ပင်၏ ပင်စည် ဖြစ်သွားပါမည်။ ထို့နောက် အဆိုပါပြဿနာ၏ အကြောင်းရင်းဇစ်မြစ်များကို ရွေးချယ်ဖော်ထုတ်ပြီး အမြစ်များအဖြစ် သတ်မှတ်လိုက်ပါ။ ထိုနည်းအတိုင်း အဆိုပါ ပြဿနာ၏ အကျိုးဆက်ကို ဆက်လက် စဉ်းစားဖော်ထုတ်ပြီး အကိုင်းအခက်များအဖြစ် သတ်မှတ်လိုက်ပါ။




(ခ) ပြဿနာကို နားလည်သဘောပေါက်အောင် လုပ်ဆောင်ခြင်း(Research)

ရွေးချယ်သတ်မှတ်လိုက်သော ပြဿနာ၏ အသေးစိတ်အချက်အလက်များကို သိရှိနိုင်ရန် အဆိုပါ ပြဿနာနှင့် ပါဝင်ပတ်သက်နေသည့် အရာများအားလုံးကို ဖော်ထုတ်ရှာဖွေရန် လိုအပ်ပါလိမ့်မည်။ အခြေခံသုတေသနပြုခြင်း၏အခန်းကဏ္ဍသို့ရောက်ရှိလာပါပြီ။ ရပ်ရွာအတွင်းရှိ အသက်ကြီးသူရပ်မိရပ်ဖများ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး အဖြစ်အပျက်များ၊ အတွေ့အကြုံများ၊ သတင်းအချက်အလက်များကို ရယူနိုင်ပါသည်။ ဦးတည်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးခြင်း(Focus Group Discussion) ဟုလည်း ခေါ်ပါသည်။ ထိုသို့ ရှာဖွေဖော်ထုတ်သည့်အခါတွင် အမျိုးသမီးနှင့် လူငယ်များလည်း ပါဝင်ပါစေ။ အောက်ပါမေးခွန်းများကို မေးမြန်းခြင်းဖြင့် လုပ်ဆောင်နိုင်ပါသည်။

>> ပြဿနာက ဘာလဲ။

>> ပြဿနာဖြစ်အောင် ဘယ်သူတွေက လုပ်တာလဲ။ ထိုပြဿနာက သင်(သို့) သင့်ရပ်ရွာကို မည်ကဲ့သို့ ထိခိုက်စေသနည်း။

>> အဆိုပါ ပြဿနာက ဒေသခံတိုင်းရင်းသားရပ်ရွာများကို မည်ကဲ့သို့ ထိခိုက်စေသနည်း။

>> အခြားသူများကိုလည်း အခြားသော နည်းများဖြင့် ထိခိုက်နစ်နာစေမှုများ ရှိပါသလား။

>> ပြဿနာကို ဖြစ်စေသော အကြောင်းရင်းများက ဘာလဲ။

>>ပြဿနာကို ရင်ဆိုင်ဖြေရှင်းရန်အတွက် တာဝန်ဝတ္တရားရှိသူများကို ဖော်ပြပါ။
>>သင့်အနေဖြင့် အဆိုပါ ပြဿနာကို ဖြေရှင်းနိုင်သော နည်းလမ်းများကို သိလျှင် ဝေမျှပေးပါ။
>>မတူညီသော ဖြေရှင်းနည်းလမ်းများကြောင့် ဒေသခံများ၊ ရပ်ရွာများကို မည်သို့ ထိခိုက်နစ်နာစေမည်နည်း။

(ဂ) သတင်းအချက်အလက်များ စုဆောင်းရန် အဘယ်ကြောင့် အရေးကြီးသနည်း။

သတင်းအချက်အလက်များကို စုဆောင်းခြင်းသည် အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော်
>> အရေးအကြီးဆုံးအချက်တစ်ချက်ဖြစ်ပါသည်။ မူဝါဒပြောင်းလဲလိုသူတစ်ဦးအနေဖြင့် ပြဿနာကို ထဲထဲဝင်ဝင် ကောင်းစွာ နားလည်သဘောပေါက်ထားရန် လိုအပ်သည်။ သို့မှသာ မူဝါဒလျှောက်လဲမှုအတွက် လိုအပ်သည့် သင့်တော်သော သတင်းအချက်အလက်များရွေးချယ်မှုများကို လုပ်ဆောင်နိုင်မည်။
>> သတင်းအချက်အလက်များက မူဝါဒလျှောက်လဲလိုသူ၏ပန်းတိုင် (သို့) နည်းဗျူဟာကို ပြောင်းလဲစေနိုင်ပါသည်။ ပူးပေါင်းလုပ်ဆောင်နိုင်မည့် မဟာမိတ်များ (သို့) ပြိုင်ဘက်များကို စဉ်းစားနိုင်ရန် အကူအညီဖြစ်ပါသည်။
>> တိကျသေချာသော သတင်းအချက်အလက်များက အများ၏စိတ်ဝင်စားမှု၊ ကူညီပံ့ပိုးမှုနှင့် လုပ်ဆောင်မှုများကို ဖြစ်စေပါသည်။
>>ပြဿနာကို နားလည်ခြင်းမရှိသော (သို့) မှားယွင်းသော သတင်းအချက်အလက်များအပေါ်တွင် အခြေပြုသော မူဝါဒလျှောက်လဲခြင်း လုပ်ဆောင်ချက်များသည် ဦးဆောင်သူများကို အရှက်ရစေနိုင်သလို ပြိုင်ဘက်(သို့) ဆုံးဖြတ်ချက်ချနိုင်သူများ၏ အထင်အမြင်သေးခြင်းကိုလည်း ခံရစေနိုင်သည်။
>>ပြိုင်ဘက်များ၏ အနေအထားနှင့် အခြား၊ အခြားသော ပတ်သက်သူများကိုလည်း နားလည်စေနိုင်သည်။

(ဃ) သတင်းအချက်အလက်များကို စုဆောင်းရန် အသုံးဝင်သော သင်ထောက်ကူပစ္စည်းများ

>> မြေပုံဆွဲခြင်း- မြေပုံ(သို့) ရုပ်ပုံသည် ပထဝီအနေအထားများကို နားလည်စေရန် အထောက်အကူဖြစ်စေသည်။
>>အချက်အလက်များ စုဆောင်းကောက်ခံခြင်း၊ ဓာတ်ခွဲခန်းစစ်ချက်နမူနာများ၊ ဒြပ်ထုပစ္စည်းများ၊ ဥပမာ- သစ်တောထွက်ပစ္စည်း၊ ပန်းမန်နှင့် မှိုပုံစံများ၊ စသဖြင့် အသုံးပြုနိုင်သည်။ ဓာတ်ပုံဖြင့်လည်း ပတ်ဝန်းကျင်ပျက်စီးမှုများကို မှတ်တမ်းတင်ထားနိုင်သည်။
>> လူမှု-ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များကိုလည်း လူတွေ့မေးမြန်းခြင်း၊ ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ လုပ်ဆောင်ခြင်းအားဖြင့် ရယူနိုင်ပါသည်။
>> ဇီဝဆိုင်ရာ စစ်တမ်း- အပင်နှင့် သတ္တဝါတို့၏ အရေအတွက်၊ အမျိုးအစားနှင့် သိပ်သည်းဆများကို စစ်တမ်းကောက်ယူခြင်းဖြင့်လည်း ရယူနိုင်သည်။
>> လူမှုစစ်တမ်း- လူထု၏အမြင်များကို မေးမြန်းကောက်ယူခြင်းဖြင့်လည်း သတင်းအချက်အလက်များကို ရယူနိုင်သည်။

လိုအပ်သော အချက်အလက်များကို ကောက်ခံရရှိပြီးသောအခါ အောက်ပါ မေးခွန်းများအတွက် အဖြေများကိုလည်း ရှာဖွေဖော်ထုတ်နိုင်လျှင် ပိုမိုသင့်လျော်ကောင်းမွန်ပါသည်။

>> ယခုပြဿနာများနှင့် ပတ်သက်၍ လုပ်ဆောင်နေသော အခြားအဖွဲ့အစည်းများ ရှိပါသလား။

>> သင်တို့လုပ်ဆောင်နေသော မူဝါဒလျှောက်လဲခြင်း လုပ်ငန်းကို အထောက်အကူဖြစ်စေနိုင်သော ဆုံးဖြတ်ချက်ချမှတ်နိုင်သူ (သို့) အရေးပါသူ တစ်ဦးဦး သင်တို့၏ ရပ်ရွာလူ့အဖွဲ့အစည်းတွင် ရှိပါသလား။

>> ဥပဒေ(သို့) အမိန့်ပြန်တမ်းကို လုံးဝပြောင်းလဲအောင်လုပ်မှ ရမည်လော။ သို့တည်းမဟုတ် တဖြည်းဖြည်း ပြောင်းလဲအောင် လုပ်သွားလို့ ရနိုင်ချေ ရှိပါသလား။

>> ပြဿနာကို ရင်ဆိုင်ဖြေရှင်းဖို့ ရေရှည်(သို့) ရေတို ရည်မှန်းချက်များ ရှိပါသလား။

>> ဘယ်ဖြေရှင်းပုံနည်းလမ်းက အထိရောက်ဆုံး ဖြစ်နိုင်မလဲ။

>> ဘယ်အစိုးရဌာနက ဒီပြဿနာကို (မြို့နယ်၊ ခရိုင်(သို့)တိုင်း၊ ဗဟို) ကိုင်တွယ်ဖြေရှင်းဖို့ တာဝန်ရှိသလဲ။

>> ဘယ်အဖွဲ့အစည်းတွေက မဟာမိတ်ဖွဲ့ပြီး လုပ်ဆောင်ဖို့ အသင့်တော်ဆုံးလဲ။

! သင်တန်းဆရာမှတ်စု - မူဝါဒလျှောက်လဲလိုသည့် ကမ်ပိန်းများစွာသည် ဒေသခံတိုင်းရင်းသားတို့၏ အခက်အခဲပြဿနာကို အမှန်တကယ် အသေးစိတ်မသိဘဲ လက်တွေ့အကောင်အထည်ဖော်သည့်အခါမျိုးတွင် အမှားအယွင်းများ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် သုတေသနစစ်တမ်းကောက်ခြင်းက အရေးကြီးရသည့်အကြောင်းရင်းပင်ဖြစ်သည်။ အကယ်၍ ကျွန်တော်တို့တွင် ယုံကြည်နိုင်လောက်သည့် အချက်အလက်များ၊ အထောက်အထားများ ပြည့်စုံမှုမရှိလျှင် အစိုးရဌာန၊ ပုဂ္ဂလိကကုမ္ပဏီများကို ညှိနှိုင်းဆွေးနွေးနိုင်လိမ့်မည်ဟု မျှော်လင့်မထားပါနှင့်။ ရယူထားသော အချက်အလက်များကို ကမ်ပိန်းလုပ်ဆောင်မှု၏ ကဏ္ဍအစုံတွင် ထည့်သွင်းအသုံးပြုရမည်ဖြစ်သည်။ ယင်းအချက်အလက်၊ အထောက်အထားများကို သတင်းစာရှင်းလင်းပွဲ၊ အသနားခံလွှာ၊ သဘောထားထုတ်ပြန်ချက်၊ အိတ်ဖွင့်ပေးစာစသည့်ကဏ္ဍများတွင် အသုံးပြုရမည်။ ရုပ်သံအစီအစဉ်များ၊ ရေဒီယိုအစီအစဉ်များတွင်လည်း အင်တာဗျူးများအားဖြင့် ထည့်သွင်းအသုံးပြုရမည်။ သတင်းအချက်အလက်သည် အင်အားတစ်ရပ်ဖြစ်ပြီး သုတေသနပြုခြင်းက သတင်းအချက်အလက်များကို ရရှိစေနိုင်သည့် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။



## လုပ်ဆောင်ချက်(၂) အဖွဲ့လိုက်လုပ်ဆောင်ခြင်း- ပြဿနာကို ဖော်ထုတ်သတ်မှတ်ရန်နှင့် နားလည်သဘောပေါက်ရန် (စိတ်ကူးမြေပုံနှင့် ပြဿနာသစ်ပင်နည်းကို သုံးမည်။)

**စိတ်ကူးမြေပုံလေ့ကျင့်ခန်းအတွက်-**

>> သင်တန်းသားများကို အဖွဲ့လိုက် ခွဲပါ။ အဖွဲ့တိုင်းတွင်ကျား‌မ ပါဝင်မှု မျှတပါစေ။ အဖွဲ့တိုင်းတွင် ဦးဆောင်ဆွေးနွေးသူ၊ မှတ်တမ်းရေးသူ၊ ပြန်လည်တင်ပြသူ များကို ရွေးချယ်စေပါ။

>> စာရွက်ကြီးတစ်ခု၏ အလယ်ဗဟိုတွင် မိမိတို့၏ရပ်ရွာတွင် ကြုံတွေ့နေရသောအဓိက ပြဿနာတစ်ခုကို ရေးချစေပါ။

>> ယင်းဗဟိုချက်သို့ လားရာမျဉ်းတစ်ကြောင်းဆွဲစေပါ။အဆိုပါ မျဉ်းသည် အကြောင်းရင်းတစ်ခုကို ကိုယ်စားပြုပါစေ။ အကြောင်းရင်းတစ်ခုတည်းတွင် ဆက်စပ်သည့် အကြောင်းရင်းများလည်းရှိနိုင်သည်ဖြစ်၍ ယင်းမျဉ်းပေါ်တွင် ထပ်မံ ဆွဲချစေပါ။ နောက်ထပ် အကြောင်းရင်းတစ်ခုကို စဉ်းစားမိပါကဗဟိုသို့ ဦးတည်လာသော မျဉ်းအသစ်တစ်ကြောင်းကို ထပ်မံဆွဲစေပါ။အထက်ပါနည်းအတိုင်း ဖြည့်စွက် ဆွဲစေပါ။ မျဉ်းတစ်ကြောင်း(သို့) အစိတ်အပိုင်းတစ်ခုသည် ပြဿနာ၏ အရင်းအမြစ်ကို ကိုယ်စားပြုကြောင်း သိရှိနားလည်စေပါ။ မျဉ်းကွေးမျဉ်းကောက်များဖြင့် သတင်းအချက်အလက်များ တစ်ခုနှင့်တစ်ခု ဆက်စပ်သည်ကို ပေါ်လွင်စေပါ။ ပြဿနာ၏ အရင်းအမြစ်ကို ဖော်ထုတ်ရာတွင်လည်းကောင်း၊ အစီအစဉ်များရေးဆွဲရာတွင်လည်းကောင်း စိတ်ကူးမြေပုံနည်းစနစ်ကို အသုံးပြုနိုင်သည်။ မျဉ်းအနေအထားပေါ်မူတည်ပြီး ပြဿနာအတိမ်အနက်ကိုလည်း ဖော်ပြနိုင်သည်။ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုကိုလည်း သိသာစေနိုင်ပါသည်။

>> အဖွဲ့များအားလုံးကို ပြန်လည်စုစည်းပြီး အဖွဲ့လိုက် တွေ့ရှိချက်များကို ပြန်လည်တင်ပြသူက အခြားသော အဖွဲ့သားများသိရှိစေရန် တင်ပြဆွေးနွေးစေပါ။

ပြဿနာသစ်ပင်လေ့ကျင့်ခန်းပြုလုပ်ရန်အတွက်-

>> သင်တန်းသားများကို အဖွဲ့လိုက် ခွဲပါ။ အဖွဲ့တိုင်းတွင် ကျားမပါဝင်မှု မျှတပါစေ။ အဖွဲ့တိုင်းတွင် ဦးဆောင်ဆွေးနွေးသူ၊ မှတ်တမ်းရေးသူ၊ ပြန်လည်တင်ပြသူ များကို ရွေးချယ်စေပါ။

>> အဖွဲ့တိုင်းအား စာရွက်ကြီးတစ်ရွက်စီကို ပေးထားပါ။

>> စာရွက်ကြီး၏ အလယ်ဗဟိုတွင် မိမိတို့၏ ရပ်ရွာတွင် အဓိက ကြုံတွေ့နေရသော ပြဿနာကို ရေးချစေပါ။ အဆိုပါ အဓိက ပြဿနာကို အဖွဲ့သားများအားလုံးက သဘောတူကြရမည်။ ယင်းပြဿနာကို ပင်စည်အဖြစ် သတ်မှတ်စေပါ။

>> အဖွဲ့သားများက အဆိုပါ ပြဿနာကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများကို စဉ်းစားဖော်ထုတ်စေပါ။ ၎င်းတို့ကို အမြစ်များအဖြစ် ပင်စည်၏ အောက်ပိုင်းတွင် ရေးဆွဲစေပါ။

>> ထို့နောက် ပြဿနာ၏အကျိုးဆက်ကို စဉ်းစားဖော်ထုတ်စေပါ။ ၎င်းတို့ကို အကိုင်းအခက်များ အဖြစ် သတ်မှတ်ရေးဆွဲစေပါ။

>> အဖွဲ့များအားလုံးကို ပြန်လည်စုစည်းပြီး ရရှိလာသော ဆွေးနွေးမှုများကို တင်ပြဆွေးနွေးစေပါ။




### (၂) မူဝါဒလျှောက်လဲခြင်းဆိုင်ရာ ပန်းတိုင်နှင့် ရည်ရွယ်ချက်များကို ချမှတ်ခြင်း

မူဝါဒလျှောက်လဲခြင်းဆိုင်ရာ ပန်းတိုင်နှင့် ရည်ရွယ်ချက်ဆိုသည်မှာ ဒေသခံတိုင်းရင်းသားများ ကြုံတွေ့နေရသော ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် မူဝါဒလျှောက်လဲခြင်း ကမ်ပိန်း၏ ရောက်ရှိအောင်မြင်လိုသောအရာများကို ဆိုလိုခြင်းဖြစ်ပါသည်။ ရပ်ရွာကို ထိခိုက်စေသော ပြဿနာကို တိကျစွာ နားလည်ဖော်ထုတ်နိုင်သည့်အခါတွင် ပန်းတိုင်များကိုလည်း ရှင်းလင်းပြတ်သားစွာ ချမှတ်နိုင်မည်ဖြစ် ပါသည်။

<u>*ပန်းတိုင်*</u> ဆိုသည်မှာ ပေါ်လစီ(သို့) ကျင့်သုံးမှုဆိုင်ရာများတွင် ကာလအတိုင်းအတာတစ်ခုအထိ မိမိတို့အနေဖြင့် မြင်လိုသော ပြောင်းလဲမှုကို ဆိုလိုပါသည်။ ဆိုလိုသည်မှာ ပန်းတိုင်သည် ကာလအကန့်အသတ်ရှိပြီး ယင်းကာလအတွင်း မူဝါဒပြောင်းလဲခြင်းကမ်ပိန်းအားဖြင့် ရောက်ရှိစေရမည့်သဘော၊ အောင်မြင်ရန် ဖြစ်နိုင်ချေရှိသောသဘော ဖြစ်သည်။ ဥပမာ- ဒေသခံတိုင်းရင်းသားများအနေဖြင့် REDD+ အသိုင်းအဝိုင်းတွင် ထိရောက်စွာ ပါဝင်ခွင့်မရခြင်း၊ ( သို့ ) REDD+ အကောင်အထည်ဖော်မှုတွင် ကြိုတင်ဆွေးနွေးတိုင်ပင်မှုများကို မရရှိခြင်းတို့နှင့် ကြုံတွေ့နေရသည်။ အဆိုပါအကြောင်းအရာကို ပြဿနာအဖြစ် ဖော်ထုတ်သတ်မှတ်ပြီးပါက 'ဒေသအဆင့် REDD+ ကော်မတီတွင် ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်လာစေရမည်။' ဟု ပန်းတိုင်ကို ချမှတ်နိုင်ပါသည်။

ပြဿနာများအပေါ်တွင် မူတည်၍ ပန်းတိုင်များမှာ အောက်ပါအတိုင်း(ဥပမာ) ဖြစ်နိုင်ပါသည်။

(၁) အင်ဒိုနီးရှားနိုင်ငံရှိ ဒေသခံတိုင်းရင်းသားများသည် ကိုယ်ပိုင်ဝိသေသများနှင့် အခွင့်အရေးများကို ပိုင်ဆိုင်သော သီးခြားလူမျိုးစု တစ်ခုအဖြစ် နိုင်ငံတော်မှ တရားဝင်အသိအမှတ်ပြုခြင်းကို ခံရမည်။

(၂) လာအို။ဗီယက်နမ်နိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများကို ဒေသခံတိုင်းရင်းသားများအဖြစ် အသိအမှတ်ပြုပြီး ကြိုတင်အသိပေး သဘောတူညီမှုရယူခြင်းမရှိဘဲ နေရပ်မှ ရွှေ့ပြောင်းစေခြင်း မခံစေရပါ။

(၃) ရိုးရာဓလေ့ထုံးစံအတိုင်းဖြစ်ပြီး ရေရှည်တည်တံ့သော အသက်မွေးမှုနှင့် သစ်တောကို မှီခိုအသုံးပြုလျက်ရှိသော ထိုင်း။မြန်မာနိုင်ငံရှိ ဒေသခံတိုင်းရင်းသားများကို အစိုးရမှ အသိအမှတ်ပြုပေးရမည်။



(၄) နီပေါနိုင်ငံရှိ ဒေသခံတိုင်းရင်းသားများသည် မိမိတို့၏ အခွင့်အရေးများကို ဆုပ်ကိုင်လျက် သဘာဝအရင်းအမြစ်များကို ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းအားဖြင့် ရေရှည်တည်တံ့သော အသက်မွေးမှုနှင့် ဖွံ့ဖြိုးမှုများကို ရရှိလာမည်။

**ရည်ရွယ်ချက်**- တစ်နည်းအားဖြင့် မည်ကဲ့သို့ အောင်မြင်စေမည်။ မည်သူ့ကို ပြောမည်။ မည်သူတို့နှင့် လုပ်ဆောင်မည်။ မည်ကဲ့သို့ လုပ်ဆောင်မည်။ မည်သည့်အချိန်ကာလတစ်ခုအတွင်း ပြီးစီးနိုင်မည်နည်း။ စသည့်အချက်များဖြင့် စဉ်းစားသည့်အရာများကို ဆိုလိုသည်။ ရည်ရွယ်ချက်များကို တစ်ခု (သို့) တစ်ခုထက်ပိုပြီးလည်း ချမှတ်နိုင်ပါသည်။ သတိထားရမည်မှာ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များသည် သတ်မှတ်ထားသည့် ပန်းတိုင်ကို ရောက်ရှိစေနိုင်သော ရည်ရွယ်ချက်များဖြစ်ရမည်။ အထက်တွင် ဖော်ပြထားသော ပန်းတိုင်တစ်ခုအရ ဖြစ်သင့်သော ရည်ရွယ်ချက်တစ်ခုမှာ ' ခြောက်လအတွင်း ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်နှစ်ဦး (တစ်ဦးက အမျိုးသမီးဖြစ်ရန်)သည် ဒေသအဆင့် REDD+ ကော်မတီတွင် ပါဝင်ခွင့်ရလာစေရန်' ဖြစ်သည်။ ရည်ရွယ်ချက်ကို ချမှတ်ရတွင် နှလုံးသွင်းထားရမည့်အချက်မှာ ကောင်းသော ရည်ရွယ်ချက်များသည် စမတ်ကျကျ (SMART) ဖြစ်သည်။

**!** သင်တန်းဆရာမှတ်စု- ပရော်ဂျက်တာ ( ရုပ်ရှင်ပြစက်) ဖြင့် ပြသနိုင်လျှင် ပိုကောင်းသည်။ ***SMART ဆိုတာ ဘာလဲ။***

Specific (တိကျပြတ်သားခြင်း)

အပြုအမူပြောင်းလဲရမည့်သူကို တိကျသေချာစွာ သတ်မှတ်ထားပြီးပြီလား။

Measurable(တိုင်းတာနိုင်ခြင်း)

အပြုအမူကို ဘယ်လောက်အထိ ပြောင်းလဲနိုင်လိမ့်မလဲ ဆိုတာကို ရှင်းလင်းစွာ တိုင်းတာသိရှိသလား ။

Achievable(အောင်မြင်နိုင်ချေရှိခြင်း)

အောင်မြင်နိုင်ချေရှိပါမလား၊ အောင်မြင်နိုင်ရန်အတွက် လုံလောက်သော အရင်းအမြစ်(ငွေကြေး၊ လူ့အရင်းအမြစ်) ကျွန်ုပ်တို့တွင် ရှိပါသလား။

Realistic(အမှန်တကယ်ဖြစ်နိုင်ချေရှိခြင်း)

လက်ရှိအခြေအနေ(နိုင်ငံရေး၊ လူမှုရေးအရ)ကို စဉ်းစားဆုံးဖြတ်ပါ။ အမှန်တကယ် အောင်မြင်နိုင်ချေ ရှိမရှိကို စဉ်းစားပါ။

Time-Bound(အချိန်ကာလ အကန့်အသတ်အတွင်း ဖြစ်ခြင်း)


ရည်ရွယ်ချက်များသည် တိကျသော အချိန်ကာလကန့်သတ်ချက်(သို့) နောက်ဆုံး သတ်မှတ်ချိန် ရှိပါသလား။

## (၃) သက်သေထူချက်များ

သက်သေထူချက်များဆိုသည်မှာ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များအတိုင်း အဆင့်တိုင်းတွင် ရောက်ရှိခြင်း မရောက်ရှိခြင်းကို သက်သေထူသည့် သင်္ကေတများကို ဆိုလိုပါသည်။ ၎င်းသင်္ကေတများကို မြင်ခြင်းအား ဖြင့် မိမိကိုယ်ကို ပြန်လည် မေးခွန်းထုတ်ရမည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များ ပြီးမြောက်အောင်မြင် ကြောင်း မည်ကဲ့သို့ သိရှိနိုင်မည်နည်း။

များသောအားဖြင့်သက်သေထူချက်များမှာ ရေတွက်လို့ရနိုင်သော အရာများဖြစ်တတ်ပါသည်။ ထို့ကြောင့် သက်သေထူချက်များကို 'ဘယ်လောက်လဲ' 'ဘယ်လောက်များးလဲ' 'ဘယ်နှကြိမ်လဲ' စသည့် မေးခွန်းများ ဖြင့် ဖြစ်တတ်သည်။ သက်သေထူချက်များသည် အချိန်ကန့်သတ်မှုထဲတွင် ဖြစ်ရမည်။ ရည်ရွယ်ချက်များ ကို စဉ်းစားသကဲ့သို့ သက်သေထူချက်များကို မည်သည့်အချိန်တွင် တွေ့မြင်ခံစားနိုင်မည်နည်းဟူ၍ စဉ်းစားရမည်ဖြစ်သည်။

သက်သေထူချက်များကို ဖော်ထုတ်သတ်မှတ်သည့်အခါတွင် သင့်တော်သောအရာ(သို့) ကျွန်ုပ်တို့အောင် မြင်ပြီးကြောင်းကို သိသာစေဆုံးသော အရာများကို သတ်မှတ်နိုင်ရန် သတိထားကြရမည်။ သက်သေထူ နိုင်စရာများစွာ ရှိကောင်းရှိနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့အတွက် အသေချာဆုံးသော အဖြေကိုပေးနိုင် သည့်အရာများကို ရွေးချယ်သတ်မှတ်ရမည်။ ထို့အပြင် သက်သေထူစရာ များစွာ ရှိနေခြင်းသည်လည်း မိမိကိုယ်ကို ပြန်လည်ရှုပ်ထွေးစေနိုင်ပါသေးသည်။ အကောင်းဆုံးမှာ သက်သေထူချက်များကိုအများဆုံး သုံးခုထက်မပိုသင့်ပါ။ သက်သေထူချက်တစ်ခုတည်းဖြင့် ကျွန်တော်တို့သိရှိလိုသော အရာများအားလုံးကို ကိုယ်စားပြုနိုင်တာမျိုးရှိပါသည်။




အထက်တွင် ချမှတ်ခဲ့သော ရည်ရွယ်ချက်အရ ဖြစ်သင့်သော သက်သေထူချက်များမှာ 'ခြောက်လလွန် ပြီးနောက် ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်နှစ်ဦးကို REDD+ ကော်မတီတွင် ရွေးချယ် ထည့်သွင်းသွားပြီး ထိရောက်သော ပူးပေါင်းပါဝင်မှုများဖြင့် လုပ်ဆောင်ချက်များတွင် တက်ကြွစွာ ပါဝင် နေလိမ့်မည်'။

သက်သေထူချက်သည် ရေတွက်နိုင်ရမည်ဖြစ်သောကြောင့် ကိုယ်စားလှယ်(ရည်ရွယ်ချက်ထဲကအတိုင်း) ကို ရေတွက်နိုင်သည်။ အချိန်ကာလကန့်သတ်ချက်ကို ကြည့်လျှင်လည်း ခြောက်လဟု သတ်မှတ်ထား သဖြင့် ကွက်တိကျပြန်သည်။ သက်သေထူချက်မှာ ရိုးရှင်းပြီး နားလည်လွယ်ရမည်။ တိုက်ရိုက်သိနား လည်နိုင်ရမည်။ အကောင်းဆုံးသက်သေထူချက်မှာ ကျွန်ုပ်တို့ ရည်ရွယ်ထားသည့်အတိုင်း အောင်မြင် ကြောင်းကို ပြသနိုင်သည့်အချက်ပင်ဖြစ်သည်။

အခြားဥပမာကို အောက်ပါအတိုင်းလေ့လာကြပါစို့။

| ပန်းတိုင် | ရည်ရွယ်ချက်များ | သက်သေထူချက်များ |
|---|---|---|
| ဟွိုင်ခရိုင်တွင် သစ်တောကိုမှီခိုသော ဒေသခံတိုင်းရင်းသားများသည် အစုအဖွဲ့ပိုင် မြေယာဥပဒေ ပြဋ္ဌာန်းချက် များအရ လုပ်ပိုင်ခွင့်များရရှိလာမည်။ | (၁)တရားဝင်အသိအမှတ်ပြုခြင်းကို ရရှိနိုင်ရန် အလို့ငှာ မြေယာတိုင်းတာခြင်းနှင့် အသေးစိတ်ချပြခြင်းတို့ကို လုပ်ဆောင်နိုင်ရန် မြေပုံများ ရရှိလာပြီး ရပ်ရွာသက်ဆိုင်ရာများတွင် တင်ပြလာနိုင်မည်။ | တစ်ဦးချင်း(သို့) စုပေါင်းဆွဲထားသော မြေပုံများကို အသိအမှတ်ပြုခံရပြီး မြေယာလုပ်ပိုင်ခွင့်များကို ရရှိလာမည်။ |
| | (၂) ဟွိုင်ခရိုင်အတွင်းရှိ ဒေသခံခေါင်းဆောင်များနှင့် ရွာသူရွာသားများကို စွမ်းဆောင်ရည်မြင့်တင်ခြင်းအားဖြင့် မိမိတို့၏ မြေယာလုပ်ပိုင်ခွင့်အတွက် | ဆော်ဩနိုင်သူများဖြစ်လာစေရန် သင်တန်းအရေအတွက်၊ တက်ရောက်သူအရေအတွက် (ကျား၊ မ၊ လူငယ်)<br>လူထုပညာပေးဆွေးနွေးပွဲအရေအတွက်၊ တက်ရောက်သူအရေအတွက် (ကျား၊ မ၊ လူငယ်)<br>အစိုးရပိုင်းဆိုင်ရာများနှင့် အစည်းအဝေးအရေအတွက်နှင့် ပါဝင်တက်ရောက်သူ အရေအတွက်(ကျား၊ မ၊ လူငယ်) |

**!** သင်တန်းဆရာ / ပံ့ပိုးကူညီသူမှတ်စု - သက်သေထူချက်များသည် အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ မူဝါဒလျှောက်လဲခြင်းကမ်ပိန်းသည် မည်မျှအောင်မြင်သည်ကို ပြန်လည်သုံးသပ်သည့်အခါတွင် သက်သေထူချက်များကို ပြန်ကြည့်ရသောကြောင့် ဖြစ်ပါသည်။

## လုပ်ဆောင်ချက်(၃) အဖွဲ့လိုက် လုပ်ဆောင်ခြင်း- ပန်းတိုင်၊ ရည်ရွယ်ချက်(များ)နှင့် သက်သေထူချက်(များ)ကို ဖော်ထုတ်ခြင်း

(က) လုပ်ဆောင်ချက်(၂)အတိုင်း သက်ဆိုင်ရာ အဖွဲ့နှင့်အတူ ပြန်လည်လုပ်ဆောင်ရန် သင်တန်းသားများကို ညွှန်ကြားပါ။

(ခ) အဖွဲ့မှ ဖော်ထုတ်ခဲ့ပြီးသော ပြဿနာအပေါ်တွင်အခြေခံပြီး ရောက်ရှိလိုသော ပန်းတိုင်၊ ရည်ရွယ်ချက် (နှစ်ခုလောက်)နှင့် သက်သေထူချက် (၃-၄ ခုလောက်)ကို ဆွေးနွေးတည်ဆောက်ဖော်ထုတ်ကြရမည်ဖြစ်သည်။

(ဂ) သင်တန်းသားများကို ပြန်လည်စုစည်းပြီး ပန်းတိုင်နှင့် ရည်ရွယ်ချက်များကို တင်ပြစေပါ။ အပြန်အလှန်ဆွေးနွေးပေးပါ။ ပြီးလျှင် သက်သေထူချက်များကို ပြန်လည်ဆွေးနွေးစေပါ။

(ဃ) သင်တန်းသားများကို ပြန်လည်စုစည်းပြီး ပန်းတိုင်၊ ရည်ရွယ်ချက်များနှင့် သက်သေထူချက်များကို ပြန်လည်တင်ပြစေပါ။ ပြီးလျှင် အပြန်အလှန် အမေးအဖြေများနှင့် ဆွေးနွေးစေပါ။

### (၄) ကျွန်ုပ်တို့၏ မဟာမိတ်များ၊ ကြားနေများနှင့် ပြိုင်ဘက်များကို ဖော်ထုတ်သတ်မှတ်ခြင်း

မူဝါဒလျှောက်လဲမည့်ကမ်ပိန်းတစ်ခုကို ပြင်ဆင်ရာတွင် စဉ်းစားစရာ အရေးကြီးသည့်အချက်တစ်ချက်မှာ အခြား၊ အခြားသော ပါဝင်ပတ်သက်သူများကိုလည်း ထည့်သွင်းစဉ်းစားထားခြင်းပင်ဖြစ်ပါသည်။ ပါဝင်ပတ်သက်သူများဟု ဆိုရာတွင် ကျွန်ုပ်တို့၏ ကမ်ပိန်းမှ ရရှိလာမည့် အဖြေများနှင့် တိုက်ရိုက်စိတ်ဝင်စားသူ၊ ပတ်သက်သူများကို ဆိုလိုပါသည်။ ပြဿနာကြောင့် တိုက်ရိုက်ထိခိုက်ခံစားရသူများ(ဥပမာ-ဒေသခံတိုင်းရင်းသားများ )၊ ပြဿနာကို ဖြစ်ပေါ်စေသူများ၊ တာဝန်ရှိသူများ၊ ပြဿနာများကို ဖြေရှင်းရန် စိတ်ဝင်စားသူများအားလုံးကို ပါဝင်ပတ်သက်သူများဟု ခေါ်ပါသည်။

ပါဝင်ပတ်သက်သူများကို ဖော်ထုတ်သတ်မှတ်ရာတွင် ပြဿနာသည် ၄င်းတို့နှင့် မည်ရွေ့မည်မျှ အရေးတကြီးဆက်စပ်နေမှု၊ ပြဿနာကို ဖြေရှင်းရာတွင် ၄င်းတို့၏ ဩဇာလွှမ်းမိုးနိုင်မှု အခြေအနေ၊ စသည်တို့ကို စဉ်းစားဖော်ထုတ်ခြင်းကို ပါဝင်ပတ်သက်သူများအား စိတ်ကူးမြေပုံဖြင့်ပုံဖော်ခြင်းနှင့် ခွဲခြမ်းစိပ်ဖြာခြင်းနည်းလမ်းများဖြင့် ဖော်ထုတ်သတ်မှတ်ကြသည်။

သာမာန်အားဖြင့် ပါဝင်ပတ်သက်သူများကို မဟာမိတ်၊ ကြားနေ၊ နှင့် ပြိုင်ဘက်များအဖြစ် ခွဲခြမ်းစိပ်ဖြာနိုင်ပါသည်။



## မဟာမိတ်

မဟာမိတ်များမှာ ကျွန်ုပ်တို့ လုပ်ဆောင်မည့် မူဝါဒလျှောက်လဲခြင်း ကမ်ပိန်းကို ထောက်ခံသူများ၊ ပံ့ပိုးသော အဖွဲ့အစည်းများကို ခေါ်ပါသည်။တစ်ဦးချင်းဖြစ်နိုင်သလိုအဖွဲ့အစည်းအသွင်ဖြင့်လည်း တွေ့နိုင်ပါသည်။ အမြင်ရှိ ခေါင်းဆောင်များ၊ လက်ရှိနှင့် ယခင် နိုင်ငံရေးသမားများ၊ မီဒီယာများ၊ အင်န်ဂျီအိုများ၊ ရပ်ရွာအခြေပြုအဖွဲ့များ၊ ပရော်ဖက်ဆာများနှင့် ပြဿနာကြောင့် ထိခိုက်ခံစားရသူများတို့ ဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် အချိန်၊ ရံပုံငွေ၊ နည်းပညာ၊ ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များနှင့် လွှမ်းမိုးနိုင်မှုများကို ကျွန်ုပ်တို့၏ မူဝါဒလျှောက်လဲခြင်း ကမ်ပိန်းအတွက် ကူညီပေးနိုင်ကြပါသည်။

## ကြားနေ

ကြားနေ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှာ ပြဿနာနှင့် တိုက်ရိုက်ဆက်စပ်မှုမရှိခြင်း၊ ၎င်းတို့၏ နယ်ပယ်မဟုတ်ခြင်းကြောင့် ဩဇာလွှမ်းမိုးနိုင်မှုမရှိသူများ ဖြစ်နိုင်သည်။ ကြားနေများသည်လည်း ကျွန်ုပ်တို့၏ မူဝါဒလျှောက်လဲခြင်း ကမ်ပိန်းအတွက် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် လျပ်တစ်ပြက်အတွင်း မဟာမိတ်ဖြစ်သွားနိုင်သလို ပြိုင်ဘက်များလည်း ဖြစ်သွားနိုင်ပါသည်။

## ပြိုင်ဘက်

ပြိုင်ဘက်များမှာ ကျွန်ုပ်တို့၏ မူဝါဒလျှောက်လဲမှု ကမ်ပိန်းကို ကန့်ကွက်ဆန့်ကျင်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ဆိုလိုပါသည်။ မူဝါဒလျှောက်လဲမှု ကမ်ပိန်းသည် လက်ရှိ လူမှုအဖွဲ့အစည်းတွင် ဖြစ်ပေါ်နေသော ပါဝါအာဏာမမျှတမှုများကို စိန်ခေါ်လေ့ရှိသည်။ အချို့သော မူဝါဒလျှောက်လဲမှုများသည် လက်ရှိ အာဏာရှိနေသူများ(သို့) ကျွန်ုပ်တို့နှင့် သဘောထားမတိုက်ဆိုင်သူများကို အဖျက်သဘောပါသော နည်းလမ်းများဖြင့်လည်း စိန်ခေါ်တတ်သည့် သဘောရှိသည်။ ကျွန်ုပ်တို့၏ ပြိုင်ဘက်များသည် သဘောထားမတိုက်ဆိုင်သူများဖြစ်သောလည်း ရန်လိုသည့်အပြုအမူဖြင့် ဆက်ဆံရန် (သို့) ရန်သူတစ်ယောက်အဖြစ် သတ်မှတ်ရန် မသင့်တော်သည်ကိုလည်း သိထားရန် လိုအပ်ပါသည်။

ပါဝင်ပတ်သက်သူများကို သတ်မှတ်ဖော်ထုတ်ရန်အတွက် အောက်ပါမေးခွန်းများကို မေးမြန်းဆွေးနွေးနိုင်ပါသည်။

- ကျွန်ုပ်တို့လုပ်ဆောင်မည့် ကမ်ပိန်းသည် မည်သည့်အဖွဲ့အစည်းနှင့် အုပ်စုများနှင့် ကိုက်ညီမှုရှိနိုင်မည်နည်း။
- အဖွဲ့အစည်းများအတွင်း ကျွန်ုပ်တို့၏ ကမ်ပိန်းအောင်မြင်ရန်အတွက် မည်သူကို ဆက်သွယ်လျှင် အသင့်တော်ဆုံးဖြစ်မည်နည်း။
- ယခုပြဿနာနှင့် ပတ်သက်ပြီး ၎င်းတို့၏ စိတ်ဝင်စားမှုနယ်ပယ်(သို့) ပတ်သက်ဆက်နွယ်မှုအတိုင်းအတာကဘာဖြစ်မည်နည်း။
- ယခုပြဿနာနှင့် ပတ်သက်ပြီး ၎င်းတို့၏ အနေအထားက မည်သည့်နေရာတွင် ရှိနေသနည်း။

<u>အောက်ပါ ဇယားကွက်ကို အသုံးပြု၍လည်း ကျွန်ုပ်တို့၏ မဟာမိတ်၊ ကြားနေသူနှင့် ပြိုင်ဘက်များကို ဖော်ထုတ်သတ်မှတ်နိုင်ပါသေးသည်။</u>

LEVEL OF INFLUENCE OVER THE PROBLEM

| | | | |
|---|---|---|---|
| အမြင့်ဆုံး | အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးနှင့် ပြန်လည်နေရာချထားရေး အေဂျင်စီများ | နိုင်ငံရေးသမားများ | အပြည်ပြည်ဆိုင်ရာ မဟာမိတ် အစိုးရအဖွဲ့အစည်းများ |
| အလယ်အလတ် | အပြည်ပြည်ဆိုင်ရာ မူဝါဒ လျှောက်လဲမှုကူညီရေးအဖွဲ့ | နိုင်ငံတကာမှ သာမာန်နိုင်ငံသားများ | နိုင်ငံအဆင့် ကုမ္ပဏီကြီးများ |
| အနိမ့်ဆုံး | လယ်ယာမြေအနည်းငယ်ပိုင် လယ်သမားများ နေရာရွှေ့ပြောင်းနေနေရသူများ | အောက်ခြေအဆင့် အစိုးရရုံးဝန်ထမ်းများ | လယ်မြေ များစွာပိုင်သော လယ်သမားများ |
| | မဟာမိတ်များ | ကြားနေသူများ | ပြိုင်ဘက်များ |



သင်တန်းဆရာ/ ပံ့ပိုးကူညီသူမှတ်စု-ပါဝင်ပတ်သက်သူများကို စိတ်ကူးပုံဖော်ခြင်းနှင့် ခွဲခြမ်းစိပ်ဖြာခြင်းပြုလုပ်ရာတွင် ကျွန်ုပ်တို့ပြုလုပ်မည့် မူဝါဒလျှောက်လဲခြင်းကမ်ပိန်းနှင့် ဆက်စပ်သည့် ပြဿနာ။အခက်အခဲအပေါ်တွင် ၎င်းတို့၏ စိတ်ဝင်စားမှု (ဝါ) လွှမ်းမိုးနိုင်မှုအတိုင်းအတာကို ဖော်ထုတ်သတ်မှတ်ရန် အထူးအရေးကြီးပါသည်။ ပါဝင်ပတ်သက်သူများအနေဖြင့် ပြဿနာအပေါ်တွင် မြင့်မားသော လွှမ်းမိုးမှုရှိပါက ကျွန်ုပ်တို့ပြုလုပ်မည့် မူဝါဒလျှောက်လဲခြင်းကမ်ပိန်း၏ ဦးတည်အုပ်စုအဖြစ်သတ်မှတ်နိုင်ပြီး မဟာမိတ် (သို့) ကြားနေသူ(သို့) ပြိုင်ဘက်အဖြစ် ဦးတည်လျှောက်လဲနိုင်ပါလိမ့်မည်။

## (၅) ဦးတည်အုပ်စုများကို သတ်မှတ်ခြင်း

မူဝါဒလျှောက်လဲခြင်းကမ်ပိန်းတွင် ဦးတည်အုပ်စုများမှာ ကျွန်ုပ်တို့ပြောင်းလဲလိုသည့် အပြောင်းအလဲအတွက် ဆုံးဖြတ်ချက်ချမှတ်ရန် အခွင့်အာဏာ၊ လုပ်ပိုင်ခွင့်ရှိသော လူပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖွဲ့အစည်းများကို ဆိုလိုပါသည်။

သင်တန်းဆရာ/ ပံ့ပိုးကူညီသူမှတ်စု-မူဝါဒလျှောက်လဲခြင်းကမ်ပိန်းတစ်ခုတွင် ဦးတည်အုပ်စုများမှာလူမှုအဆောက်အအုံမဟုတ်ဘဲ လူသားများဖြစ်ကြောင်း သိထားရမည်။

ဦးတည်အုပ်စုအမျိုးအစား နှစ်မျိုးရှိပါသည်။ ပထမဦးစားပေးနှင့် ဒုတိယဦးစားပေးအုပ်စုများဖြစ်ပါသည်။

ပထမဦးစားပေးအုပ်စုမှာ မူဝါဒလျှောက်လဲမှုနှင့် သက်ဆိုင်နေသည့် ပြဿနာအပေါ် အမြင့်ဆုံး ကိုင်တွယ်ဆုံးဖြတ်နိုင်သူများကို ဆိုလိုသည်။

ဒုတိယဦးစားပေးအုပ်စုများမှာ ပြဿနာကို တိုက်ရိုက်ဖြေရှင်းပေးနိုင် သူများမဟုတ်သော်လည်းပထမဦးစားပေးအုပ်စုကိုအတိုင်းအတာတစ်ခုအထိလွှမ်းမိုးထားနိုင်သူများဖြစ်ပါသည်။



မှတ်သားရန်-တစ်ခါတစ်ရံ ကျွန်ုပ်တို့အနေဖြင့် ပြဿနာအပေါ်တိုက်ရိုက်ဖြေရှင်းပေးနိုင်သည့် ပထမဦးစားပေးအုပ်စုနှင့် တိုက်ရိုက်ထိတွေ့ရန် အခက်အခဲရှိတတ်သည်။ သို့တည်းမဟုတ် အဆိုပါ ပုဂ္ဂိုလ်များ၏ နိုင်ငံရေးဆိုင်ရာ စိုးရိမ်မှုတစ်ခုခုကြောင့် ကျွန်ုပ်တို့အား ပွင့်လင်းစွာ အားပေးကူညီချင်သော်လည်း မကူညီနိုင်သည့်အခြေအနေမျိုးနှင့် ကြုံတွေ့ရတတ်သည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့၏ ဦးတည်အုပ်စုမှာ ကျွန်ုပ်တို့၏ ပြိုင်ဘက်လည်း ဖြစ်နိုင်သည်။ ထို့ကြောင့် မူဝါဒလျှောက်လဲမှုနှင့် သက်ဆိုင်နေသည့် ပြဿနာအပေါ်တွင် ၎င်းတို့၏ သက်ဆိုင်မှုအဆင့်၊ အနေအထားကို ကောင်းစွာ သိထားရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ ဦးတည်အုပ်စုများနှင့် ကောင်းစွာ ဆက်သွယ်ဆက်ဆံမှုပြုနိုင်ရန် စနစ်တကျအချိန်ပြည့်နီးပါ ပြုလုပ်ထားသော သုတေသနများက ကောင်းစွာကူညီပေးပါလိမ့်မည်။

အောက်ပါ ဇယားကွက်အတိုင်း လွယ်ကူစွာဖြင့် ကျွန်ုပ်တို့၏ ဦးတည်အုပ်စုများကို ဖော်ထုတ်သတ်မှတ်နိုင်ပါသည်။

<u>*ဦးတည်အုပ်စုဇယား*</u>

ရည်ရွယ်ချက်

| အမည် | ဆက်သွယ်ရမည့်ပုဂ္ဂိုလ် | ပြဿနာနှင့်ပတ်သက်ပြီး သိထားသောအတိုင်းအတာ | ပြဿနာနှင့်ပတ်သက်ပြီး ၎င်းတို့၏ စိတ်နေစိတ်ထား | သူတို့ကို ဘယ်သူတွေက ဩဇာလွှမ်းမိုးနိုင်သလဲ | သူတို့အတွက် အရေးကြီးတာက ဘာလဲ |
|---|---|---|---|---|---|
| ပထမဦးစားပေးဦးတည်အုပ်စု | | | | ဒုတိယဦးစားပေးဦးစားပေးဦးတည်အုပ်စု | |
| | | | | | |
| | | | | | |

ဥပမာအားဖြင့် အထက်က ဆွေးနွေးခဲ့ပြီးသော REDD+ ကော်မတီတွင် ပါဝင်ခွင့်ရရေးကိစ္စနှင့် ပတ်သက်ပြီး စဉ်းစားမည်ဆိုလျှင် ကျွန်ုပ်တို့၏ ဦးတည်အုပ်စုများကို အောင်ပါအတိုင်း ဖော်ထုတ်သတ်မှတ်နိုင်ပါလိမ့်မည်။

- >> REDD+ ကော်မတီဝင်များကို ရွေးချယ်ခွင့်ရှိသူ။ရွေးချယ်နိုင်သူ
- >> ကော်မတီဥက္ကဋ္ဌ
- >> REDD+ ကော်မတီကို ဩဇာလွှမ်းမိုးနိုင်သူ
- >> ကော်မတီဝင်များကို ဩဇာလွှမ်းမိုးနိုင်သူ
- >> ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ကို ကူညီနိုင်သော ဒေသခံတရားဝင်အဖွဲ့အစည်း(သို့) အစိုးရဌာနတစ်ခုခု

ဦးတည်အုပ်စုဇယားတွင် အောက်ပါအတိုင်း ဆက်စပ်မှုများကို ဖော်ပြနေပါလိမ့်မည်။

ရည်ရွယ်ချက်- “ခြောက်လအတွင်း ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်နှစ်ဦး(တစ်ဦးက အမျိုးသမီးဖြစ်ရန်)သည် ဒေသအဆင့် REDD+ ကော်မတီတွင် ပါဝင်ခွင့်ရလာစေရန်”

| အမည် | ဆက်သွယ်ရမည့်ပုဂ္ဂိုလ် | ပြဿနာနှင့်ပတ်သက်ပြီး သိထားသောအတိုင်းအတာ | ပြဿနာနှင့်ပတ်သက်ပြီး ၎င်းတို့၏စိတ်နေစိတ်ထား | သူတို့ကို ဘယ်သူတွေက ဩဇာလွှမ်းမိုးနိုင်သလဲ | သူတို့အတွက် အရေးကြီးတာက ဘာလဲ |
|---|---|---|---|---|---|
| ပထမဦးစားပေးဦးတည်အုပ်စု | | | | ဒုတိယဦးစားပေးဦးစားပေးဦးတည်အုပ်စု | |
| မြို့နယ်အစိုးရ | မြို့တော်ဝန် | အချက်အလက်အနည်းအကျဉ်း | ဒေသခံတိုင်းရင်းသားများနှင့် ပျူငှာရင်းနှီးသည်။ | REDD+ ကော်မတီဥက္ကဋ္ဌ | REDD+ ကော်မတီ ကောင်းစွာ လည်ပတ်လုပ်ဆောင်နိုင်ရန် |
| | | | | မြို့မိမြို့ဖ အတိုင်ပင်ခံများ | ရွေးကောက်ပွဲတွင် အားပေး ထောက်ခံခြင်း |

## လုပ်ဆောင်ချက်(၄) အဖွဲ့လိုက်လုပ်ဆောင်ခြင်း- မဟာမိတ်၊ ကြားနေသူ၊ ပြိုင်ဘက်နှင့် ဦးတည်အုပ်စုကို ဖော်ထုတ်သတ်မှတ်ရန်

သင်တန်းသားများကို လုပ်ဆောင်ချက်(၂. ၂)အတိုင်း အဖွဲ့နှင့် ပြန်လည်လုပ်ဆောင်ရန် ညွှန်ကြားပါ။ ထို့နောက် ဖော်ထုတ်ပြီးသား ပြဿနာနှင့် ကိုက်ညီသော မဟာမိတ်၊ ကြားနေသူ၊ ပြိုင်ဘက်နှင့် ဦးတည်အုပ်စုကို အထက်ပါ ဇယားကို အသုံးပြု၍ ဖော်ထုတ်သတ်မှတ်စေပါ။ ဦးတည်အုပ်စုကိုလည်း အထက်ပါ ဇယားအတိုင်း ဖော်ထုတ်ရန် ညွှန်ကြားပါ။ အဖွဲ့လိုက်ဆွေးနွေးမှုများကို ပြန်လည်တင်ပြစေပြီးဖော်ထုတ်ထားသော ဦးတည်အုပ်စုများကို ရှင်းလင်းစေပါ။ အပြန်အလှန်ဆွေးနွေးမှုများကို နောက်ဆက်တွဲ လုပ်ဆောင်ပါ။

## (၆) မူဝါဒလျှောက်လဲဆိုင်ရာ လုပ်ဆောင်ချက်များကို ဖော်ထုတ်သတ်မှတ်ခြင်း

ဦးတည်အုပ်စုကို သတ်မှတ်ဖော်ထုတ်ပြီးသည့်နောက်တွင် အသေးစိတ်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ပါဝင်မည့် သင့်အဖွဲ့အစည်း(သို့) ဒေသခံတိုင်းရင်းသားအုပ်စုနှင့်အတူ ရေးဆွဲဖော်ထုတ်ရမည်။ လုပ်ငန်းစဉ်တစ်ခုချင်းစီနှင့် ရရှိနိုင်သည့် အရင်းအမြစ်များကို အသေးစိတ်ချရေးထားပါ။ အရင်းအမြစ်ဟုဆိုရာတွင် ပါဝင်မည့်သူများ၊ အသုံးအဆောင်များ၊ ပစ္စည်းပစ္စယများ၊ ငွေကြေးစသည်ဖြင့် ဖြစ်နိုင်ပါသည်။

လုပ်ငန်းစဉ်အချို့ကို အခန်း(၃)တွင် ဆက်လက်ဆွေးနွေးသွားပါမည်။ အောက်ပါတို့လည်း ဖြစ်နိုင်ပါသည်။

- သတင်းစာရှင်းလင်းပွဲ၊ အနှစ်ချုပ်ရှင်းလင်းပွဲ
- စည်းရုံးဆော်သြခြင်းများ

- ရုပ်သံဗီဒီယို
- သင်တန်းများ
- ဆွေးနွေးပွဲများ
- ရေဒီယို ဇာတ်လမ်းများ
- ရေဒီယို။ရုပ်သံ အင်တာဗျူးများ
- သတင်းစာတွင် ရေးသားခြင်းနှင့် သဘောထားထုတ်ပြန်ခြင်း
- စင်တင်ပြဇာတ်များ
- ချိတ်ဆက်ပူးပေါင်းလုပ်ဆောင်ခြင်း
- ပိုစတာ၊ ဝေစာ၊ ကြော်ငြာစာ၊ ရုပ်ပြစာအုပ်များ
- သဘောထားထုတ်ပြန်ချက်၊ အသနားခံလွှာများ
- တရားစွဲသည့် အမှု
- အင်တာနက်စာမျက်နှာများ
- လူမှုမီဒီယာ- ဖေ့ဘုတ်၊ တွစ်တာ
- အစည်းအဝေးများ၊ အပြန်အလှန်ဆွေးနွေးပွဲများ
- လူထုလှုပ်ရှားမှုများ
- စသဖြင့် ဖြစ်နိုင်ပါသည်။

> **!** သင်တန်းဆရာမှတ်စု-အကောင်းဆုံးလုပ်ငန်းစဉ်ဆိုသည်မှာ ပြဿနာကြောင့် ထိခိုက်ခံစားရသူများ အားလုံးပါဝင်နိုင်သည့် အထူးသဖြင့် အမျိုးသမီးများနှင့် လူငယ်များ ပါဝင်နိုင်သည့် ပူးပေါင်းလုပ်ဆောင်ချက်မျိုးကို ဆိုလိုသည်။ အထူးသဖြင့် သတိထားရမည်မှာ ကုန်ကျစရိတ်များလွန်းခြင်း မရှိသော၊ လူသိများနိုင်သော အထူးသဖြင့် ကျွန်ုပ်တို့၏ ပြိုင်ဘက်များ၊ အခြားသော လူမျိုးစုများ၊ လူထုတစ်ရပ်လုံး၊ ဩဇာလွှမ်းမိုးနိုင်သူများ၊ အခြေခံလူတန်းစားများ၊ ကျွန်ုပ်တို့၏ မူဝါဒလျှောက်လဲမှု ကမ်ပိန်းကို ကူညီထောက်ပံ့နိုင်သူများ သိရှိနိုင်သော လုပ်ဆောင်ချက်များ ဖြစ်ရမည်။

## ၂. ၁. ၄ မူဝါဒလျှောက်လဲခြင်းလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း

သင်၏ ဒေသခံတိုင်းရင်းသားများကြုံတွေ့နေရသော ပြဿနာများကိုလည်း ကောင်းစွာနားလည်ပြီး ဦးတိုက်လျှောက်လဲရမည့်သူများကိုလည်း သိထားပြီးပြီဆိုလျှင် ပန်းတိုင်၊ ရည်ရွယ်ချက်များကို ချမှတ်ရမည်။ ဦးတည်အုပ်စု၊ လုပ်ငန်းစဉ်များကိုလည်း ဖော်ထုတ်ပြီးသည့်နောက်တွင် လက်တွေ့လုပ်ဆောင်မည့် အစီအစဉ်ကို ရေးဆွဲရန်သာ ကျန်ပါတော့သည်။

အစီအစဉ်များကို ရေးဆွဲရာတွင် သိထားရမည့်အချက်တစ်ချက်မှာ လုပ်ငန်းစဉ်များ၏ အချိန်ကန့်သတ်မှုများပင်ဖြစ်သည်။

- ပန်းတိုင်
- ရည်ရွယ်ချက်များ

- သက်သေထူချက်များ
- မဟာမိတ်များ
- ဦးတည်အုပ်စုများ
- လုပ်ငန်းစဉ်များ

မူဝါဒလျှောက်လဲမှု ကမ်ပိန်းလုပ်ငန်းစဉ်အသေးစိတ်ဖော်ပြဇယား ပန်းတိုင်-

| ရည်ရွယ်ချက် | သက်သေထူချက်များ | မဟာမိတ်များ | ဦးတည်အုပ်စုများ | လုပ်ငန်းစဉ်များ | အချိန်ကန့်သတ်ချက် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |

**လုပ်ဆောင်ချက်(၅) အဖွဲ့လိုက်လုပ်ဆောင်ခြင်း- မူဝါဒလျှောက်လဲမှု ကမ်ပိန်းအစီအစဉ်ကို ရေးဆွဲဖော်ထုတ်ခြင်း**

(၁) လုပ်ဆောင်ချက်(၂. ၂) အတိုင်း အဖွဲ့နှင့် လုပ်ဆောင်ရန် ညွှန်ကြားချက်ပေးပါ။

(၂) ယခင်က ဆွေးနွေးခဲ့သော အကြောင်းအရာများကို လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရမည်ဖြစ်သည်။

(၃) စာရွက်ကြီးများကို ဝေပေးထားပြီး အထက်တွင် ဆွေးနွေးပြီးသော အချက်အလက်များကို အသုံးပြုရမည်ဟု ညွှန်ကြားပါ။

(၄) ဆွေးနွေးရေးဆွဲထားသော မူဝါဒလျှောက်လဲမှု အစီအစဉ်များကို အဖွဲ့သားများအားလုံးရှေ့တွင် တင်ပြဆွေးနွေးစေပါ။ ပြီးလျှင် အပြန်အလှန်ဆွေးနွေးမှုကို ဦးဆောင်သွားပါ။

## ၂. ၁. ၅ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်း

မူဝါဒလျှောက်လဲမှု အစီအစဉ်များကို ဖော်ထုတ်ပြီး ရပ်ရွာအဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင်ရန် အဆင်သင့်ဖြစ်နေပြီဆိုလျှင် အဆိုပါ လုပ်ငန်းစဉ်ကိုအကောင်အထည်ဖော်ရန် စတင်ရပါတော့မည်။

လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် မည်သည့်လုပ်ငန်းစဉ်က အရင်လာမည်။ မည်သည့်လုပ်ငန်းစဉ်က နောက်ကလိုက်လာရမည်ကို ရှေ့နောက်ညီညွတ်မှုရှိရန် ဦးစားပေးသတ်မှတ်ထားရန် လိုအပ်ပါသည်။

လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားထားရမည်။

**အစဉ်လိုက်လုပ်ဆောင်ပါ။**

လုပ်ငန်းစဉ်များကို အစဉ်လိုက်လုပ်ဆောင်သွားပါ။ စတင်ပြီးသည်နောက် တစ်ခဏတွင် ပြီးစီးသွားတာမျိုး မဖြစ်စေနှင့်။

**ရည်မှန်းရာကိုသာ ဦးတည်ထားပါ။**

ပါဝင်သူများအားလုံးသည် ရည်မှန်းချက်ကိုသာ ဦးတည်ထားရမည်။ ဦးတည်ချက် လွဲမှားတာမျိုး မဖြစ်သင့်ပါ။

**အချိန်ကိုက်ဖြစ်ရမည်။**

ကျွန်ုပ်တို့၏ မူဝါဒလျှောက်လဲမှု လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန် အရေးပါသော၊ နေ့ထူးနေ့မြတ်ဖြစ်သော နေ့ရက်များကို သတ်မှတ်ပြီး လုပ်ဆောင်နိုင်ပါက ပိုမိုထိရောက်ကောင်းမွန်သော မူဝါဒလျှောက်လဲမှုလုပ်ငန်းတစ်ခုဖြစ်လာမည်။ အစိုးရ၏ ညီလာခံများ၊ ကွန်ဖရင့်များ၊ ရုံးပိတ်ရက်များ၊ နိုင်ငံတကာအသိအမှတ်ပြု နေ့ထူးနေ့မြတ်များ ( ဥပမာ-အပြည်ပြည်ဆိုင်ရာဒေသခံတိုင်းရင်းသားနေ့ ) စသည်ဖြင့် ဖြစ်နိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဒေသခံတိုင်းရင်းသားများနေ့မှာ ဩဂုတ်လ ၉ ရက်နေ့ဖြစ်ပါသည်။

## ၂. ၁. ၆ စောင့်ကြည့်လေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် တုံ့ပြန်ဝေဖန်ခြင်း

ကောင်းစွာလုပ်ဆောင်နိုင်ပြီး စနစ်တကျ အကွက်ကျကျပြင်ဆင်ထားသော မူဝါဒလျှောက်လဲမှုလုပ်ငန်းစဉ်၏အခြားတစ်ဖက်တွင် ယင်းလုပ်ငန်းကို ပိုမိုအောင်မြင်စေရန် ပံ့ပိုးသည့်အချက်များမှာ လုပ်ဆောင်မှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်း၊ ပြန်လည် သုံးသပ်ခြင်းနှင့် တုံ့ပြန်ဝေဖန်ခြင်းတို့ပင်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် အချိန်မလွန်ခင် ပြုပြင်ပြောင်းလဲမှုများကို အချိန်မှီ ပြုလုပ်နိုင်မည်ဖြစ်ပြီး အခြေအနေကိုလည်း ပြန်လည် ထိန်းသိမ်းနိုင်မည်။

စောင့်ကြည့်လေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် တုံ့ပြန်ဝေဖန်ခြင်းတို့သည် မိမိတို့ကိုယ်ကို ပြန်လည်သုံးသပ်ခြင်းဖြစ်သကဲ့သို့ တာဝန်ခံမှုရှိကြောင်းကိုလည်း ပြသရာရောက်ပါသည်။ ကျွန်ုပ်တို့ပြုလုပ်မည့် မူဝါဒလျှောက်လဲခြင်းကမ်ပိန်းအတွက် ပြီးပြည့်စုံဆုံးသော၊ လက်ရှိအခြေအနေထိ မှီငြမ်းနိုင်သော သတင်းအချက်အလက်များရှိကြောင်းကို သေချာစေဖို့လိုပါသည်။ စောင့်ကြည့်လေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် တုံ့ပြန်ဝေဖန်ခြင်းတို့ကို ပြုလုပ်ခြင်းအားဖြင့်ဒေသခံတိုင်းရင်းသားတို့အား မူဝါဒလျှောက်လဲခြင်း ဖြစ်စဉ်၏ တိုးတက်မှု အခြေအနေကို အသိပေးခြင်းတစ်မျိုးလည်း ဖြစ်ပါသည်။ ရည်ရွယ်ထားသည့်အတိုင်း ဖြစ်မဖြစ်၊ ပန်းတိုင်ရောက်မရောက်၊မဖြစ်။မရောက်ပါက မည်ကဲ့သို့သော နည်းလမ်းများအားဖြင့် ပြန်လည်တည့်မတ်နိုင်မည်ကို စဉ်းစားစေနိုင်သော နည်းလမ်းတစ်ခုအဖြစ်လည်း ကူညီပေးနိုင်ပါသည်။ အစီအစဉ်ကို ပြောင်းလဲလိုပါကလည်း ပြောင်းလဲနိုင်ရန် အထောက်အကူဖြစ်စေနိုင်သည်။

## (က) စောင့်ကြည့်လေ့လာခြင်း

စောင့်ကြည့်လေ့လာရာတွင် ကျွန်ုပ်တို့အနေဖြင့် သတင်းအချက်အလက်များကို စုဆောင်းပြီး မူဝါဒ ပြောင်းလဲခြင်း ကမ်ပိန်း၏ထိရောက်မှုကို တိုင်းတာခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အကောင်အထည် ဖော်မှုများသည် စီစဉ်ထားသည့်အတိုင်း ဖြစ်မဖြစ်၊ အချိန်ကိုက်ဖြစ်မဖြစ်ကိုလည်း စောင့်ကြည့်လေ့ လာပါသည်။ စောင့်ကြည့်လေ့လာရင်း ပေါ်ပေါက်လာသော ပြဿနာအခက်အခဲများပေါ်ပေါက် လာပါက အချိန်နှင့်တစ်ပြေးညီ ချက်ချင်းကိုင်တွယ်ဖြေရှင်းသွားခြင်းကိုလည်း ဆောင်ရွက်ပါသည်။

အောက်ပါမေးခွန်းများကို မေးမြန်းခြင်းသည် ကျွန်ုပ်တို့၏စောင့်ကြည့်လေ့လာခြင်းကို အထောက် အကူဖြစ်စေပါသည်။

- လက်တွေ့ လုပ်ဆောင်သည့်အခါတွင် အစီအစဉ်ဆွဲထားခဲ့သည့်အတိုင်း ဖြစ်သလား၊ မဖြစ်ဘူးလား။
- မဖြစ်ပါက ဘာကြောင့် မဖြစ်တာလဲ။
- အစီအစဉ်ကို ဘယ်လို ပြန်ပြောင်းလုပ်ဆောင်သင့်သလဲ။

စောင့်ကြည့်လေ့လာခြင်းကို မူဝါဒလျှောက်လဲခြင်းကမ်ပိန်းလုပ်ဆောင်သည့်အဆင့်တိုင်းတွင် ပြုလုပ် သင့်ပါသည်။ စောင့်ကြည့်လေ့လာခြင်းက ကျွန်ုပ်တို့၏ ရည်မှန်းချက်ပန်းတိုင်ကို ယခုလုပ်ဆောင်မှု များအားဖြင့် ရောက်ရှိသည်။မရောက်ရှိသည်ကို ထင်ဟပ်ပြနိုင်သည်ကို သတိရပါ။ ထို့အပြင် စောင့် ကြည့်လေ့လာခြင်းသည် မူဝါဒလျှောက်လဲခြင်းကမ်ပိန်းအတွက် လိုအပ်သော အခြားအရေးကြီးနိုင် သည့် အချက်အလက်များကိုလည်း ပေးစွမ်းနိုင်ပါလိမ့်မည်။

ဥပမာအားဖြင့် မီဒီယာအားဖြင့် မူဝါဒလျှောက်လဲခြင်း ကမ်ပိန်းတစ်ခုကိုလုပ်ဆောင်ကြသည်ဆိုပါစို့၊ မီဒီယာဘယ်နှခုတွင် ကျွန်ုပ်တို့၏ မူဝါဒလျှောက်လဲမှုကမ်ပိန်းအကြောင်းကို ထည့်သွင်းဖော်ပြသလဲ။ လက်မှတ်ထိုးသည့် ကမ်ပိန်းကို ပြုလုပ်သည်ဆိုပါကလည်း လက်မှတ်အရေအတွက် မည်မျှကို ကျွန်ုပ်တို့၏ မူဝါဒလျှောက်လဲမှု ကမ်ပိန်းအတွက် ရရှိသလဲ စသည့်အချက်အလက်များကို ချက်ချင်း သိစေနိုင်ပါသည်။

## (ခ) ပြန်လည်သုံးသပ်ခြင်း

ပြန်လည်သုံးသပ်ခြင်းသည် စောင့်ကြည့်လေ့လာခြင်းထက် ပိုမိုရှုတ်ထွေးပါသည်။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့ပြုလုပ်သော မူဝါဒလျှောက်လဲမှု ကမ်ပိန်း၏ အကျိုးရလဒ်ကို တိုင်းတာလိုသော ကြောင့်ဖြစ်သည်။ စောင့်ကြည့်လေ့လာမှုများမှ ရရှိသော သတင်းအချက်အလက်များကို ဆန်းစစ် သုံးသပ်ခြင်းများ ပါဝင်သည်။ ပြန်လည်သုံးသပ်ခြင်းသည် အလွန်အရေးကြီးပါသည်။ အဘယ် ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများသည် အားသာချက်၊ အားနည်းချက် မည်မျှရှိသည် ကိုလည်းကောင်း၊ ရည်ရွယ်ချက်ကို မည်မျှရောက်ရှိသည်ကိုလည်းကောင်း ဆန်းစစ်သုံးသပ်ပေးနိုင် သကဲ့သို့ ရှေ့ဆက်လုပ်ငန်းစဉ်အတွက်လည်း အိုင်ဒီယာများကို ရရှိစေပါသည်။ ထို့အပြင် လိုအပ် ပါက အစီအစဉ်များကို ထိန်းညှိခြင်း(သို့) ပြောင်းလဲခြင်းတို့ကို ပြုလုပ်နိုင်ရန် ထင်ဟပ်ပြပါသည်။


ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များနှင့် သက်သေထူချက်များကို မှတ်မိပါသလား။ ပြန်လည်သုံးသပ်ခြင်း အားဖြင့် မည်မျှအောင်မြင်သည်ကို သက်သေပြသပေးနိုင်ပါသည်။ ပြန်လည်သုံးသပ်သည့်အခါတွင် ကျွန်ုပ်တို့၏ သက်သေထူချက်များသည် မည်ရွေ့မည်မျှ ပြီးမြောက်အောင်မြင်သည်ကိုလည်းကောင်း၊ အရင်းအမြစ်မည်မျှ အသုံးပြုခဲ့သည်ကိုလည်းကောင်း သိရှိသွားနိုင်ပါသည်။

ကျွန်ုပ်တို့၏ ပြန်လည်သုံးသပ်ခြင်းကို ကူညီပေးနိုင်သော အောက်ပါမေးခွန်းအချို့ဖြစ်ပါသည်။

- ကျွန်ုပ်တို့သည် ရည်ရွယ်ချက်များအတိုင်း ရောက်ရှိခဲ့ကြသလား။
- မရောက်ရှိပါက ဘာ့ကြောင့် မရောက်ရှိတာလဲ။
- ရရှိသော ရလဒ်အပေါ် မူတည်၍ ဗျူဟာပိုင်းတွင် မည်သည်တို့ကို ပြောင်းလဲပစ်ရမည်နည်း။

မည်ကဲ့သို့ ပိုမိုကောင်းမွန်စွာ ပြန်လည်သုံးသပ်နိုင်မည်ကို သိရှိရန် အောက်ပါအတိုင်း လေ့လာတော်မူပါ။

ပြန်လည်သုံးသပ်ခြင်းအတွက် အခြေခံအဆင့်များ




## (ဂ) တုံ့ပြန်ဝေဖန်ခြင်း

တုံ့ပြန်ဝေဖန်ခြင်းဆိုသည်မှာ တစ်နည်းအားဖြင့် ကျွန်ုပ်တို့၏ မူဝါဒပြောင်းလဲမှု ကမ်ပိန်းကို အကြံပြုခြင်းနှင့် တုံ့ပြန်ခြင်းများကို မြင်စေနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဒေသခံတိုင်းရင်းသားထံမှ၊ မဟာမိတ်များထံမှ၊ လူထုများထံမှ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များကြောင့် မည်ကဲ့သို့သော သက်ရောက်မှုများကို ဖြစ်ပေါ်စေသည်ကို ထင်ဟပ်ပြသော တုံ့ပြန်ဝေဖန်ချက်များကို ရယူသင့်ပါသည်။ ကျွန်ုပ်တို့၏ ကမ်ပိန်းကိုလည်း မည်သို့ ထိရောက်စေသည်ကိုလည်း အကြံပြုချက်များ ရယူသင့်ပါသည်။ ၎င်းတို့နှင့် စကားပြောခြင်း၊ ၎င်းတို့၏ တုံ့ပြန်ချက်များကို လေ့လာစောင့်ကြည့်ခြင်း၊ အစီအစဉ်တစ်ခုပြီးစီးတိုင်း တုံ့ပြန်ဝေဖန်ချက်များ ဖြည့်စွက်နိုင်သည့် စာရွက်များ ဝေမျှပေးပြီး တုံ့ပြန်အကြံပြုစေခြင်းများအားဖြင့် ပြုလုပ်နိုင်ပါသည်။



# အခန်း ၂.၂

## မူဝါဒလျှောက်လဲမှု ကမ်ပိန်းအစီအစဉ်များတွင် စဉ်းစားသင့်သောအရာများ- လိုအပ်သော အခြေခံအချက်အလက်များ

ကြာချိန် - ၁ နာရီ

(က) ပြဿနာနှင့် ပတ်သက်၍ ပြည့်စုံသော အချက်အလက်များ ရှိပါသလား စဉ်းစားဆုံးဖြတ်ပါ။ အချက်အလက်များ လိုအပ်ချက်များရှိလျှင် ဖြည့်စွက်ပါ။

(ခ) သင်၏ မူဝါဒလျှောက်လဲမှု ကမ်ပိန်း၏ အကျိုးကို ခံစားရမည့်သူသည် ပြဿနာကြောင့်ထိခိုက်ခံစားရသည့် ဒေခံတိုင်းရင်းသားများဖြစ်ပါသည်။ ထို့ကြောင့် အောက်ပါတို့ကို သင်လိုအပ်ကောင်းလိုအပ်ပါလိမ့်မည်။

- ထိခိုက်ခံစားရသော လူမှုအဖွဲ့အစည်းကို မှန်ကန်စွာ သတ်မှတ်ဖော်ထုတ်ပါ။
- ၄င်းတို့သည် ပြဿနာအကြောင်းကို အမှန်တကယ် သိရှိခြင်းရှိမရှိ စုံစမ်းဖော်ထုတ်ပါ။
- အကယ်၍ ၄င်းတို့က သိထားသည်ဆိုလျှင်လည်း ပြဿနာနှင့်ပတ်သက်ပြီး သင့်တင့်ပြီး လုံလောက်သော သတင်း အချက်များ၊ နားလည်သဘောပေါက်မှုရှိမရှိကို သိရှိအောင်လုပ်ဆောင်ပါ။
- ၄င်းတို့အနေဖြင့် စဉ်းစားထားသောအရာများ၊ ပြဿနာနှင့် ပတ်သက်ပြီး ခံစားချက်များ၊ ၄င်းတို့ကိုယ်တိုင် ဦးဆောင်လုပ်ဆောင်နိုင်မှုရှိမရှိကို ဖော်ထုတ်ပါ။

(ဂ) နိုင်ငံရေးအခြေအနေကို သိရှိအောင် လုပ်ဆောင်ပါ
အဆိုပါ ပြဿနာနှင့် ပတ်သက်ပြီး အစိုးရဘက်တွင် အမြင်မတူညီမှုများ ရှိနိုင်သည်ဟု နားလည်ပြီး ရှာဖွေဖော်ထုတ်ထားရန် လိုအပ်ပါသည်။ မည်သည့် အစိုးရဌာနရုံးများနှင့် ဦးတည်ထားပြီး

မူဝါဒလျှောက်လဲမှု ကမ်ပိန်းကို လုပ်ဆောင်နိုင်ရန် လေ့လာထားပါ။ မည်သည့်ဌာနက သင်၏ မဟာမိတ် (သို့) ပြိုင်ဘက်။ရန်သူဖြစ်နိုင်သည်ကို စဉ်းစားသတ်မှတ်ထားပါ။ ထိုနည်းတူ နိုင်ငံရေးဇာတ်ခုံက သင့်အတွက် အခွင့်အရေးမည်မျှပေးထားသည်ကိုလည်း ဆင်ခြင်စဉ်းစားထားပါ။ နိုင်ငံတော်အစိုးရဘက်မှ ပြန်လည်တုံ့ပြန်လာမှုကိုလည်း ပြင်ဆင်ထားရန် လိုပါလိမ့်မည်။ မည်သည့်လုပ်ဆောင်ချက်က ပိုမိုသင့်တော်မည်နည်း။ (သို့) လက်ရှိနိုင်ငံရေးအခြေအနေကို အခွင့်ကောင်းမည်သို့ယူနိုင်မည်နည်း စဉ်းစားထားရန် လိုပါသည်။

(ဃ) ပြဿနာကို မီဒီယာများအားဖြင့်လည်းကောင်း၊ အမြင်ဖွင့်အစီအစဉ်များအားဖြင့်လည်းကောင်း လူများများသိအောင် လုပ်ထားပါ။ ထို့အပြင် လူထု၏ စိတ်ဝင်စားမှုကို ထိန်းသိမ်းထားနိုင်ရန်နှင့် ထိရောက်စွာ ဆွဲဆောင်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များ၊ မည်ကဲ့သို့သော ပညာပေးနည်းလမ်းများနှင့် သင်ထောက်ကူများအားဖြင့် လုပ်ဆောင်မည်ကိုလည်း စဉ်းစားထားရန် လိုအပ်ပါသည်။

(င) မူဝါဒလျှောက်လဲမှု ကမ်ပိန်းအတွက် အကွက်ချစီစဉ်ထားမှုများကို ပြင်ဆင်ပါ။

- သင်၏ ကမ်ပိန်းအစီအစဉ်တွင် ပါဝင်မည့် သင်၏အဖွဲ့အစည်းထဲမှ အဖွဲ့ဝင်များ၏ အမည်နှင့် အချိန်ပေးနိုင်မှုကို ရှာဖွေလေ့လာထားပါ။ ၄င်းတို့၏ အရည်အချင်းနှင့်လုပ်နိုင်ရည်များကို သုံးသပ်ပြီး ကမ်ပိန်းအစီအစဉ်တွင် ပါဝင်ရမည့် အခန်းကဏ္ဍကိုစဉ်းစားသတ်မှတ်ထားပေးပါ။
- သင်၏အဖွဲ့အစည်းထဲမှ မဟုတ်ဘဲ ပြင်ပလူများကိုလည်း သင်၏အစီအစဉ်တွင် ထည့်သွင်းနိုင်မည့်နည်းလမ်းများကိုလည်း စဉ်းစားထားပါ။ ၎င်းတို့၏ အရည်အချင်းနှင့် လုပ်နိုင်ရည်များကို သုံးသပ်ပြီး ကမ်ပိန်းအစီအစဉ်တွင် ပါဝင်ရမည့် အခန်းကဏ္ဍကို စဉ်းစားသတ်မှတ်ထားပေးပါ။

(စ) ကမ်ပိန်း၏ လိုအပ်ချက်နှင့် ပါဝင်မှုသူများ၏ စွမ်းဆောင်ရည်ကို အခြေပြုပြီး သင့်မူဝါဒလျှောက်လဲမှု ကမ်ပိန်း၏ အရွယ်အစား၊ ထိရောက်နိုင်မှုကို သတ်မှတ်ပါ။ ဒေသအဆင့် (ရပ်ကွက်၊ မြို့နယ်၊ ခရိုင်အဆင့်) သို့တည်းမဟုတ် နိုင်ငံတော်အဆင့်၊ အာဆီယံအဆင့်၊ နိုင်ငံတကာအဆင့် စသည်ဖြင့် ဖြစ်နိုင်ပါသည်။

(ဆ) သင်၏ ကမ်ပိန်းနှင့် ဆက်စပ်ပြီး ထည့်သွင်းအသုံးပြုနိုင်မည့် အရင်းအမြစ်များကို စဉ်းစားသတ်မှတ်ထားပါ။ ထပ်မံလိုအပ်သော အရင်းအမြစ်များကို လွယ်ကူစွာ (သို့) လိုအပ်လျှင် အသုံးပြုနိုင်ရန် ဆွေးနွေးထားရန် လိုအပ်ပါသည်။

(ဇ) မည်သူက သင်တို့၏ ပန်းတိုင်ကို ကူညီထောက်ပံ့လိုသနည်း။ မဟာမိတ်ပြုနိုင်ရန် အားသာချက်ရှိသူများက ဘယ်သူတွေလဲ။ ၎င်းတို့နှင့် မည်သို့ ဆက်သွယ်နိုင်မည်နည်း။

(ဈ) သင်တို့၏ ပန်းတိုင်။ ရည်ရွယ်ချက်များကို ရောက်ရှိရလေအောင် မည်သည့် နည်းဗျူဟာ၊ အစီအစဉ်များနှင့် လုပ်ဆောင်ချက်များက အကောင်းဆုံးအခြေအနေဖြစ်အောင် ကူညီပေးနိုင်မည်နည်း။

(ည) ထိရောက်သော နည်းဗျူဟာများက မည်သို့ ရှိမည်နည်း။ ဖြစ်နိုင်ချေရှိသော အကျိုးရလဒ်၊ အန္တရာယ်၊ အောင်မြင်မှုနှင့် ဆုံးရှုံးမှုတွေက ဘာဖြစ်မလဲ။
(ဋ) လုပ်ဆောင်ချက်များနှင့် နည်းဗျူဟာများသည် ချိတ်ဆက်ပူးပေါင်းပြီး အကျိုးရှိဆုံး နှင့် ကုန်ကျစရိတ်သက်သာသော ကမ်ပိန်းတစ်ခုဖြစ်အောင် မည်ကဲ့သို့ လုပ်ဆောင်နိုင်မည်နည်း။
(ဌ) ကမ်ပိန်းကာလသည် မည်မျှကြာမြင့်မည်နည်း။ မည်ကဲ့သို့ ရေရှည်တည်တံ့စေမည်နည်း။

အထက်ပါ အကြောင်းအရာများကို စဉ်းစားခြင်းသည် သင်၏ မူဝါဒလျှောက်လဲမှု ကမ်ပိန်းအစီအစဉ်တစ်ခုလုံးကို စဉ်းစားသုံးသပ်ခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် အထူးအရေးကြီးသည်မှာ သင်၏ ပန်းတိုင်၊ ရည်ရွယ်ချက်များနှင့် မဟာဗျူဟာများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်မှုရှိမရှိ ထိရောက်မှုရှိမရှိကို သုံးသပ်ကြည့်ရန်လည်း အထူးလိုအပ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံမှ အာမာန်း( AMAN ) တို့၏ မူဝါဒလျှောက်လဲမှု ကမ်ပိန်းအစီအစဉ်ကို ဥပမာအဖြစ် ပြသပေးထားပါသည်။

## မူဝါဒလျှောက်လဲမှု ကမ်ပိန်း လုပ်ငန်းစဉ် အသေးစိတ်နမူနာ

## AMAN(Indeginous People Alliance of the Archipelago)

### ပန်းတိုင်- ၂၀၁၃ - ၂၀၁၆ ခုနှစ်အတွင်း REDD Task Force မှ အကောင်အထည်ဖော်မည့် နိုင်ငံတော်အဆင့် REDD မဟာဗျူဟာ ချမှတ်ခြင်းတွင် ဒေသရင်းဌာနေတိုင်းရင်းသားများပါဝင်ခွင့်ရရေးနှင့် ပွင့်လင်းမြင်သာမှုရှိရေး

| ရည်ရွယ်ချက် | သက်သေထူချက်များ | မဟာမိတ်များ | ဦးတည်အုပ်စု | လုပ်ဆောင်ချက် | အချိန်ကာလ |
|---|---|---|---|---|---|
| ၁- ပေါ်လစီချမှတ်သူများကို စည်းရုံးဆော်ဩခြင်း >><br><br>UKP4, Task Force နှင့် မြို့နယ်အဆင့် Task Force လုပ်ငန်းကော်မတီများတွင် လွတ်တော်အမတ်များကို အမျိုးသားအဆင့်၊ တိုင်းနှင့်ပြည်နယ်အဆင့် REDD လုပ်ငန်းစဉ် များတွင် ပါဝင်လာစေနိုင်ရန် | အမျိုးသားအဆင့်နှင့် တိုင်းနှင့်ပြည်နယ်အဆင့် REDD မဟာဗျူဟာချမှတ်လုပ်ဆောင်မှု၏ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းကဏ္ဍတွင် လွှတ်တော်အမတ်များ၏ ပါဝင်နိုင်သည့် စည်းမျဉ်းများ ရေးဆွဲထားရန် ၊<br><br>စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းကဏ္ဍတွင် ပူးပေါင်းပါဝင်နိုင်ရန် ၊ | - လွှတ်တော်အမတ်များ၏ တောင်းဆိုလာမှု လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊<br>- သက်ဆိုင်ရာ အကယ်ဒမီကျောင်းများ၊<br>- ဖွံ့ဖြိုးတိုးတက်မှုများကို စောင့်ကြည့်သော သမ္မတရုံးလက်အောက်ခံဌာနခွဲ(UKP4)၊ ဒေသခံတိုင်းရင်းသားများ၊<br>- ဒေသအခြေပြုလူမှုအဖွဲ့အစည်းများနှင့် အင်န်ဂျီအိုများ | - သစ်တောဝန်ကြီးဌာန၊<br>- REDD Task Force | - အမျိုးသားအဆင့်တွင် အစည်းအဝေး ၁၀ ကြိမ် နှင့် တိုင်းဒေသအဆင့်တွင် ၁၀ ကြိမ်၊<br>- အမျိုးသားအဆင့်နှင့် တိုင်းဒေသအဆင့် မဟာဗျူဟာများ ချမှတ်ရေးဆွဲခြင်း၊<br>- စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း ဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဒေသရင်းဌာနေတိုင်းရင်းသားများနှင့် အစည်းအဝေးပြုလုပ်ခြင်း၊<br>- အမျိုးသားအဆင့် REDD လုပ်ဆောင်မှုဆိုင်ရာ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း ဖြစ်စဉ်တွင် ဒေသခံတိုင်းရင်းသားများ ပါဝင်နိုင်သော စည်းမျဉ်းများရေးဆွဲဖော်ထုတ်ခြင်း၊ | ၂၀၁၃-၂၀၁၅ |
| ၂-အမျိုးသားအဆင့်နှင့် တိုင်းဒေသအဆင့် REDD မဟာဗျူဟာ ချမှတ်လုပ်ဆောင်ခြင်းဖြစ်စဉ်တွင် ဒေသခံတိုင်းရင်းသားများကို ထည့်သွင်းစဉ်းစားလာစေရန် | ပြည်နယ် ၅ ခုမှ ဒေသခံတိုင်းရင်းသားများသည် အမျိုးသားနှင့် တိုင်းဒေသအဆင့် REDD+ အကောင်အထည်ဖော်မှုတွင် ဒေသရင်းဌာနေတိုင်းရင်းသားတို့ ပါဝင်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ အရေအတွက်၊<br><br>REDD+ ဆိုင်ရာ Task Force အလိုက်ဆွေးနွေးပွဲများတွင် ပါဝင်သော ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်အရေအတွက်။ | - ပြည်နယ်၅ခုတွင်လွှတ်တော်အမတ်များ ပါဝင်လာနိုင်ရန် အားပေးထောက်ခံသော ဆွေးနွေးပွဲအရေအတွက်များ၊<br><br>-လွှတ်တော်အမတ်များအတွက် ပြုလုပ်သည့် REDD+ ကို စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းသင်တန်း အရေအတွက်။ | - သစ်တောဝန်ကြီးဌာန၊<br>- REDD Task Force | - အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၃ ကြိမ်၊<br>- ပြည်နယ် ၅ ခုတွင် အမျိုးသားအဆင့် ဆွေးနွေးပွဲ ၅ ကြိမ်၊<br>- ခရိုင်အဆင့် ဆွေးနွေးပွဲ ၂၀ ကြိမ်၊<br>- မြို့နယ်အဆင့်တွင် ရပ်ရွာလူထုဦးတည်အုပ်စုများနှင့် ဆွေးနွေးပွဲ ၄၀ ကြိမ်၊ | |

| | | | | | |
|---|---|---|---|---|---|
| | ပြည်နယ် ၅ ခုတွင် လွှတ်တော်အမတ်များ ပါဝင်လာနိုင်ရန် အားပေးထောက်ခံသော ဆွေးနွေးပွဲအရေအတွက်များ၊<br><br>လွှတ်တော်အမတ်များအတွက် ပြုလုပ်သည့် REDD+ ကို စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းသင်တန်းအရေအတွက်။ | | | - သတင်းအချက်အလက်များကို မီဒီယာများ၊<br>- လူမှုမီဒီယာများမှတဆင့် ဖြန့်ဝေခြင်း(ပုံနှိပ်နှင့် လျှပ်စစ်)၊<br>- ဟောပြောပွဲများ၊<br>- ဖေ့ဘုတ်၊ တွစ်တာ၊<br>- ဖုန်းဖြင့် သတင်းပို့ခြင်း၊<br>- ဒေသခံတိုင်းရင်းသားများအတွက် REDD+ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း လက်စွဲစာအုပ်ထုတ်ဝေခြင်း၊<br>- သတင်းအချက်အလက်များပါဝင်သော ဝေစာများ၊<br>- သင်ထောက်ကူများကို ထုတ်ဝေဖြန့်ဖြူးခြင်း၊ | ၂၀၁၅-၂၀၁၈ |
| ၃- စွမ်းဆောင်ရည်မြှင့်တင်ခြင်း- အမျိုးသားနှင့်တိုင်းဒေသအဆင့် REDD+ စောင့်ကြည့် လေ့လာခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များတွင် ဒေသရင်းဌာနေ တိုင်းရင်းသားများကို ပါဝင်လာနိုင်ရန် | ဒေသခံတိုင်းရင်းသား များပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာသင်တန်းအရေအတွက်၊<br><br>ပြည်နယ်အဆင့်တွင် လက်ဆင့်ကမ်းပြုလုပ်သော သင်တန်းအရေအတွက် | - လွှတ်တော်အမတ်များ၏ တောင်းဆိုလာမှု လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊<br>- သစ်တောဝန်ကြီးဌာန၊<br>- REDD Task Force<br>- ဒေသခံတိုင်းရင်းသားများ၊<br>- ဒေသအခြေပြုလူမှုအဖွဲ့အစည်းများနှင့် အင်န်ဂျီအိုများ | | - အမျိုးသားနှင့် တိုင်းဒေသအဆင့် REDD+ မဟာဗျူဟာချမှတ်ဆောင်ရွက်မှု ဖြစ်စဉ်တွင် စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းကဏ္ဍမှ ပါဝင်နိုင်ရန် တိုင်းရင်းသားများကိုယ်တိုင် ဖော်ထုတ်ထားသော သင်တန်းလက်စွဲ၊<br>- REDD+ ဆိုင်ရာ စောင့်ကြည့်လေ့လာမှု လမ်းညွှန်များ ဖော်ထုတ်ခြင်း၊<br>- ပြည်နယ် ၅ ခုတွင် တိုင်းရင်းသားများနှင့် သင်တန်း ၅ ကြိမ်၊<br>- ပြည်နယ် ၅ ခုတွင် ဆင့်ပွားသင်တန်း ၁၅ ကြိမ်၊ | ၂၀၁၅-၂၀၁၈ |

## မှီငြမ်း-


Aciro-Lakor, ed. 2010. Advocacy Skills Training Manual for Stakeholders on PDRP. Kampala: UWONET.

Ayer, Victoria, and Colin Bunn. 2004. Advocacy Expert Series" Advocacy Campaign Management 1. Accessed at <http://www.pactworld.org/galleries/resourcecenter/advocacy_series_module1.pdf>.

Gordon, Graham. 2002. Practical Action in Advocacy. UK: Tearfund. Accessed at <http://www.e-alliance.ch/typo3conf/ext/naw_securedl/secure.php?u=0&file=fileadmin/user_upload/docs/Advocacy_Capacity/2011/Tearfund_Roots_2_Practical_Action_in_Advocacy_2002.pdf&t=1364360301&hash=d4a9e240d53f7bf00e7345ccc1bbdcb6>.

http://halfinten.org.uk/publications/5258-problem-tree-analysis
StartingAdvocacyCampaign.pdf

http://www.odi.org.uk/publications/5258-problem-tree-analysis

Tebtebba. 2010. Indigenous Peoples and the Convention on Biological Diversity. Baguio City:Tebtebba.






# အပိုင်း (၃) MODULE 3

## မူဝါဒလျှောက်လဲမှု ကမ်ပိန်းတွင် လိုအပ်သော မဟာဗျူဟာများ၊ ကျွမ်းကျင်မှုများနှင့် နည်းစနစ်များ

ပြီးခဲ့သည့် အပိုင်းများတွင် မူဝါဒလျှောက်လဲခြင်းနှင့် စည်းရုံးဆော်သြခြင်းအကြောင်းကို ဆွေးနွေးခဲ့ကြသည်။ ၎င်းတို့သည်ဒေသခံတိုင်းရင်းသားများ၏အခွင့်အရေးများအတွက် အခိုင်အမာထွက်ဆိုခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် အထူးသဖြင့် REDD + အကောင်အထည်ဖော်မှုများအတွက် ပြောဆိုပေးရာတွင် မည်မျှ အရေးကြီးသည်ကိုလည်း စဉ်းစားဆွေးနွေးခဲ့ကြပြီး ဖြစ်ပါသည်။ မူဝါဒလျှောက်လဲခြင်း၏ ဝိသေသလက္ခဏာများနှင့် မူဝါဒလျှောက်လဲမှုသံသရာကိုလည်း လေ့လာဆွေးနွေးခဲ့ကြပါသည်။ ထိုမှတဆင့် မူဝါဒလျှောက်လဲမှု ကမ်ပိန်းအစီအစဉ်တစ်ခုအတွက် စဉ်းစားခဲ့ကြသည်။ ပါဝင်သော အဆင့်များနှင့် ရှေ့နောက်ညီသော၊ စနစ်ကျသော မူဝါဒလျှောက်လဲမှု ကမ်ပိန်းအစီအစဉ်တစ်ခုကို လက်တွေ့ရေးဆွဲခဲ့ကြပါသည်။ ထို့အပြင် အမှန်တကယ်လက်တွေ့လုပ်ဆောင်သည့်အခါတွင် စောင့်ကြည့်လေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် တုံ့ပြန်ဝေဖန်ခြင်းစသည့်လုပ်ဆောင်ချက်များကိုလည်း အကောင်အထည်ဖော်သည့်အဆင့်တိုင်းတွင် ထည့်သွင်းလုပ်ဆောင်သွားရန် ဆွေးနွေးခဲ့ကြပါသည်။

ယခုအပိုင်းတွင်မူ ချမှတ်ထားသော ပန်းတိုင်ရည်ရွယ်ချက်ကို ရောက်ရှိရန် အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုကို ဆွေးနွေးသွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့နှင့် ဒေသခံတိုင်းရင်းသားများကိုယ်တိုင် လေ့ကျင့်ဖော်ထုတ်ရယူသင့်သော ကျွမ်းကျင်မှုများအကြောင်းပင်ဖြစ်ပါသည်။

**ရည်ရွယ်ချက်- ယခုအပိုင်းကို လေ့လာမှု ပြီးဆုံးသည်နှင့် သင်တန်းသားများအနေဖြင့် အောက်ပါအတိုင်း ဖြစ်လာမည်။**

ဒေသခံတိုင်းရင်းသားခေါင်းဆောင်များနှင့် လူမှုအဖွဲ့အစည်းသည် မူဝါဒလျှောက်လဲမှု ကမ်ပိန်းအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို အတိုင်းအတာတစ်ခုအထိ ရရှိသွားကြမည်။

**ကြာချိန် - ၈ နာရီ (သင်တန်းသားများ၏ ကျွမ်းကျင်မှုလိုအပ်ချက်ပေါ် မူတည်၍)**

**လိုအပ်သောပစ္စည်းများ**

- သင်ပုန်းဖြူ၊မဲ
- စာရွက်ကြီး
- ရေးစရာ ရောင်စုံဆော့ပင်များ
- စက္ကူတိတ်များ(ကပ်ရန်)
- လက်ကိုင်ကွန်ပြူတာ၊ ပရိုဂျက်တာ (ရုပ်ရှင်ပြစက်)၊ LCD
- ကပ်ခွာစာရွက်ပိုင်းများ(ရောင်စုံ)
- ပိုစတာ နမူနာများ၊ ဗီဒီယိုမှတ်တမ်းများ
- လူထုဆန္ဒထုတ်ဖော်နေသည့် ဓာတ်ပုံများ၊ အုပ်စုလိုက်၊ စစ်ကြောင်းအလိုက်
- အပိုင်း(နှစ်) အခန်း ၂. ၁. ၄ တွင် လက်တွေ့ဖော်ထုတ်ခဲ့သော မူဝါဒလျှောက်လဲမှု ကမ်ပိန်းလုပ်ငန်းစဉ်အသေးစိတ်မှတ်တမ်း

## သင်တန်းဆရာ/ ပံ့ပိုးကူညီသူ မှတ်စုများ

(က) ယခုအပိုင်းသည် သင်ခန်းစာများနှင့် ကျွမ်းကျင်မှုများဖော်ထုတ်သည့်အပိုင်းကို ပိုမို ဖောင်းပေးထားပါသည်။

(ခ) သင်ခန်းစာများကို မပေးခင် အဖွဲ့လိုက်ဆွေးနွေးမှုများတွင် ပါဝင်လာနိုင်ရန် သင်တန်းသားများ၏ အတွေ့အကြုံများကို ကြိုတင် မေးစမ်း ထားရမည်။ ၎င်းတို့၏ အတွေ့အကြုံများထဲမှ အလုပ်ဖြစ်သောအရာနှင့် အလုပ်မဖြစ်သောအရာများကို ဆွေးနွေးမေးမြန်းပါ။ ဆွေးနွေးသည့်ကာလတစ်လျှောက်လုံးတွင် ၎င်းတို့၏ အတွေ့အကြုံများကိုပြန်လည်ထုတ်နှုတ်ခြင်း၊ ဥပမာပေးပြောဆိုခြင်း၊ မှီငြမ်းခြင်းတို့ကို အလျင်းသင့်သလို လုပ်ဆောင်ပါ။

(ဂ) သင်ခန်းစာများ ဆွေးနွေးစဉ်တလျှောက်လုံးတွင် ပြီးခဲ့သော အပိုင်းများတွင် ဆွေးနွေးဖော်ထုတ်ခဲ့သော အကြောင်းအရာများနှင့် ပြန်လည် ချိတ်ဆက်ဆွေးနွေးပေးရန် အထူးအရေးကြီးပါသည်။ သို့မဟုတ်လျှင် ဆွေးနွေးမှုအပေါ် စိတ်ဝင်စားမှုများ ပြောင်းသွားနိုင်သောကြောင့်ဖြစ်ပါသည်။ လုပ်ဆောင်မှုတစ်ခုချင်းစီသည် လွန်ခဲ့ပြီးသော အပိုင်းတွင် ဆွေးနွေးဖော်ထုတ်ခဲ့သော ပြဿနာများ၊ နည်းလမ်းများနှင့် ကိုယ်တိုင်ရေးဆွဲလေ့ကျင့်ခဲ့သော မူဝါဒလျှောက်လဲမှု ကမ်ပိန်းအစီအစဉ်နှင့် ဆက်စပ်မှုရှိကြောင်းကို ထပ်ခါတလဲလဲ ဆွေးနွေးဝိုင်းများတွင် ပြောပြသတိပေးပါ။ ဥပမာဆိုရလျှင် ကွန်ယက်ချိတ်ဆက်ခြင်းနှင့် မဟာမိတ်များကို ရှာဖွေခြင်းခေါင်းစဉ်ကို ဆွေးနွေးသည့်အခါတွင် သက်ဆိုင်သူများကို ရှာဖွေသတ်မှတ်ဖော်ထုတ်ခြင်းနှင့် ဆက်စပ်ကြောင်း၊ သတင်းပေးခြင်းသည် ပြဿနာများကို ဖော်ထုတ်သတ်မှတ်ခြင်း၊ ပန်းတိုင်နှင့် ရည်ရွယ်ချက်များကို ချမှတ်ခြင်းများနှင့် ဆက်စပ်မှုရှိကြောင်းကို သိစေပါ။

(ဃ) ကျွမ်းကျင်မှုအရည်အသွေးဖွံ့ဖြိုးရေးဟု ပြောသော်လည်း ယခုအပိုင်းတွင် လူထုရှေ့ဟောပြောခြင်းနှင့် အင်တာဗျူးများ(ပုံနှိပ်မီဒီယာနှင့် ရေဒီယို) လုပ်ဆောင်ခြင်းအကြောင်းကိုသာ အကျယ်တဝင့်ဆွေးနွေးမည်ဖြစ်ပါသည်။ သတင်းစာရှင်းလင်းပွဲများအတွက် စာရေးသားခြင်း၊ သဘောထားထုတ်ပြန်ခြင်းစသည့် ကျွမ်းကျင်မှုများကိုမူ သင်တန်းဆန်းစစ်ချက်အပေါ် မူတည်၍ ပေးသွားမည်ဖြစ်ပါသည်။

# အခန်း (၃.၁)

## အများကို အသိပေးခြင်း (သို့) သတင်းလွှင့်ခြင်း

ကြာချိန် - ၃ နာရီ။

### ၃.၁.၁ သတင်းအချက်အလက်ပေးခြင်း။လွှင့်ခြင်း။အသိပေးခြင်းဆိုသည်မှာ အဘယ်နည်း။

> **!** သင်တန်းဆရာမှတ်စု
> ကျွန်ုပ်တို့၏ ပန်းတိုင်နှင့် ရည်ရွယ်ချက်များကို ဖော်ထုတ်ပြီးမှသာ အများကို အသိပေးခြင်း။သတင်းလွှင့်ခြင်း ပြုလုပ်သင့်ပါသည်။ ကျွန်ုပ်တို့၏ မူဝါဒလျှောက်လဲမှု ကမ်ပိန်းအစီအစဉ်များကို လက်တွေ့လုပ်ဆောင်မှုမပြီးခင် အများကို အသိပေးခြင်း။သတင်းလွှင့်ခြင်း ပြုလုပ်နိုင်ပါသည်။

ကျွန်ုပ်တို့ဒေသရင်းဌာနေတိုင်းရင်းသားများ၏ ပြဿနာများကို ဖော်ထုတ်သတ်မှတ်ပြီး ပန်းတိုင်ရည်ရွယ်ချက်များ ချမှတ်ပြီးသည့် နောက်တွင် မဟာဗျူဟာအရ အရေးကြီးဆုံးသော အစိတ်အပိုင်းတစ်ခုမှာ အသိပေးခြင်း။ သတင်းလွှင့်ခြင်းပင်ဖြစ်ပါသည်။ အသိပေး။ သတင်းလွှင့်လိုသည့် သတင်းစကားမှာ ဦးတည်အုပ်စုများကို တိုက်ရိုက်သက်ရောက်နိုင်သည့်အကြောင်းအရာ၊ ၎င်းတို့အားနားလည်ပေးစေသော၊ လုပ်ပေးစေချင်သော အကြောင်းအရာများဖြစ်ရပါမည်။ ဦးတည်အုပ်စုများအနေဖြင့် ကျွန်ုပ်တို့သတ်မှတ်ခဲ့ကြသည်မှာ ပြည်သူလူထု၊ ဥပဒေပြုအစိုးရဌာနများ၊ နိုင်ငံတကာနှင့် နိုင်ငံအတွင်းရှိ အေဂျင်စီများ၊ ပုဂ္ဂလိက ခရိုနီကုမ္ပဏီများ၊ အခြားအဖွဲ့အစည်းများဖြစ်နိုင်ပါသည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏ မူဝါဒလျှောက်လဲမှုလုပ်ငန်းစဉ်ကို အောင်မြင်အောင် စွမ်းဆောင်ပေးနိုင်သည့် အုပ်စုများ ဖြစ်နိုင်ပါသည်။

သတင်းစကားပေးပို့ခြင်းတွင် သတင်းစကားကို မည်သို့ဖော်ထုတ်သတ်မှတ်ခဲ့သည်၊ သတင်းစကားသည် ဖြစ်သင့်သောနှင့် ထိရောက်ဆုံးသောနည်းလမ်း၊ ပုံစံများဖြင့် ကျွန်ုပ်တို့၏ ဦးတည်အုပ်စုများဆီသို့ ဖြန့်ဝေခဲ့သည်များကို ဆွေးနွေးဖော်ထုတ်မည်ဖြစ်ပါသည်။

သင်တို့၏ သတင်းစကားသည် ရှင်းလင်းပြတ်သားရမည်၊ စိတ်ဝင်စားဖွယ် ဆွဲဆောင်နိုင်ရမည်၊ မှန်ကန်၍ အမှားကင်းဖြစ်ရမည်၊ ပြီးလျှင် တိုတိုတုတ်တုတ် အနှစ်ချုပ်ဖြစ်ရမည်။

သင်၏ သတင်းစကားကို ပုံဖော်ပြီးသည်နှင့် ဦးတည်အုပ်စုများ၏ စိတ်ဝင်စားမှုများ၊ တန်ဖိုးထားမှုများနှင့် ကိုက်ညီမှုရှိမရှိ ပြန်လည်စဉ်းစားကြရမည်။ သင်တို့အနေဖြင့် ယေဘုယျကျသော သတင်းစကားများနှင့် အဓိကကျသော သတင်းစကားများစွာ ထွက်ပေါ်လာနိုင်ပါသည်။ ဥပမာ အစိုးရဌာနသို့ တင်ပြချင်သော သတင်းစကားများနှင့် ပြည်သူလူထုကို ပြောပြချင်သော သတင်းစကားများမှာ တူချင်မှ တူမည့်သဘောမျိုးဖြစ်ပါသည်။

သတင်းစကားများကို မည်ကဲ့သို့ ပုံဖော်ပုံသွင်းမည်ကို အောက်ပါ ဥပမာများတွင် ရှုစားတော်မူပါ။

| | |
|---|---|
| ခြုံငုံသတင်းစကား | ကျွန်ုပ်တို့၏ သစ်တောများကို ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြပါသည်။ ဒါကို အသိအမှတ်ပြုပေးရမည်။ ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ခြင်းကိုလည်း ဆောင်ရွက်ခွင့်ရှိရမည်။ |
| ဦးတည်အုပ်စုများ | အဓိကကျသော သတင်းစကား |
| သစ်တောဆိုင်ရာ အေဂျင်စီများသို့ | ကျွန်ုပ်တို့၏ သစ်တောကို စီမံခြင်းနှင့် ထိန်းသိမ်းခြင်းနည်းလမ်းများသည် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး သစ်တောများကို အမှန်တကယ် ထိန်းသိမ်းခြင်းအစစ်အမှန်ဖြစ်သည်။ သစ်တောဆိုင်ရာ အေဂျင်စီများအနေဖြင့် ကျွန်ုပ်တို့နှင့် ပူးပေါင်းဆွေးနွေးပွဲများ လုပ်သင့်ပါသည်။ သို့ဆိုလျှင် ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများကို အသိအမှတ်ပြုပေးခြင်းနှင့် ဆက်လက်အားပေးခြင်းတို့ကို လုပ်ဆောင်နိုင်ပေလိမ့်မည်။ |
| ဥပဒေပြုသူများ၊ ပေါ်လစီချမှတ်နိုင်သူများသို့ | ကျွန်ုပ်တို့၏ သစ်တောဥပဒေကို ပြန်လည်ပြင်ဆင်မွမ်းမံသင့်ပါသည်။ သို့မှသာ ကျွန်ုပ်တို့၏ သစ်တောကို အသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို အသိအမှတ်ပြုပေးခြင်းနှင့် အားပေးခြင်းပြုရာရောက်ပါသည်။ |

## လုပ်ဆောင်ချက်(၁) သတင်းစကားကို သတ်မှတ်ဖော်ထုတ်ခြင်း

(က) သင်တန်းသားများကို အပိုင်း(၂)တွင် ဖွဲ့ခဲ့သည့်အဖွဲ့ငယ်များတိုင်း ပြန်လည်ဖွဲ့ပါ။ မူဝါဒလျှောက်လဲမှု ကမ်ပိန်းအစီအစဉ်ကို ရေးဆွဲခဲ့သော အဖွဲ့များအတိုင်း ဖြစ်ရမည်။

(ခ) ဖော်ထုတ်ခဲ့သော ပန်းတိုင်းရည်ရွယ်ချက်များကို ပြန်လည်ကြည့်ပြီး အဓိကကျသော သတင်းစကားများကို ဖော်ထုတ်သတ်မှတ်စေပါ။

(ဂ) ဦးတည်အုပ်စုများသည် နှစ်ခုထက်ပိုသည်ဟု မှတ်သားစေပြီး သတင်းစကားကို ဦးတည်အုပ်စုများအလိုက် ပြင်ဆင်မွမ်းမံစေပါ။

(ဃ) ဦးစားပေးသတ်မှတ်ချက်များဖြစ်သော ရှင်းလင်းပြတ်သားခြင်း၊ မှန်ကန်အမှားကင်းခြင်း၊ စိတ်ဝင်စားဖွယ် ဆွဲဆောင်နိုင်ခြင်းနှင့် ခိုင်မာကျစ်လစ်ခြင်းပေတံများဖြင့် သတ်မှတ်ဖော်ထုတ်ခဲ့သော သတင်းစကားများကို ပြန်လည်ရှင်းလင်းစေပါ။

(င) ကျန်အဖွဲ့သားများအားလုံးကို အကြံပြုဆွေးနွေးစေပါ။

၃. ၁. ၂ သတင်းစကားများ၏ ပုံစံအမျိုးမျိုးကို ဖော်ပြပါ။ မီဒီယာနှင့် အခြားပုံစံများ ဖြစ်နိုင်သည်။

## လုပ်ဆောင်ချက်(၂) ကျွန်ုပ်တို့၏ သတင်းစကားများကို ပျံ့နှံ့စေခြင်း

(၁) သင်တန်းသားများကို ရောင်စုံကပ်ခွာစာရွက်များပေးပြီး ဆော့ပင်များကိုလည်း ပေးထားပါ။

(၂) အတွေ့အကြုံအရ သင်၏ ဦးတည်အုပ်စုများကို ပျံ့နှံ့စွာ ထိတွေ့သက်ရောက်နိုင်သော သတင်းစကားပေးသည့် ပုံစံတစ်ခုကို အတိုချုပ်ရေးချပါ ဟူသော မေးခွန်းကို မေးပါ။

(၃) ၎င်းတို့၏ အဖြေများကို ရှင်းပြစေပါ။
(၄) ၎င်းတို့၏ အဖြေများကို သင်ပုန်းမဲပေါ်တွင် အောက်ပါအုပ်စုများအလိုက် ကပ်ထားပေးပါ။ (သတင်းစာ၊ ရေဒီယို၊ တီဗွီ)၊ အင်တာနက်နှင့် လူမှုမီဒီယာများ၊ မှတ်တမ်းဗီဒီယိုများ၊ လူထုဟောပြောပွဲ စသည်ဖြင့် ခေါင်းစဉ်ခွဲပါ။

**သင်တန်းဆရာမှတ်စု**

(၁) လုပ်ဆောင်ချက်များမှ ပေါ်ထွက်လာသော အသင့်တော်ဆုံးနည်းလမ်းဖြင့် သတင်းစကားဖြန့်ဝေခြင်းအစီအစဉ်သည် ၎င်းတို့၏ လုပ်ငန်းအစီအစဉ်ထဲတွင် ပါဝင်ရမည်ဖြစ်သည်။
(၂) ဆွေးနွေးစရာ အချို့ကို တင်ပြလိုသည်။ သတင်းစာရှင်းလင်းပွဲ (သို့) မိတ်ဆက်ပွဲများကို အသုံးပြု၍ သင်တို့၏ သတင်းစကားကို ဖြန့်ဝေသည့် မီဒီယာမျိုးကို လိုချင်ပါသလား၊ (သို့) ကြော်ငြာကိုအသုံးပြုပြီး သတင်းစကားကို ပြည်သူလူထုအားလုံးအား သိစေချင်ပါသလား။ မူဝါဒလျှောက်လဲမှုလုပ်ငန်းများအားလုံးလိုလို မီဒီယာလိုအပ်သည်ကို သတိရပါ။ တစ်ခါတစ်ရံ သတင်းစာများ၊ ဂျာနယ်များတွင် သင်၏ သတင်းစကားများကို ထည့်သွင်းကြော်ငြာသည့်နည်းအားဖြင့် ပို့နှံ့အားကောင်းသည်ကို တွေ့ရပါသည်။
(၃) မီဒီယာကို အသုံးပြုခြင်းနှင့် ပတ်သက်၍ အခန်း(၃. ၆)တွင် ဆွေးနွေးသွားမည်။ အခြားပုံစံများကို အောက်တွင် ဆက်လက်ဆွေးနွေးသွားပါမည်။ အောက်ပါ ပုံနှိပ်ပြီးသား နမူနာများကို အသုံးပြုပြီး ရပ်ရွာတွင် အသုံးပြုနိုင်သော နည်းလမ်းများကိုလည်း ရှင်းပြပေးပါ။

ရပ်ရွာတွင် အသုံးပြုနိုင်သော အခြားသော ပုံစံများ -

(၁) ပိုစတာများ၊ အလံများအပါအဝင် သင်္ကေတများ - ယခုပုံစံများသည် နားဝင်ချိုပြီး လွယ်ကူသည့် သတင်းဖြန့်ဝေပုံစံတစ်မျိုးဖြစ်သည်။ သင်တို့၏ သတင်းစကားကို ရှင်းလင်းပြီး ရိုးစင်းအောင် ပြင်ဆင်ပါ။ ရိုးရှင်းပြီး ရှင်းလင်းသည့် သတင်းစကားသည် အထိရောက်ဆုံး ဖြစ်တတ်သည်။
(၂) သဘောထားထုတ်ပြန်ချက်၊ အသနားခံလွှာ၊ သတင်းစာ၊ ဝေစာ၊ အကြောင်းအရာဖော်ပြစာ၊ သုတေသနစာတမ်း၊ ရုပ်ပြစာအုပ် စသည်တို့မှာလည်း သတင်းစကားဖြန့်ဝေရေး အထူးသဖြင့် ပြည်သူလူထုထံသို့ သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် အသုံးဝင်ပါသည်။ သို့ရာတွင် ယခုနည်းလမ်းများဖြင့် သတင်းစကားဖြန့်ဝေခြင်းသည် ကျွမ်းကျင်မှုများ ရှိရန် လိုအပ်ပြီး စာပေအရေးအသား ကျွမ်းကျင်သူများကို လိုအပ်သည်။ အင်န်ဂျီအိုများနှင့် မဟာမိတ်အဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းသည် ယခုနည်းလမ်းများအတွက် လိုအပ်သော အရင်းအမြစ်များရရှိရန် များစွာ အထောက်အကူဖြစ်စေနိုင်ပါသည်။
(၃) ဖုန်းသတင်းတိုပို့ခြင်း၊ အင်တာနက်ဝက်ဆိုဒ်နှင့် လူမှုမီဒီယာများ- ဖုန်းသတင်းတိုပို့ခြင်းကို သတင်းစကားဖြန့်ဝေရာတွင် အသုံးပြုနိုင်သည်။ ဥပမာ- AMAN အဖွဲ့သည် ဆီအုန်းစိုက်ပျိုးခြင်း၊ မြေယာများသိမ်းဆည်းခြင်းနှင့် လူ့အခွင့်အရေးများ ချိုးဖောက် ခံရခြင်း

အတွက် ဖုန်းသတင်းတိုပို့ခြင်း နည်းလမ်းဖြင့် ဒေသခံတိုင်းရင်းသားများကို အသိပေးအမြင်ဖွင့်ပေးခဲ့ကြသည်။ အင်တာ နက်ဝက်ဆိုဒ်များကို ကျေးလက်ဒေသများတွင် အသုံးပြုနိုင်ပြီ ဖြစ်လေရာ အသုံးတည့်နိုင်မည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ လူငယ်များအနေဖြင့်လည်း အင်တာနက်ဝက်ဆိုဒ်များကို စိတ်ဝင်စားမှုများသောကြောင့် အင်တာနက်ဝက်ဆိုဒ်များကို အသုံးပြုပြီး သတင်း စကားများကို ဖြန့်ဝေခြင်းလုပ်ငန်းတွင် လူငယ်များကို အသုံးပြုခြင်းဖြင့် ၎င်းတို့၏ ပါဝင်မှုကို ရရှိနိုင်မည်ဖြစ်သည်။ ဖေ့ဘုတ်နှင့် တွစ်တာများကို အသုံးပြုခြင်းဖြင့်လည်း သတင်းစကားများကို ပြည်သူလူထုသိရှိစေရန် အသုံးပြုနိုင်သည်။

(၄) ဗီဒီယိုမှတ်တမ်း ရိုက်ကူးခြင်း။ထုတ်လုပ်ခြင်း - ဗီဒီယိုမှတ်တမ်းများသည် ရုပ်မြင်သံကြား စနစ်ဖြစ်သောကြောင့် သတင်းအချက်အလက်များ ဖြန့်ဝေရေးကဏ္ဍတွင် အထူးသဖြင့် အသုံးတည့်သော နည်းလမ်းတစ်ခုဖြစ်ပါသည်။ လူထုအများထံသို့ ရောက်နိုင်သည့် နည်းလမ်းတစ်ခုလည်းဖြစ်ပါသည်။ သို့သော် ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များစွာ လိုအပ်သည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ အင်န်ဂျီအိုများ၊ အဖွဲ့အစည်းများနှင့် မိတ်ဖက်လုပ်ဆောင်ပြီး မှတ်တမ်းဗီဒီယိုရိုက်ကူးသည့်နည်းပညာ၊ ထုတ်လုပ်ခြင်းဖြစ်စဉ်များအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို ရယူနိုင်ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍လည်း သင်တို့၏ပြဿနာများအတွက် ဗီဒီယိုမှတ်တမ်းများထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ပါသည်။

## ၃. ၁. ၃ လူထုရှေ့တွင် ဟောပြောခြင်း

ကျွန်ုပ်တို့၏ လူထုပရိသတ်များထံသို့ ထိရောက်သော သတင်းစကားများကို ပေးစွမ်းနိုင်ရန် ဆက်သွယ်ဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုသည် အရေးကြီးသည့်အရာတစ်ခုဖြစ်ပါသည်။ ကျေးရွာဒေသအဆင့်နှင့် ထိုထက်ပိုမို ကျယ်ပြန့်သော လူထုထံသို့ သတင်းအချက်အလက်များ ရောက်ရှိသွားစေရန်အတွက် လူထုရပ်ရွာအခြေပြုခေါင်းဆောင်များသည် အကောင်းဆုံးကြားခံတစ်ခုအဖြစ် တန်ဖိုးရှိလှပါသည်။ ဆိုလိုသည်မှာ ၎င်းတို့အနေဖြင့် သတင်းစကားကို ကြားသိပြီးသည်နှင့် တစ်ဦးချင်းစီသို့ မျက်နှာချင်းဆိုင် တွေ့ဆုံကာ ဝေမျှပေးနိုင်သူများဖြစ်သည်။ လူတစ်ဦးနှင့် တစ်ဦးတွေ့ဆုံချိန်တွင် ပြောနိုင်သော သဘောရှိပါသည်။ ပုံစံမဲ့(စတိုးဆိုင်များတွင် ပြောဆိုခြင်း၊ အမျိုးသမီးများအချင်းချင်းဆုံတွေ့ချိန်တွင် ပြောဆိုခြင်း)နှင့် ပုံစံရှိ(ဘုရားကျောင်းများတွင် တွေ့ဆုံစဉ်၊ ရပ်ရွာလူထုအစည်းအဝေး၊ ရပ်မိရပ်ဖအစည်းအဝေး) ဟူ၍ တွေ့ဆုံဝေမျှပုံများ ကွဲပြားနိုင်ပါသည်။ ရပ်ရွာလူထုခေါင်းဆောင်များသည် ရွာသားများ၏ အစည်းအဝေးတွင် ပြောဖူးသည်၊ လူထုပေါင်းများစွာရှေ့တွင် ပြောဖူးသည်၊ အစိုးရဝန်ထမ်းများရှေ့တွင် ပြောဖူးသည်၊ မီဒီယာများရှေ့တွင် ပြောဖူးသည်မှန်သော်လည်း တစ်ခါတစ်ရံ ကြောက်ရွံ့စိတ်များ ရှိနေတတ်ပါသည်။ သို့သော် မည်ကဲ့သို့သော ပရိသတ်များရှေ့တွင် ရောက်ရှိစေကာမူ ထိရောက်သော ဟောပြောသူများဖြစ်လာစေရန် နည်းလမ်းနှင့် နည်းစနစ်များရှိပါသည်။

အောက်ပါတို့တွင် လူအများရှေ့ဟောပြောမည့်သူများအတွက် အသုံးတည့်မည့် လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။ သင်၏ တာဝန်သည် သတင်းစကားကို ပရိသတ်(သို့) လူအများထံသို့ ပျံ့နှံ့သွားရန် ဖြစ်သည်ကို သတိရပါ။

## (၁) သင်၏ မိန့်ခွန်းနှင့် တင်ပြချက်များကို ပြင်ဆင်ပါ။

မိန့်ခွန်းကောင်းတစ်ခုတွင် နိဒါန်း၊ စာကိုယ်နှင့်နိဂုံးဟူ၍ သုံးပိုင်းရှိပါသည်။မိန့်ခွန်းတွင် ခေါင်းစဉ်၊ သမိုင်းကြောင်း(အတိတ်အဖြစ်အပျက်မှ လက်ရှိအနေအထားသို့ရောက်လာပုံ) ၊ အရေးကြီးဆုံးသော ဖွံ့ဖြိုးမှု။ ပြဿနာများနှင့် ဖြေရှင်းလုပ်ဆောင်သင့်သောအရာများ၊ နှင့် ဘယ်သူက၊ ဘာလဲ၊ ဘယ်တုန်းကလဲ၊ ဘယ်တော့လဲ၊ ဘယ်မှာလဲ၊ အစရှိသည့် ဘကုန်းစကားလုံးများကို အခြေခံသော အချက်အလက်များဖြင့် ပါဝင်လေ့ရှိပါသည်။ မိန့်ခွန်းတစ်ခု (သို့) တင်ပြချက်တစ်ခု၏ ဖွဲ့စည်းပုံသည် ဟောပြောမည့်သူ၏ သက်တောင့်သက်သာဖြစ်မှုအခြေအနေနှင့် ကြားနာမည့် ပရိသတ်နှင့် လိုက်လျောညီထွေဖြစ်မှုများအပေါ်တွင် မူတည်ပြီး ပြင်ဆင်မှုများရှိသင့်ပါသည်။



Ms. Joan Carling, Secretary General of AIPP, sharing the indigenous peoples' perspectives on climate change during COP 17 in Durban, South Africa. Picture Credit: AIPP

နိဒါန်း- နိဒါန်းပိုင်းတွင် လူထုပရိသတ်၏ စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်သည့် အကြောင်းအရာနှင့် အသံအနေအထားဖြင့် မိန့်ခွန်းကို စတင်ရမည်။ ဥပမာ- တို၍မြန်သော ပုံပြင်ပြောခြင်း၊ အဆိုအမိန့်တစ်ခုခုကို ပြောခြင်း၊ ပြဿနာတစ်ခုကို ပြောပြီး ပရိသတ်များထံသို့ မေးခွန်းမေးခြင်းဖြင့် စိတ်ဝင်စားမှုကို ဖမ်းယူခြင်း၊ အလှူရှင်များ၊ အစိုးရဌာန၊ ဘာသာရေးအကြီးအကဲများရှိပါက ၎င်းတို့အား ကျေးဇူးတင်ခြင်းနှင့် လေးစားသမှုပြုပြီးမှပြောလျှင် ပိုမိုသင့်တော်ပါသည်။ သို့သော် ထိုအပိုင်းအတွက် အချိန်များစွာ မဖြုန်းသင့်ပါ။

စာကိုယ် - မိန့်ခွန်းတွင် အဓိက ပါဝင်ရမည့်အကြောင်းအရာများကို ပြောရမည့်အပိုင်းဖြစ်သဖြင့် စနစ်တကျနှင့် ယုတ္တိရှိရှိ ပြင်ဆင်ထားသင့်ပါသည်။သင်၏ မိန့်ခွန်းသည် အတော်အတန် ရှည်မည်ဆိုလျှင် မိန့်ခွန်းနှင့် သက်ဆိုင်သည့် ပုံပြင်ဆန်သော၊ ဟာသဆန်သော အကြောင်းအရာများကို ထည့်သွင်း ပြောကြားသင့်ပါသည်။

နိဂုံး- နိဂုံးပိုင်းသည် ပရိသတ်အများစုက မှတ်မိသော အပိုင်း ဖြစ်ပါသည်။ ကောင်းသော နိဂုံးသည် ကြားနာသူများအား စိတ်လှုပ်ရှားမှုများကို ပေးစွမ်းနိုင်ပြီး လှုပ်ရှားဆောင်ရွက်မှုအတွက် စိတ်စေ့ဆော်မှု၊ တက်ကြွမှုများကို ဖြစ်စေပါသည်။ မိန့်ခွန်း၏ အတိုချုပ်အချက်များ၊ တင်ပြချက်အချုပ်များကို ပြန်လည်ပြောပြဝေမျှခြင်းဖြင့် ပိုမိုမှတ်မိသွားစေနိုင်ပါသည်။

## (၂) လေ့ကျင့်ခြင်းနှင့် မိန့်ခွန်းဟောပြောခြင်း

! သင်တန်းဆရာ / ပံ့ပိုးကူညီသူမှတ်စု-အောက်ပါအချက်အလက်များကို ပါဝါပွိုင့်ဖြင့်(သို့) စာရွက်ကြီးပေါ်တွင် ရေးသားထားပါ။ အဆိုပါ အချက်အလက်များကို အကြောင်းပြု၍ အကျယ်တဝင့် ရှင်းလင်းခြင်းများကို သင့်အနေဖြင့် လုပ်ဆောင်နိုင်ပါလိမ့်မည်။

**အများရှေ့ ဟောပြောခြင်းအတွက် မှတ်သားစရာများ**

- သင်၏ သတင်းစကားကို တိုပြီး ရှင်းလင်းအောင် ပြင်ဆင်ပါ။ သင်တို့ရင်ဆိုင်ဖြေရှင်းမည့် ပြဿနာအကြောင်းကို ပြောပါ။ အဆိုပါ ပြဿနာနှင့် ပတ်သက်၍ ပြည်သူလူထုနားလည်စေချင်သောအရာနှင့် လုပ်သင့်သောအရာများကို ရှင်းလင်းစွာ ပြောပြပါ။
- သင်၏ သတင်းစကားသည် သွေးဆောင်နိုင်စွမ်းနှင့် ဆွဲဆောင်နိုင်စွမ်းရှိအောင် ပြင်ဆင်ပါ။ လူထု၏စိတ်ကို ဖမ်းစားနိုင်သော အကြောင်းအရာတစ်ခုခုကို ပြောပြနိုင်ရန် လိုအပ်ပါသည်။
- အသစ်ဖြစ်သော၊ ကြားနာသူလူသားများနှင့် သက်ဆိုင်သော သတင်းစကားဖြစ်အောင် ဖန်တီးယူပါ။ လူသားဆန်စွာ ပြဿနာကို နားလည်စေခြင်းသည် ပြဿနာကို သာမန်ပြောပြနေခြင်းထက် ကြားနာသူလူထုပရိသတ်များကို ပိုမိုထိရောက်စွာ ခံစားသွားစေနိုင်ပါသည်။
- ဗန်းစကားအသုံးပြုခြင်းကို ရှောင်ပြီး လူအများပြောနေကျစကားများကိုသာ အသုံးပြုပါ။ ကြွေးကြော်သံ၊ ဆောင်ပုဒ်များ အသုံးပြုခြင်းကို ရှောင်ပါ။ လူအများနားလည်နိုင်သော ဘုံဘာသာစကားကို အသုံးပြုပါ။
- သင်၏ ပရိသတ်အခြေအနေကို သိရှိအောင် လုပ်ဆောင်ပါ။ သင်ပြောလိုသော မိန့်ခွန်းနှင့် သင့်ပရိသတ်သည် ကိုက်ညီမှုရှိမရှိကို ဆန်းစစ်ထားရမည်။ သင်သည် ဥပဒေပြုသူများကို ရည်ရွယ်ပြီး ပြောဆိုနေလျှင် စကားအသုံးအနှုန်းအပြောင်းအလဲရှိနိုင်ပြီး လူထုနှင့် တွေ့ဆုံစဉ် ဟောပြောလျှင်မူ သာမန်စကားများကို သုံးကောင်း သုံးနိုင်ပါသည်။
- သင်၏ ပရိသတ်ကို မေးခွန်းများဖြင့် စိတ်ပါလာအောင်၊ စိတ်တက်ကြွလာအောင် မေးခွန်းများဖြင့်စိန်ခေါ်မှုများ ပြုလုပ်ပါ။ သူတို့နှင့်အတူ ပြောဆိုနေသည့်ပုံဖြစ်ပါစေ။ သူတို့ရှေ့တွင် ပြောနေသည့်ပုံမပေါက်ရန် အရေးကြီးသည်။

လေ့ကျင့်လေလေ၊ ကောင်းကောင်းဖြစ်လေလေ ဖြစ်ပါသည်။ ထိုသို့လေ့ကျင့်ထားမှုက သင့်အား ကိုယ့်ကိုယ်ကို ယုံကြည်မှု၊ လိုက်လျောညီထွေစွာ ပြောဆိုနိုင်မှုနှင့် မှတ်မိမှတ်သားနိုင်မှုတို့ကို ပေးစွမ်းနိုင်သည်။ ထို့ကြောင့် သင်၏ မိန့်ခွန်းကို မှန်ရှေ့တွင် အကြိမ်ပေါင်းများစွာ ဖတ်ကြားပါ။(သို့) သူငယ်ချင်းများနှင့် မိသားစုဝင်များရှေ့တွင် လေ့ကျင့်ပြီး ၎င်းတို့၏ အကြံပြုချက်များကို ရယူပါ။

သင်၏မိန့်ခွန်းတွင် ပါဝင်သည့် အဓိကကျသော စကားလုံး(သို့) စကားစုများကို စာရင်းပြုစုချရေးထားပါ။ များများလေ့ကျင့်ခြင်းအားဖြင့် စကားလုံးနည်းနည်းဖြင့် ပြောကြားလိုသည့် အကြောင်းအရာများကို မှတ်မိမှတ်သားနိုင်မည်ဖြစ်ပါသည်။ ထိုသို့အားဖြင့် စာရွက်မကြည့်ဘဲ(သို့)စကားလုံးအနည်းငယ်ကိုသာကြည့်ပြီး အလွတ်နီးပါး ဟောပြောနိုင်သည့်အဆင့်သို့ ရောက်လာပါလိမ့်မည်။

မိန့်ခွန်းပြောကြားရာတွင် ပြဿနာနှင့်ဆိုင်သော၊ ပရိသတ်များနှင့် ဆိုင်သော၊ ဟောပြောမည့်သူကိုယ်တိုင်လည်း ဟောပြောရန် သက်တောင့်သက်သာဖြစ်သော အကြောင်းအရာများကိုသာ ဟောပြောပါ။ မိန့်ခွန်းပြောသူအနေဖြင့် စာရွက်တွင် ရေးထားသည့်အတိုင်းဖတ်ကြားခြင်း (သို့) မှတ်မိသမျှ အလွတ်ဟောပြောခြင်း(သို့) နှစ်မျိုးစလုံးရောနှောပြီး ပြောကြားခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။ မိန့်ခွန်းပြောသူအနေဖြင့် စင်မြင့်ငယ်ကို အသုံးပြုလိုသည်ဖြစ်စေ၊ မပြုလိုသည်ဖြစ်စေ၊ ဟိုရွှေ့ဒီရွှေ့သွားလိုသည်ဖြစ်စေ၊ ငြိမ်ငြိမ်နေ၍ ပြောလိုသည်ဖြစ်စေ၊ ကိုယ်ဟန်အနေအထားကို အသုံးပြုလိုသည်ဖြစ်စေ ကိုယ်တိုင်ဆုံးဖြတ်နိုင်ပါသည်။

အချို့ဟောပြောသူများသည် အသံကျယ်ပြီး လူထုစိတ်ဝင်စားမှုကို လွှမ်းမိုးနိုင်စွမ်းရှိကြသည်။ အချို့မှာလည်း ယုံကြည်လောက်ဖွယ်သော အကြောင်းအရာများကို အသံမှန်မှန်ဖြင့် ပရိသတ်၏ စိတ်ဝင်စားမှုကို ဖမ်းစားနိုင်သူများလည်း ရှိသည်။ လက်တွေ့လေ့ကျင့်ခြင်းကသာလျှင် မည်သည့်စတိုင်လ်ကို အသုံးပြုသင့်သည်ကို သင်ကြားပေးနိုင်ပါလိမ့်မည်။

ဟောပြောချက်များ ပြီးဆုံးသွားပြီးသည့်နောက်တွင် မေးခွန်းနှင့်အဖြေကဏ္ဍမှာ နောက်ဆက်တွဲပါလာလေ့ရှိပါသည်။ ထို့ကြောင့် ပေါ်ပေါက်လာနိုင်သော မေးခွန်းများကို ဖြေကြားနိုင်ရန် ပြင်ဆင်ထားရန် လိုပါသည်။ ပွဲစီစဉ်သူများကို သင်၏ မိန့်ခွန်းကို ကြိုတင်ပေးဖတ်ပြီး ထွက်ပေါ် လာနိုင်သော မေးခွန်းများကို ဖော်ထုတ်စဉ်းစားထားခြင်းဖြင့် မေးခွန်းများကို ကောင်းမွန်စွာ ဖြေကြားပေးနိုင်ပါလိမ့်မည်။ ထိရောက်သော ဖြေကြားတုံ့ပြန်မှုများဖြစ်စေနိုင်ရန်အတွက် ဟောပြောမည့်သူမှ ထွက်ပေါ်လာနိုင်ချေရှိသော မေးခွန်းများကို ကြိုတင်စဉ်းစားဖြေဆိုထားရမည်။ ဖြေကြားတုံ့ပြန်မှုများကိုလည်း လေ့ကျင့်ဖြေကြားထားကြည့်လျှင် ပိုမိုထိရောက်သော ဖြေကြားမှုများကို ရရှိနိုင်မည်ဖြစ်သည်။

တစ်ခါတစ်ရံတွင် ဟောပြောသူများအနေဖြင့် ဟစ်အော်ခြင်း၊ မေးခွန်းများထပ်တလဲလဲမေးခြင်း၊ စကားကျယ်လောင်စွာ အချင်ချင်းအကြား ပြောဆိုနေကြခြင်း စသည့် အနှောက်အယှက်များနှင့်လည်း ကြုံတွေ့ရနိုင်ပါသည်။ ထိုသို့သော ပုဂ္ဂိုလ်များနှင့် အကြည့်ချင်းမဆုံရန် ရှောင်ကြဉ်ခြင်း၊ အခြားဆွေးနွေးမှုအတွက် နေရာပေးခြင်းစသည်အားဖြင့် အထက်ပါ အခက်အခဲများကို လျှော့နည်းအောင် လုပ်ဆောင်နိုင်ပါသည်။ မည်သည့်နည်းလမ်းကို အသုံးပြုသည်ဖြစ်စေ နဂိုမူလလမ်းကြောင်းမှ သွေဖယ်မသွားစေရန် ဟောပြောသူမှ ပြင်ဆင်ထားရမည်။ သင်၏ ပန်းတိုင်သည် ပြည်သူလူထုထံသို့ သတင်းစကားရောက်ရှိရမည်ဖြစ်သောကြောင့် မိန့်ခွန်းပြောကြားစဉ်အတွင်း မည်သူတစ်ဦးတစ်ယောက်နှင့်မျှ စကားအခြေအတင်ပြောခြင်းနှင့် ငြင်းဆန်ခြင်းများမပြုလုပ်ပါနှင့်။

သင်တန်းဆရာ / ပံ့ပိုးကူညီသူမှတ်စု

(၁) ယခုလေ့ကျင့်ခန်းအတွက် သရုပ်ပြလေ့ကျင့်ခန်း(၂)ခုပါဝင်ပါမည်။ ပထမတစ်ခုက မထိရောက်သော ဆက်သွယ်ဆက်ဆံရေးပုံစံကို ပြသမည်ဖြစ်ပြီး ကျန်တစ်မျိုးက ထိရောက်သော ဆက်သွယ်ဆက်ဆံရေးပုံစံကို ပြသမည်။

(၂) သရုပ်ပြစေရန် သင်တန်းသားထဲမှ နှစ်ဦးကို ခေါ်ဖိတ်ပါ။

(၃) ၎င်းတို့နှစ်ဦးအား သင်တန်းသားများနှင့် ဝေးရာသို့ ခေါ်ဆောင်ပြီး သရုပ်ပြရမည့်အကြောင်းကို ပြောပြပါ။

(၄) ခေါင်းစဉ်အကြောင်းအရာတစ်ခုတည်းကို နှစ်ဦးစလုံးက ပြောရမည်ကို သိထားပါစေ။ ဥပမာ အထက်တွင် စဉ်းစားခဲ့ကြသော ခေါင်းစဉ်ဖြစ်သည့် ကျွန်ုပ်တို့၏ သစ်တောများကို ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြပါသည်။ ဒါကို အသိအမှတ်ပြု ပေးရမည်။ ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ခြင်းကိုလည်း ဆောင်ရွက်ခွင့်ရှိရမည်ဟူသည့် ခေါင်းစဉ်မျိုး ဆိုပါစို့။

(၅) ပထမအဖွဲ့ကို အောက်ပါအတိုင်း သရုပ်ပြစေပါ။

- (က) စကားကို တိုးတိုးညင်သာစွာ ပြောပါစေ။
- (ခ) မျက်နှာကိုလည်း အခြားတစ်နေရာသို့ မျက်နှာမူပြီး ပြောပါစေ။
- (ဂ) ကိုယ်ဟန်အနေအထားလည်း ပုံသိပ်မကျနှင့် ဖြစ်ပါစေ။ (ပေစောင်းစောင်းရပ်နေခြင်း၊ ခေါင်းကုတ်နေပြီး နားမလည်သည့်ပုံ ဖြစ်ပါစေ။)
- (ဃ) သတင်းစကားနှင့် ပတ်သက်ပြီး တိကျရှင်းလင်းသော ရှင်းလင်းချက်မျိုးကို ဖော်ပြမနေသည့်ပုံ ဖြစ်ပါစေ။

(၆) ကျန်တစ်ဖွဲ့ကိုကား အောက်ပါအတိုင်း သရုပ်ဆောင်စေပါ။

- (က) ပရိသတ်နှင့် မျက်လုံးများ ဆုံစေပါ။
- (ခ) အသံကို ကျယ်ကျယ်ရှင်းရှင်း ပြောစေပါ။
- (ဂ) ကိုယ်ဟန်အနေအထားသည် စမတ်ကျကျ ဖြစ်ပါစေ။ (ဖြောင့်ဖြောင့် မတ်တပ်ရပ်ပါ၊ လက်နှစ်ဖက်သည့် လမ်းညွှန်နေသည့်ပုံ ဖြစ်ပါစေ။)
- (ဃ) သတင်းစကားနှင့် ပတ်သက်ပြီး အသေအချာ နားလည်အောင် ရှင်းပြနေပုံကို ဖော်စေပါ။

(၇) တင်ပြမှုတစ်ခုစီအတွက် ၁၅-၂၀ မိနစ်အထိ အချိန်ကန့်သတ်ထားပါ။

## လုပ်ဆောင်ချက်(၃) ဟောပြောခြင်း

(၁) ကောင်းသော ဆက်သွယ်ဆက်ဆံရေးနှင့် ပတ်သက်ပြီး လေ့လာနိုင်ရန် သရုပ်ပြလေ့ကျင့်ခန်းနှစ်ခုကို ရှုစားရမည်ဖြစ်ကြောင်း သင်တန်းသားများကို ပြောပြထားပါ။

(၂) မြင်ရသောအရာများကို မှတ်သားထားဖို့ မှာကြားပါ။ပြီးလျှင် ၎င်းတို့ မြင်တွေ့ရသောအရာများကို ပြန်လည်ဝေမျှစေပါ။

(၃) တင်ပြမှုများပြီးလျှင် အနှစ်ချုပ်ပြီး မူဝါဒလျှောက်လဲမှုဆိုင်ရာကမ်ပိန်းလုပ်ငန်းများတွင် ဆက်သွယ်ဆက်ဆံရေးသည် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်ကြောင်း သင်တန်းသားများကို ရှင်းလင်းပြောကြားပါ။

သင်တန်းဆရာ / ပံ့ပိုးကူညီသူမှတ်စု

သင်ခန်းစာ (၃. ၂) မှ (၃. ၅)ကို မူဝါဒလျှောက်လဲမှု ကမ်ပိန်းအတွက် နည်းစနစ်များကို သိစေနိုင်သည့် သင်ခန်းစာများဖြစ်ပါသည်။ ၎င်းတို့မှာ (က) အမြင်ဖွင့်ခြင်း။စွမ်းဆောင်ရည်မြင့်တင်ခြင်း၊ (ခ) မဟာမိတ်ဖွဲ့ခြင်း။ကွန်ယက်ချိတ်ဆက်ခြင်း၊ (ဂ) စည်းရုံးဆော်ဩခြင်း။မီဒီယာဖြင့် မူဝါဒလျှောက်လဲခြင်း၊ နှင့် (ဃ) လူထုလှုပ်ရှားမှု တို့ဖြစ်ပါသည်။

အောက်ပါဇယားကွက်များကို အသုံးပြုပြီး ဆက်လက်လေ့လာမည့် သင်ခန်းစာများ၏ နိဒါန်းစကားဦးများကို ဝေမျှပေးနိုင်ပါလိမ့်မည်။

| နည်းစနစ် | ဘာကို ဆိုလိုတာလဲ | ဘယ်တော့အသုံးချမလဲ | ဥပမာများ |
|---|---|---|---|
| ကွန်ယက်ချိတ်ဆက်ခြင်း | မိတ်ဖက်အဖွဲ့များ၊ အဖွဲ့အစည်းများ၊ အခြားတိုင်းရင်းသားမျိုးနွယ်စုများ၊ နှင့် အဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့ခြင်း<br><br>ပြောင်းလဲခြင်းကို ရည်စူးပြီး လှုပ်ရှားမှုကို လုပ်ဆောင်ခြင်း | ရေရှည်တွင် တည်တံ့သော မူဝါဒ ပြောင်းလဲမှု ကမ်ပိန်းတစ်ခုကို ပြုလုပ်လိုသောအခါ<br><br>မိမိတွင် ကိုယ်ပိုင်အရည်အချင်းများ၊ အားသာချက်များမရှိသောအခါ | တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းခေါင်းဆောင်များ နှင့် တွေ့ဆုံခြင်း၊<br><br>အီးမေးလ်ဖြင့် သတင်းအချက်အလက်များ ဝေမျှခြင်း၊<br><br>ပူးပေါင်းလုပ်ဆောင်သော ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ စကားဝိုင်းများ |
| စည်းရုံးဆော်သြခြင်း | ဦးတည်အုပ်စု တာဝန်ရှိသူ(သစ်တောဆိုင်ရာ အေဂျင်စီများ၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အဖွဲ့များ၊ ကော်ပိုရေးရှင်းများ)များကို တိုက်ရိုက်တွေ့ဆုံပြီး ပြဿနာများအကြောင်း၊ ဖြေရှင်းသင့်သော နည်းလမ်းများအကြောင်းများပြောပြပြီး မူဝါဒနှင့် ပေါ်လစီများကို လွှမ်းမိုးနိုင်ရန် လုပ်ဆောင်ခြင်း | ဦးတည်အုပ်စု တာဝန်ရှိသူများက အခွင့်အရေးပေးသောအချိန်၊ ကျွန်ုပ်တို့၏ စကားနှင့် တောင်းဆိုချက်များကို နားထောင်လိုသည့်အချိန် | အစည်းအဝေးများ၊<br><br>တယ်လီဖုန်းဖြင့် စကားပြောခြင်း<br><br>စာတမ်းများ တင်ပြခြင်း၊ ပေါ်လစီအကြံပြုစာတမ်းများ ပေးပို့ခြင်း၊ သဘောထားထုတ်ပြန်ချက်များ ထုတ်ဖော်ခြင်း၊<br><br>တွေ့ဆုံပွဲများ၊ ပြည်သူများ ပါဝင်သော ပွဲများ |
| အမြင်ဖွင့်အစီအစဉ်များ | ပြဿနာအကြောင်းအရာများနှင့် ပတ်သက်၍ (ဒေသခံတိုင်းရင်းသားများ၊ ပြည်သူလူထု) ကို အသိပေးခြင်း၊ ပညာပေးခြင်း<br><br>အများအားဖြင့် မူဝါဒပြောင်းလဲခြင်း ဖြစ်စဉ်တွင် ပထမဆုံးအဆင့်အနေဖြင့် ပါဝင်တတ်ပါသည်။ | သတင်းအချက်အလက်များ မရရှိနိုင်သောအခါ<br><br>တိုင်းရင်းသားများအနေဖြင့် နားလည်ရန် (အဆင့်မြင့်နည်းပညာများ၊ ပညာရပ်အသစ်များ) ခက်ခဲသည့်အခါ<br><br>တိုင်းရင်းသားလူ့အဖွဲ့အစည်းနှင့် ဒေသခံအဖွဲ့အစည်းများကို အားပေးပြီး ကိုယ့်ကိုယ်ကို ယုံကြည်လာစေရန် လိုသောအခါ၊ | ဆရာဖြစ်သင်တန်းများ<br><br>သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများ<br><br>ရပ်ရွာလူထုအစည်းအဝေးများ<br><br>အဖွဲ့လိုက်ဆွေးနွေးခြင်း<br><br>ပိုစတာများနှင့် ဝေစာများ<br><br>မှတ်တမ်းဗီဒီယိုများ |
| စည်းရုံးလှုံ့ဆော်ခြင်း။ လူထုများပါဝင်လှုပ်ရှားခြင်း | အမြင်ဖွင့်ခြင်းနှင့် မီဒီယာများ အသုံးပြုခြင်းများနှင့် များစွာ ဆက်စပ်မှုရှိပါသည်။<br><br>ပြည်သူတစ်ရပ်လုံး၏ အားကို အသုံးပြုပြီး ဖိအားပေးခြင်းဖြင့် ကျွန်ုပ်တို့ ပြောင်းလဲလိုသောအရာ၊ မူဝါဒပြောင်းလဲလိုသောအရာကို ပြောင်းလဲခြင်း ဖြစ်သည်။ | ပေါ်လစီချမှတ်သူများက အများပြည်သူ၏ သဘောထားအမြင်များကို လိုက်လံလုပ်ဆောင်လိုသည့်အခါ၊<br><br>ဒေသခံတိုင်းရင်းသားများ၏ အားအင်ကို ပြသလိုသောအခါ<br><br>တိုင်းရင်းသားနှင့် ဒေသခံအဖွဲ့အစည်းများ၏ အင်အားစု အရေအတွက်ကို ပြသလိုသောအခါ | ချီတက်ခြင်း၊ တန်းစီလမ်းလျှောက်ခြင်း<br><br>လက်မှတ်ထိုးခြင်း<br><br>သပိတ်မှောက်ခြင်း၊<br><br>ဆန္ဒဖော်ထုတ်ခြင်း၊ |
| မီဒီယာများ | ရေဒီယို(စီးပွားဖြစ်၊ ရပ်ရွာအခြေပြု)၊ သတင်းစာ၊ တီဗွီ၊ အင်တာနက်၊ လူမှုမီဒီယာများ၊ ဗီဒီယိုမှတ်တမ်းများ | ပေါ်လစီချမှတ်သူများနှင့် တိုက်ရိုက်ထိတွေ့ခွင့် မရသည့်အခါ၊<br><br>တိုင်းရင်းသားမျိုးနွယ်စုတို့၏ အသိုင်းအဝိုင်းပြင်ပသို့ အသိပေးလိုသည့်အခါ | ရေဒီယိုဇာတ်လမ်း၊<br><br>ရေဒီယို၊ရုပ်သံ သတင်းဌာန<br><br>အင်တာဗျူးများ<br><br>သတင်းစာရှင်းလင်းပွဲများ မီဒီယာသမားများနှင့် တွေ့ဆုံခြင်းများ |

# အခန်း (၃. ၂)

## မီဒီယာကို အသုံးပြု၍ မူဝါဒလျှောက်လဲခြင်း- ပြဿနာနှင့် သတင်းစကားများကို အများမြင်သာအောင် ချပြခြင်း

### ၃. ၂. ၁ ဘာ့ကြောင့် မီဒီယာကို သုံးရတာလဲ၊

**သင်တန်းဆရာမှတ်စု -**

(၁) ယခုအခန်းကို အခန်း(၃. ၂) သတင်းစကားကို ပျံ့နှံ့စေခြင်းအခန်းနှင့် ဆက်စပ်ပြီး ရှင်းပြပေးပါ။

(၂) တစ်ယောက်ယောက်ကများ သတင်းကို ဘယ်လိုဖြန့်ဝေမလဲ ဆိုတဲ့ လေ့ကျင့်ခန်းကို မှတ်မိကြသလားဟု သင်တန်းသားများကို မေးပါ။

(၃) သင်တန်းသားများက တစ်ယောက်တစ်မျိုးဖြေကြားလာသည့်အခါတွင် ယခုအခန်းတွင် မီဒီယာအကြောင်းကို အသားပေးလေ့လာသွားမည်ဖြစ်ကြောင်း အသိပေးပါ။ မီဒီယာ ဆိုတာကို ဘယ်လိုနားလည်သလဲဟု မေးခွန်းမေးခြင်းဖြင့် စတင်နိုင်ပါသည်။

(၄) သင်တန်းသားများထံမှ တုံ့ပြန်မှုများကို ပြန်လည်ရရှိပြီးသည့်နောက်တွင် အနှစ်ချုပ်ပြီး အောက်ပါ သင်ခန်းစာအား ဝေမျှပေးပါ။

မီဒီယာဆိုသည်မှာ အများသိစေရန်အလို့ငှာ အသုံးပြုသော ဆက်သွယ်ဆက်ဆံရေးဆိုင်ရာ နည်းလမ်း တစ်ခုသာဖြစ်သည်။ မီဒီယာနှင့် သက်ဆိုင်သော နည်းပညာ(ဥပမာ- သတင်းစာ၊ ရုပ်ရှာရေဒီယို၊ တီဗွီ၊ အင်တာနက်)ကို လူအများထံသို့ သတင်းစကားရောက်ရှိစေခြင်းငှာ အသုံးပြုပါသည်။

ကျွန်ုပ်တို့ ဦးတည်ထားသော ပေါ်လစီချမှတ်သူများ၊ ရွေးကောက်ခံရသူများ၊ ပုဂ္ဂလိက အဖွဲ့အစည်း ကော်ပိုရေးရှင်းများ၊ သစ်တောဝန်ရေးရာကြီးဌာနကဲ့သို့သော အစိုးရပိုင်းမှ ဌာနများ(သို့) ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ အေဂျင်စီများ၊ REDD+လုပ်ငန်းဆိုင်ရာ ဌာနများနှင့် အများပြည်သူလူထုထံမှ စိတ်ဝင်စားမှုကို ရရှိရန် မီဒီယာ၏ပျံ့နှံ့မှုအားသည် မူဝါဒလျှောက်လဲခြင်း လုပ်ငန်းအတွက် အသုံးပြု သင့်သော အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါသည်။ ၎င်းတို့မှာ မီဒီယာကို စောင့်ကြည့်သူများ(သို့) တစ်နည်းတစ်ဖုံအသုံးပြု ဖတ်ရှုသူများဖြစ်သောကြောင့် အခွင့်အရေးတစ်ခုဖြစ်ပါသည်။

မီဒီယာ၏ပျံ့နှံ့အားကို အသုံးပြုရန် တစ်ခါတစ်ရံ အလွန်လွယ်ကူလှပါသည်။ ပြည်တွင်းနှင့် ပြည်ပ သတင်းစာများတွင် သဘောတရား (သို့)သဘောထားပါသည့် ဆောင်းပါးများကို ရိုးရှင်းစွာ ရေးသား ပေးပို့ခြင်းများအားဖြင့် လုပ်ဆောင်နိုင်ပါသည်။ ထိုနည်းလမ်းဖြင့် လုပ်ဆောင်ခြင်းသည် ဒေသခံ တိုင်းရင်းသားအခြေပြုအဖွဲ့အစည်းများအနေဖြင့် လူထောင်ပေါင်းများစွာနှင့် ပေါ်လစီချမှတ်သူများထံ သို့ သတင်းစကားကို ပို့ဆောင်ပြီးသား ဖြစ်နေပါလိမ့်မည်။ မီဒီယာများတွင် အနည်းငယ် ငွေကုန်ခံရုံဖြင့် မူဝါဒလျှောက်လဲခြင်း ကမ်ပိန်းအတွက်အရေးပါသောကြောင့် ထိရောက်အောင်မြင်မှုကို ရရှိနိုင်ပါသည်။

မီဒီယာကို အသုံးပြုသင့်သော အခြားအကြောင်းပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁) ကျွန်ုပ်တို့ မူဝါဒလျှောက်လဲလိုသော ပြဿနာနှင့် ဖြေရှင်းချက်များသည် အချိန်တိုအတွင်း လျင်မြန်စွာ အများပြည်သူသိရှိစေရန် ပျံ့နှံ့ရောက်ရှိသွားနိုင်သည်။ ထို့အတူ လက်တွေ့ အကောင်အထည်ဖော်ရန် ဖိတ်ခေါ်နိုင်သည်။ တစ်ခါတစ်ရံ စရိတ်စခ သက်သာစွာဖြင့် မူဝါဒလျှောက်လဲမှုကို ပြုလုပ်နိုင်သည်။

၂) အများပြည်သူများ၏ စိတ်ဝင်စားမှုနှင့် ပံ့ပိုးမှုကို ရရှိစေသည်။ တစ်ဦးတစ်ယောက်အားဖြင့် ဖြစ်စေ၊ အဖွဲ့၏ ကြိုးစားမှုကြောင့်ဖြစ်စေ အရေးကြီးသော သတင်းစကားများသည် မီဒီယာများမှတဆင့် အများပြည်သူက သိရှိသွားသောအခါတွင် လူမှုရေးသိစိတ်၊ စိတ်ခံစားမှုများ အရ ကိုယ်ချင်းစာနာမှုများ ဖြစ်ပေါ်လာနိုင်သကဲ့သို့ ငွေကြေးပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများကို လည်း ရရှိနိုင်ပါသည်။

၃) အဓိကကျသော ဆုံးဖြတ်ချက်ချမှတ်နိုင်သူများ၏ စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်၊ဆွဲဆန့်ထား နိုင်သည်။

- ပြည်သူတစ်ရပ်လုံးက ပြဿနာတွင် ပါဝင်ပတ်သက်လာသောအခါတွင် ပေါ်လစီချမှတ် နိုင်သူများကလည်း စိတ်မဝင်စားဘဲ မနေနိုင် ဖြစ်လာပါသည်။
- မီဒီယာသည် ဆုံးဖြတ်ချက်ချမှတ်သူများ၏ နေ့စဉ်လုပ်ရှားမှုများကို စောင့်ကြည့်ပြီး အရေးကြီးသော သတင်းကွင်းဆက်များကို ချက်ချင်းအချိန်နှင့် တစ်ပြေးညီ အသိပေးနိုင် ပါသည်။ ဥပမာ- သစ်ခုတ်ခြင်း၊ ရေကြီးခြင်းနှင့် ဆည်များကြောင့် ပျက်စီးမှုများ စသည် တို့ဖြစ်ပါသည်။
- နိုင်ငံရေးသမားများနှင့် အခြားသော ဆုံးဖြတ်ချက်ချမှတ်နိုင်သူများကို ဆော်ဩစည်းရုံး နိုင်သည်။

၄) တက်ကြွလှုပ်ရှားသူများ၊ မူဝါဒလျှောက်လဲရာတွင် ဦးဆောင်သူများ၏ လုံခြုံရေးကို ကာကွယ် ပေးနိုင်သော နည်းလမ်းတစ်ခုလည်းဖြစ်သည်။ အချို့သောနိုင်ငံများသည် မူဝါဒလျှောက်လဲမှု ကမ်ပိန်းများသည် အန္တရာယ်ကိုလည်း ဖိတ်ခေါ်လာနိုင်ပါသည်။ အများက သိသောအမှုသည် အားကောင်းလာလျှင် ပြည်တွင်းတွင်သာမက ပြည်ပအထိ သိသော အမှုကိစ္စတစ်ခုဖြစ်လာ နိုင်ပါသည်။ ထိုသို့အားဖြင့် ဦးဆောင်သူများကို နှိပ်ကွပ်ရန် လက်တွန့်မှုကို ဖြစ်ပေါ်စေနိုင်ပါ သည်။ အကယ်၍ တက်ကြွလှုပ်ရှားဦးဆောင်သူများသည် လုပ်ဆောင်နေစဉ်အတွင်း ထိခိုက် မှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက အများပြည်သူများ၏ သံသယသည် ဆန့်ကျင်ဘက်အဖွဲ့ဆီ သို့သာ ဦးတည်တတ်ပါသည်။ ထို့ကြောင့် ထိခိုက်မှုတစ်စုံတစ်ရာကို ပြုလုပ်ရန် လက်တွန့်ကြ ခြင်းဖြစ်သည်။

## ၃. ၂. ၂ မီဒီယာကို အသုံးပြုနိုင်ရန်အတွက် အထွေထွေချဉ်းကပ်မှုများ

### (၁) သင့်ထံတွင် ရှင်းလင်းပြတ်သားကျစ်လစ်ခိုင်မာသော အကြောင်းအရာရှိပါစေ။

အကြောင်းအရာသည် ဘကုန်း (ဘာလဲ၊ ဘယ်တော့လဲ၊ ဘယ်မှာလဲ၊ ဘယ်သူလဲ၊ ဘယ်လိုလဲ)များဖြင့် ခိုင်မာနေရမည်။ အကြောင်းအရာသည် တိကျရမည်။ ပြောပြ

ပြီးသည်နှင့် တစ်ပြိုင်နက် မီဒီယာနှင့် အများပြည်သူ၏ စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်ရမည်။ မီဒီယာများသို့လည်း ယခုသတင်းကို အရေးတစ်ကြီးဖော်ပြသင့်ကြောင်း ဆော်ဩပေးရမည်။ နိုင်ငံရေးသတင်းတစ်ပုဒ်ကဲ့သို့ အရေးကြီးကြောင်း စည်းရုံးသိမ်းသွင်းကာ ဖော်ပြခိုင်းရမည်။

(၂) ***ဖြေရှင်းနိုင်သော နည်းလမ်းများကိုလည်း ချပြပါ။***

တက်ကြွလှုပ်ရှားသူ၊ မူဝါဒလျှောက်လဲမှုကို ဦးဆောင်သူများသည် ပြဿနာများကိုသာ ထုတ်ဖော်ပြသသည်မဟုတ်ဘဲ လက်တွေ့တွင် ပြန်လည်တုံ့ပြန် ဖြေရှင်းသင့်သော။ဖြေရှင်းနိုင်သော နည်းလမ်းကိုလည်း အကြံပြုပေးနိုင်ရန် လိုအပ်ပါသည်။ ထိုသို့အားဖြင့်တက်ကြွလှုပ်ရှားသူများအတွက် အများပြည်သူ၏ လေးစားယုံကြည်မှု ပိုလာနိုင်ပါသည်။

(၃) ***သုံး ဂဏန်းကို လက်ကိုင်ထားပါ။***

အချက်အလက်များကို တင်ပြသည့်အခါ သုံး ဂဏန်းကို လက်ကိုင်ထားပါ။ ဆိုလိုသည်မှာ ပြဿနာသုံးခု၊ အခက်အခဲသုံးခု၊ဖြေရှင်းနိုင်သောနည်းလမ်းသုံးခုနှင့် ၎င်းတို့၏ ဆက်စပ်မှုများကို ဖော်ပြပေးပါ။ အဖြေများစွာကို ချပြခြင်းသည် အများပြည်သူများအတွက် ရှုပ်ထွေးသွားစေနိုင်ပါသည်။ သုံးဂဏန်းသည် လက်ခံနိုင်စရာရှိပါက ချက်ချင်းမှတ်မိလွယ်သကဲ့သို့ လက်ခံနိုင်စရာမရှိလျှင်လည်း သိသာသော တုံ့ပြန်မှုများကို ပြန်လည်ရရှိနိုင်ပါလိမ့်မည်။ ပြဿနာနှင့် အခက်အခဲအမျိုးအစားအပေါ်တွင်သာ မူတည်ပါသည်။

(၄) ***အကြောင်းရင်းများကို အခြားသော မဟာအဖြစ်အပျက်နှင့် ဖွံ့ဖြိုးမှုများနှင့် ချိတ်ဆက်ပေးပါ။***

မီဒီယာ၏ စိတ်ဝင်စားမှုကို ရရှိရန် မူဝါဒလျှောက်လဲမှုကို ဦးဆောင်သူများအနေဖြင့် မိမိတို့၏ ပြဿနာသည် အခြားသော မဟာဖွံ့ဖြိုးရေးစီမံကိန်းများနှင့် မည်သို့ဆက်စပ်နေကြောင်း၊ အရေးတယူ ဖော်ပြသင့်သော သတင်းဖြစ်ကြောင်း အသနားခံသင့်လျှင် အသနားခံရမည်။အဆိုပါ မဟာစီမံကိန်းများအကြောင်းက မီဒီယာပျံ့နှံ့မှုများကို ရရှိပြီးသားဖြစ်သောကြောင့် ဖြစ်သည်။

(၅) ***အကြည်ညိုခံရသူများ၏ အကူအညီများကို ရှာဖွေပါ။***

အများပြည်သူလူထုနှင့် ဦးတည်အုပ်စုများက စိတ်ဝင်စားနိုင်သော ကြည်ညိုလေးစားခံရသူများကို အသုံးပြုခြင်းဖြင့် မူဝါဒလျှောက်လဲမှု လုပ်ငန်းစဉ်မှာ အောင်မြင်မှု ပိုလာနိုင်ပါသည်။ ဥပမာ- သမာသမတ်ကျသော နိုင်ငံရေးသမားများ၊ ဘာသာရေးခေါင်းဆောင်များ၊ ပညာရှင်များ၊ ရှေ့နေများ၊ ဆရာဝန်များ၊ (သို့) အခြားသော လူမျိုးစုထဲမှ ထင်ရှားပြီးသား ခေါင်းဆောင်များ(သို့) တိုင်းပြည်တွင် ကျော်ကြားပြီးသား ခေါင်းဆောင်များကို အသုံးပြုနိုင်ပါသည်။

(၆) ***မီဒီယာနှင့် ရင်းနှီးမှုတည်ဆောက်ပါ။***

မီဒီယာများနှင့် ရင်းနှီးမှုတည်ဆောက်ခြင်းသည် အရေးကြီးသည့် ကိစ္စတစ်ခုဖြစ်ပါသည်။ မီဒီယာများနှင့် ဆက်ဆံရေးပြေပြစ်ခြင်းသည် မိမိတို့၏ မူဝါဒလျှောက်လဲမှုပန်းတိုင်ကို ရောက်ရှိသည်အထိ အပြန်အလှန် အကျိုးကို ဖြစ်စေနိုင်ပါသည်။ မီဒီယာနှင့် ခိုင်မာသော

ရင်းနှီးမှုကို တည်ဆောက်ခြင်းအားဖြင့် သင်၏ပြဿနာအရင်းအမြစ်၊ အကျိုးဆက်များကို အမြဲမပြတ်စောင့်ကြည့်နေနိုင်ပြီး မီဒီယာအားဖြင့် အများပြည်သူများဆီသို့ ပျံ့နှံ့မှုကိုလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

(၇) ဖြစ်နိုင်လျှင် နိုင်ငံတကာ မီဒီယာများကို အသုံးပြုပါ။
ဖြစ်နိုင်သမျှ သင်၏ ပြဿနာအခက်အခဲကို ပြည်ပမီဒီယာများဖြင့် ချိတ်ဆက်တင်ပြနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန် စုံစမ်းမှုများကို ပြုလုပ်ရန် အကြောင်းရှိသော်လည်း ကျွန်ုပ်တို့နှင့် ရင်းနှီးပြီးဖြစ်သော ပြည်တွင်းမီဒီယာများမှတဆင့် ချိတ်ဆက်မှုများကို ရယူနိုင်ပါသည်။ ပြည်ပမီဒီယာအများစုသည် မြို့ကြီးများတွင်သာ တည်ရှိနေတတ်သောကြောင့်လည်း ဖြစ်ပါသည်။ ထိုနည်းတူ အင်န်ဂျီအိုများအားဖြင့်လည်း ပြည်ပမီဒီယာများကို ချိတ်ဆက်နိုင်ပါသည်။

## ၃. ၂. ၃ သင်၏အကြောင်းအရာ(ပြဿနာ)များ အများသိစေရန်အတွက် အသုံးပြုနိုင်သော မီဒီယာ နည်းနာများ

>> **သတင်းရေးသားဖြန့်ဝေခြင်း(News Release)**-သတင်းရေးသားဖြန့်ဝေခြင်းသည်ကောင်းသော လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါသည်။ ဥပမာ- ဆီအုန်းကုမ္ပဏီမှ မြေယာသိမ်းဆည်းခြင်းကြောင့် ဒေသခံတိုင်းရင်းသားများ ထိခိုက်နစ်နာမှုသတင်း စသည်တို့ ဖြစ်သည်။

>> **အကျယ်တဝင့်ရေးသားခြင်း(သို့) ဖြစ်ပျက်ရာနေရာသို့ လေ့လာခြင်း(Feature Story/Site Visit)** - သင်မူဝါဒလျှောက်လဲမှုနှင့် သက်ဆိုင်သော အကြောင်းအရာကို အသေးစိတ်နက်နက်ရှိုင်းရှိုင်းလေ့လာခြင်းဖြစ်သည်။ ဥပမာ- သစ်ထုတ်လုပ်မှုများကြောင့် ဒေသခံများ၏ မြေယာများ သိမ်းဆည်းခံရခြင်းအကြောင်းကို ပိုမိုသိရှိစေရန် သင်၏ဒေသသို့ မီဒီယာများကို ဖိတ်ခေါ်ပြီး ပြသခြင်းများ ပြုလုပ်နိုင်သည်။

>> **သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း (Press Conference)**- သတင်းကြီး၊သတင်းထူးများကို ဖြန့်ဝေရန်စီစဉ်သည့်ပွဲဖြစ်သည်။ ဥပမာ-လတ်တလောတိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဒေသခံတိုင်းရင်းသားဒေသ၏ အကြီးအကျယ် ပျက်စီးဆုံးရှုံးမှုများကို အများပြည်သူများထံသို့ ချက်ချင်းသတင်းပေးနိုင်ရန် စီစဉ်သည့်ပွဲမျိုးဖြစ်ပါသည်။

>> **မီဒီယာအကြံပေးထားရှိခြင်း(Media Advisory)**- သင်၏ အစီအစဉ်များတွင် မီဒီယာကို ဖိတ်ခေါ်ခြင်းမျိုးဖြစ်သည်။ ထိခိုက်နစ်နာမှုကို ခံစားနေရသော ရပ်ရွာ၏ စည်းလုံးညီညွတ်မှုရှိနေပုံကို ပြသလိုလျှင် မီဒီယာများကို သင်ဖိတ်ခေါ်နိုင်ပါသည်။

>> **တစ်ဦးချင်းတွေ့ဆိုခြင်း(One-on-One meeting)**- မီဒီယာတစ်ခုမှ အယ်ဒီတာတစ်ဦး(သို့) သတင်းထောက်တစ်ဦးကို ဖိတ်ခေါ်ပြီး ဒေသအခြေအနေများကို ပြောပြဝေမျှခြင်းကို ဆိုလိုသည်။ အထူးသဖြင့် အဆိုပါ ပုဂ္ဂိုလ်များနှင့် ခင်မင်ရင်းနှီးလျှင် ပိုမိုအဆင်ပြေကောင်းမွန်နိုင်ပါသည်။

>> **သဘောထားစာမျက်နှာ(OP-ed)-** သင်၏အမြင်၊ သင့်ဒေသအခြေအနေနှင့် သတင်းများကို ဖော်ပြနိုင်သည့် ကဏ္ဍတစ်ခုဖြစ်ပါသည်။ ဥပမာ- အစိုးရ၏ REDD+ အစီအစဉ်တွင် ဒေသခံတိုင်းရင်းသားများပါဝင်ခွင့်မရသည့်ကိစ္စကို မီဒီယာစာမျက်နှာမှတဆင့် သဘောထားတင်ပြခြင်း

>> **အင်တာနက်နှင့် လူမှုမီဒီယာများ-** လက်ရှိ ထောက်ခံသူများနှင့် ထောက်ခံသူဖြစ်နိုင်ချေရှိသူများထံသို့ကျယ်ပြန့်စွာ ရောက်ရှိနိုင်ရန် အသုံးပြုနိုင်ပါသည်။ ဖေ့ဘုတ်နှင့် တွစ်တာများအားဖြင့် သင်အသုံးပြုနိုင်ပါသည်။

>> **အင်တာဗျူးများ-** ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာနှင့် ဂျာနယ်များတွင် အင်တာဗျူးထည့်ခြင်း၊ ပါဝင်ခြင်းများ

**!** မှတ်သားရန်- သင်တန်းသားများအနေဖြင့် လွန်လေပြီးသောအချိန်ကာလများတွင် ဆိုခဲ့ပါ မီဒီယာနည်းပညာတစ်ခုခုကို အသုံးပြုခဲ့ရသည့် အတွေ့အကြုံရှိမရှိ မေးမြန်းပါ။

## ၃.၂.၄ အင်တာဗျူး

အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း အင်တာဗျူးပြုလုပ်ခြင်းနည်းကို အသုံးပြုခြင်းသည်သင်၏ ဦးတည်အုပ်စု၊ ပြည်သူလူထုများထံသို့ အချက်အလက်များရောက်ရှိနိုင်ရန် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်ပြီး သင်၏ မူဝါဒလျှောက်လဲမှုအစီအစဉ်ကိုလည်း ထောက်ခံရန် စည်းရုံးသိမ်းသွင်းနိုင်ပါသည်။ အင်တာဗျူးအစီအစဉ်ကို မည်သို့ ပြုလုပ်ရမည်ကို ဆက်လက်၍ ဆွေးနွေးသွားမည်ဖြစ်ပြီး လက်တွေ့ အင်တာဗျူးတစ်ခုကိုလည်း လုပ်ဆောင်သွားရမည်ဖြစ်သည်။

### မှတ်ဉာဏ်တွင် သွင်းထားရန်

(၁) **သရုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ ပျော့ပျော့ရှင်းရှင်း ဖြစ်ပါစေ-** လက်တွေ့အမှန်တကယ်ဖြစ်နေခြင်းမျိုးဖြစ်ပါစေ။ သင်၏ ကိုယ်နှုတ်အမူအရာသည် သက်တောင့်သက်သာရှိပါစေ။ တကယ်ဖြစ်နေသကဲ့သို့ ဖြစ်လေလေ သင့်ကို လူအများက စိတ်ဝင်စားလေလေဖြစ်ပါသည်။

(၂) **အလိုက်သင့်လေးဖြစ်ပါစေ၊ သို့သော် အသေးစိတ်လွန်းခြင်းလည်း မဖြစ်စေရ-** သင်ပြောနေသောအချက်အလက်သည် မှန်ကန်မှုရှိပါစေ။ သို့သော် အသေးစိတ်ပြောစရာတော့ မလိုပါ။ ဥပမာ-သင်တို့၏သစ်တောအရွယ်အစား(ဧက တစ်ရာကျော်)များကို ဖော်ပြရာတွင် အသေးစိတ် ဒဿမဂဏန်းများအထိ ဖော်ပြနေစရာမလိုပါ။ ခန့်မှန်းခြေကိုပြောလျှင်လည်း လုံလောက်ပါသည်။

(၃) **အခွင့်အရေးတစ်ခုဖြစ်ကြောင်း သိပါ။ ကြောက်စရာမဟုတ်ကြောင်းလည်း နှလုံးသွင်းပါ -** သင်၏ အင်တာဗျူးသည် သင်ဦးတည်ထားသော ပြည်သူလူထု၊အုပ်စုတစ်ခုကို စည်းရုံးသိမ်းသွင်းရန် ရည်ရွယ်သည့်အတွက် အခွင့်အရေးတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ဦးတည်ချက်ကို ရောက်ရှိရန် အင်တာဗျူးအစီအစဉ်ဖြင့် လုပ်ဆောင်ခြင်းအပေါ်တွင် ကြောက်ရွံ့ခြင်းမရှိပါနှင့်။ အင်တာဗျူးကို သင်ထိန်းချုပ်နိုင်သကဲ့သို့ အင်တာဗျူးသူအား အကြံပေးအဖြစ်လည်း ခြုံရုံထားခိုင်းနိုင်ပါသည်။

(၄) **ခိုင်မာသော ရပ်တည်ချက်ဖြင့် ပြောပါ**- သင်ပြောသောအရာအပေါ်တွင် သင်ခိုင်မာစွာ ရပ်တည်ပါ။

(၅) **သင်၏ သတင်းစကားသည် ရှင်းလင်းပါစေ**- သတင်းစကားကို မှတ်မိသလား၊ အဆိုပါမေးခွန်းကို ရဲရင့်စွာ ကိုယ့်ကိုယ်ကို ပြန်မေးပါ။ သင်ရှင်းပြသောအခါတွင်လည်း အများပြည်သူကို မှတ်မိစေချင်သည့် အကြောင်းအရာ ၃-၄ ချက်ဖြင့် ပြောပါ။ ဥပမာ- REDD+ အကောင်အထည်ဖော်မှုတွင် ဒေသရင်းဌာနေတိုင်းရင်းသားများ ပါဝင်သည့်ကြောင်း ပြောဆိုသည့်အခါတွင် ရဲရင့်စွာပြောပါ။ သင်ပြောဆိုချက်ပေါ်တွင် သင်ရပ်တည်ပါ။ ထိုအချက်ကို ထောက်ပြသည့် အချက် ၃-၄ ချက်ဖြင့် အခိုင်အမာပြောပါ။ မိမိသူငယ်ချင်းများ၊ မိတ်ဆွေများအား နားလည်ပါသလား ဆိုသည့်မေးခွန်းဖြင့် ကိုယ့်ကိုယ်ကို စစ်ဆေးနိုင်ပါသည်။

(၆) **ရိုးရိုးနှင့် ရှင်းရှင်းသာပြောပါ**- ဗန်းစကားမသုံးပါနှင့်။ ရိုးရိုးနှင့် အားလုံးနားလည်နိုင်သော ဘာသာစကားကို ပြောပါ။ သုံးပါ။

(၇) **သင်၏ ပရိသတ်အခြေအနေကို သိပါ**- သူတို့ဘာကြားသင့်သလဲ ဆိုသည့်စကားကို ကိုယ့်ကိုယ်ကို ပြန်မေးရန် မမေ့ပါနှင့်။ ငါပြောမည့်အထဲတွင် သူတို့အတွက်က ဘာဖြစ်မလဲ။ သင့်ပြောဆိုချက်များကို ထောက်ခံပြီး REDD+ လုပ်ငန်းစဉ်တွင် ဘာ့ကြောင့် ပါဝင်ရန် လိုအပ်ပါသလဲ။ သူတို့အား ပါဝင်လုပ်ဆောင်စေချင်သောအရာများကို တိကျစွာ စဉ်းစားမှတ်သားထားပါ။

(၈) **ဇာတ်လမ်းကို ပြောပြပါ။ အကျဉ်းချုပ်ပြောပါ**- လူထုသည် အထူးသဖြင့် မီဒီယာတွင် ဖော်ပြသော ဇာတ်လမ်းများ၏ တွန်းအားဖြင့် စိတ်ခံစားမှု မြင့်တတ်ကြပါသည်။ သင်၏ ပြဿနာများကို မြင်သာအောင် မီဒီယာတွင် တင်ပြပါ။ ဥပမာ- ဆီအုန်းစိုက်ခင်း(သို့) သစ်တောများ ပြန်လည်စိုက်ပျိုးသည့် အစီအစဉ်ကြောင့် ဒေသခံတိုင်းရင်းသားတို့၏လယ်ယာမြေများ ဆုံးရှုံးရသည့်အကြောင်းကို ဓာတ်ပုံများနှင့်တကွ ကွင်းကွင်းကွက်ကွက် ဖော်ပြခြင်းမျိုးဖြစ်ပါသည်။

(၉) **သင်၏ အင်တာဗျူးသည် အတိုချုပ်ဖြစ်ရမည်။ ဆောင်းပါး၊ လက်ချာမဟုတ်ပါ**- မီဒီယာများက အင်တာဗျူးလျှင် ၅-၁၀ မိနစ်ခန့် ကြာတတ်ပါသည်။ တစ်ခါတစ်ရံ သင့်အနေဖြင့် ပြောလိုသည့်အရာကို ပြောခွင့်ရရန် ၃ မိနစ်သာ ရတတ်သည်။

(၁၀) **မေးခွန်းပြန်မေးခြင်းထက် အဖြေပေးနိုင်အောင် ကြိုးစားခြင်း**- မီဒီယာအများစုသည် အပိတ်မေးခွန်း (လက်ခံ။လက်မခံ)မျိုးကို မေးတတ်သည်။ ၎င်းတို့အား အတိုက်အခံလုပ်ပြီး မေးခွန်းပြန်မေးခြင်းကို မလုပ်ပါနှင့်။ အကောင်းဆုံးမှာ ကိုယ့်အနေဖြင့် အဖြေပေးနိုင်သော မေးခွန်းများကို စာရင်းပြုစုပြီး အဖြေပေးရန်သာ ဖြစ်ပါသည်။ တစ်ခါတစ်ရံ အခက်အခဲဆုံးမေးခွန်းမှာ ငါ(သို့)ငါတို့ ဘယ်လိုကူညီနိုင်မလဲ ဆိုသည့်မေးခွန်းဖြစ်ပါသည်။

## ရေဒီယို အင်တာဗျူးနှင့် ပတ်သက်၍ မှတ်သားစရာ

**! သင်တန်းဆရာ / ပံ့ပိုးကူညီသူ မှတ်စု**

(၁)သင်တန်းသားများအား ရေဒီယိုအင်တာဗျူးနှင့် ပတ်သက်ပြီးအတွေ့အကြုံရှိဖူးသလားမေးပါ။

(၂) ထို့နောက် ရေဒီယိုအင်တာဗျူးနှင့် စာနယ်ဇင်းအင်တာဗျူး၏ ကွာခြားချက်ကို မေးပါ။ ရေဒီယိုအင်တာဗျူးက မည်သို့ခြားနားကြောင်း မေးပါ။ ပြောပြနိုင်လျှင် ပြောပြစေပါ။

(၃) ဆွေးနွေးချက်များကို အနှစ်ချုပ်ပြီး အောက်ပါအချက်အချို့ကို ဝေမျှပေးပါ။

အခြားအင်တာဗျူးများနည်းတူ ရေဒီယိုအင်တာဗျူးသည်လည်း ကြိုတင်ပြင်ဆင်မှုများစွာ လိုအပ်ပါသည်။ ထုတ်လွှင့်ဖော်ပြလိုသော သတင်းစကားကို ပြင်ဆင်ထားရမည်။ ဗန်းစကားအသုံးပြုမှုကို ရှောင်ပါ။ ဆွဲဆောင်နိုင်သော သတင်းစကားတစ်ခုဖြစ်အောင် ပြင်ဆင်မှုများကို လုပ်ဆောင်ထားရမည်။ သို့ပေမယ့် ထိရောက်အောင်မြင်သော ရေဒီယိုအင်တာဗျူးတစ်ခုဖြစ်မြောက်ရန် အောက်ပါတို့ကို သတိပြုလုပ်ဆောင်ရမည်ဖြစ်ပါသည်။

(၁) **သင်၏ ပင်ကို အသံကို အသုံးပြုပါ။** ရေဒီယိုတွင် သင့်ပရိသတ်က သင့်ကိုမြင်တွေ့ရမည်မဟုတ်ပါ။ သင်၏ အသံကိုသာ နားဆင်ကြားရမည်ဖြစ်သည်။ သို့သော် ၎င်းတို့နှင့်အတူ ရှိနေကြောင်းကို သင်၏အသံဖြင့် သက်သေပြရမည်ဖြစ်သည်။ အသံသေသေဖြင့် မပြောပါနှင့်။ အဓိကပြောလိုသည့်အကြောင်းအရာများကို အသံမြင့်မြင့်ဖြင့် ပြောဆိုပါ။ ဖြစ်နိုင်သမျှ ဆွဲဆောင်မှုရှိပါစေ။ အမှန်အတိုင်း၊ အရှိအတိုင်းဖြစ်ပါစေ။ ငေါ့တော့တော့ စကားလုံးများကိုမသုံးပါနှင့်။ရိုးသားမှုကို ဟန်ဆောင်လျှင် ရေဒီယိုထဲတွင် ပေါ်လွင်တတ်ပါသည်။

(၂) **သေချာစွာ နားထောင်ပါ။** မေးလာသော အမေးစကားများကို သေချာစွာနားထောင်ပေးပါ။ သင်ပြန်လည်ဖြေဆိုရမည့် အချိန်တွင်လည်း သင်၏ ထင်မြင်ချက်များကို ကောင်းစွာ ပြောဆိုပေးနိုင်ရန်ဖြစ်ပါသည်။ သင်ဖြေဆိုနေချိန်တွင် စကားစုကို ရပ်သင့်သည့်နေရာတွင် ရပ်ထားရမည်။

(၃) **မြင်ယောင်ခံစားကြည့်ပါ။** အသံသွင်းမိုက်ခရိုဖုန်းရှေ့တွင် ရပ်ပြီး ပြောနေသည့်ထက် သင်၏ ပရိသတ် (သို့) သူငယ်ချင်းများရှေ့တွင် ပြောနေသကဲ့သို့ မြင်ယောင်ခံစားပြီး အသံသွင်းပါ။

(၄) **စိတ်အေးလက်အေးအနေအထားကို ရယူပါ။** တစ်ခါတစ်ရံ စက်မှုပိုင်းဆိုင်ရာ အခက်အခဲများနှင့် ကြုံတွေ့ရတတ်သည်။ ထိုအခြေအနေတွင် စိတ်အေးအေးထားပါ။ အသံဖမ်းသူမှ အဆင်သင့်ဖြစ်ကြောင်း အချက်ပြလျှင် တဖန် ပြန်လည် ပြောဆိုအသံသွင်းပါ။ ပရိသတ်များဘက်မှ အဖျက်သဘောပါသော မေးခွန်းများအတွက်လည်း စိတ်ကို ပြင်ဆင်ထားပါ။ မည်သို့ပင်ဖြစ်စေကာမူ ယဉ်ကျေးပျူငှာစွာဖြင့် ပြန်လည်ဖြေကြားပြီး မိမိတို့ပေးလိုသော သတင်းစကားကို ရောက်အောင်ကြိုးစားပါ။

## လုပ်ဆောင်ချက်(၄)

(၁) သင်တန်းသားထဲမှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို ကူညီပေးရန် ဖိတ်ခေါ်ပါ။ မီဒီယာတွင် ဖော်ပြသတင်းပေးလိုသော သတင်းစကားကို စဉ်းစားစေပါ။ အင်တာဗျူးအတွက် ၁၅ မိနစ်အချိန်ပေးပြီး ပြင်ဆင်စေပါ။

(၂) ၎င်းတို့နှစ်ဦးနှင့်အတူ သုံးမိနစ်ကြာ အင်တာဗျူးတစ်ခုကို လုပ်ဆောင်စေပါ။

(၃) ကျန်သင်တန်းသားများအား ၎င်းတို့၏ မြင်တွေ့ခံစားရမှုများကို ရေးချမှတ်သားထားစေပါ။

(၄) လုပ်ဆောင်ချက်များအတိုင်း လုပ်ဆောင်သွားပါ။ လိုအပ်သည့်နေရာတွင် သင်တန်းဦးဆောင်သူမှ ကြားဖြတ်ဝင်ရောက်ပြီး သင်ယူလေ့လာမှုအတွက် မှတ်ချက်ပြုပေးနိုင်ပါသည်။

# အခန်း(၃. ၃)

## အမြင်ဖွင့်ခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း

ကြာချိန် - ၅ နာရီ

၃. ၃. ၁ မူဝါဒလျှောက်လဲမှုနှင့် စည်းရုံးဆော်သြခြင်းအတွက်ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများကို အမြင်ဖွင့်ခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း

## ရပ်ရွာကို အားပေးမြှင့်တင်ခြင်း

ရပ်ရွာလူထုခေါင်းဆောင်များက ရပ်ရွာ၏ အမြင်ပွင့်မှုအတွက် အစီအစဉ်များကို လုပ်ဆောင်ရင်း ရပ်ရွာများတွင် သတင်းအချက် အလက်များကို ဖြန့်ဝေပေးသည့်ကိစ္စသည် အလွန်အရေးကြီးသည့် လုပ်ဆောင်ချက်တစ်ခုဖြစ်ပါသည်။ ရပ်ရွာလူထုများမှာမူ မူဝါဒလျှောက်လဲမှု ကမ်ပိန်းနှင့် အကောင်အထည်ဖော်မှုများတွင် အရေအတွက်အားဖြင့် ပါဝင်ခြင်း၊ ပြဿနာကို သေချာနားလည် သဘောပေါက်လျှင် လူထုအင်အားပြသခြင်းအားဖြင့်သာ ပါဝင်နိုင်ပါသည်။ ထိခိုက်ခံစားရသော ရပ်ရွာဒေသခံများကို ဦးတည် လုပ်ဆောင်သော မူဝါဒလျှောက်လဲမှုဖြစ်သောကြောင့် ၎င်းတို့၏ အမြင်ပွင့်မှုအတွက် ပထမဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပါသည်။

### (၁) ရပ်ရွာ၏ အမြင်ပွင့်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက် လုပ်ဆောင်ခြင်း

ရပ်ရွာဒေသခံများကိုယ်တိုင် လုပ်ဆောင်နိုင်သော လုပ်ငန်းစဉ်အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) လူထုအစည်းအဝေး၊ တွေ့ဆုံဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းများ
(ခ) ရပ်ရွာဒေသခံ ရိုးရာဓလေ့ပွဲတော်များ၊ ယဉ်ကျေးမှုပွဲတော်များ
(ဂ) ရုပ်ရှင်ပြသခြင်း၊ ဒေသခံဇာတ်ပွဲများကျင်းပခြင်း၊ ဆပ်ကပ်ပွဲများနှင့် စင်တင်ပြဇာတ်များ
(ဃ) ရပ်ရွာအခြေပြု ရေဒီယိုအသံလွှင့်ခြင်း

! မှတ်သားရန်- အထက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်ကို အခြေခံသော လုပ်ဆောင်ချက်ဖြစ်စေရန် ကြိုတင်ဆန်းစစ်ချက်များမှ တွေ့ရှိချက်များအတိုင်း လုပ်ဆောင်ရန် လိုအပ်ပါသည်။

### (၂) ကျေးရွာလူထုအစည်းအဝေးပွဲ၊ လူထုအမြင်ဖွင့်အစီအစဉ်အတွက် ပြင်ဆင်ခြင်း

ကြိုတင်ပြင်ဆင်မှုများသည် အရေးကြီးပါသည်။ ကြိုတင်ပြင်ဆင်ရာတွင် စဉ်းစား၊ သတိထားစရာ အချက်များကို အောက်ပါတို့တွင် ရှုစားပါ။

(က) ရပ်ရွာလူကြီးများ၏ သဘောတူခွင့်ပြုချက်သည် အရေးကြီးသည့်အပိုင်းတစ်ပိုင်းဖြစ်ပါသည်။ ဖြစ်နိုင်သမျှ ၎င်းတို့၏ အကူအညီ၊ပူးပေါင်းပါဝင်မှုကို သင်၏ အမြင်ဖွင့်အစီအစဉ်များ၊ ကျေးရွာလူထုအစည်းအဝေးပွဲ၊ သင်တန်းများအတွက် ရအောင်ယူပါ။

(ခ) ဦးတည်ပရိသတ်ရရှိမှုသည် အခရာဖြစ်လေရာ မည်သည့်အချိန်တွင် လူထုအစည်းအဝေးပွဲကို ကျင်းပနိုင်လျှင် အကောင်းဆုံးဖြစ်သည်ကို ကြိုတင်ကြံဆစဉ်းစားထားပါ။

(ဂ) လုပ်ဆောင်မည့်အစီအစဉ်အပေါ် မူတည်ပြီး နေရာထိုင်ခင်း၊ လိုအပ်သော ပစ္စည်းကိရိယာများကို ပြင်ဆင်ထားပါ။

(ဃ) လုပ်ဆောင်မည့်အစီအစဉ်အတွက် လိုအပ်မည့် အစီအစဉ်များ၊ တင်ပြမှုများကို ပြင်ဆင်ထားပါ။

(င) ကြိုတင်အသိပေးမှုအတွက် လုံလောက်သော အချိန်အတိုင်းအတာကို ပြင်ဆင်ပါ။ ဦးတည်ပရိသတ်များက ဆွေးနွေးမည့်ခေါင်းစဉ်များ၊ နေရာ၊ အချိန်တို့ကို အသိပေးထားခြင်းခံရမှု ရှိမရှိကိုလည်း သိအောင် လုပ်ဆောင်ပါ။

(ဆ) အစည်းအဝေးပြုလုပ်မည့်နေ့ရက်၊ နေရာနှင့် အချိန်များနှင့် ပတ်သက်ပြီး ပြန်လည်ကွင်းဆင်း လုပ်ဆောင်ပါ။ တစ်ဦးချင်း ကွင်းဆင်းလုပ်ဆောင်မှုများသည် အရေးကြီးပါသည်။ အခြားဝေယျာဝစ္စများအတွက်လည်း ပြင်ဆင်ထားပါ။ ဥပမာ- အစားအသောက်၊ သွားရေးလာရေး စသဖြင့် ဖြစ်ပါသည်။

ရပ်ရွာခေါင်းဆောင်များ၊ အစည်းအဝေးတက်ရောက်သူများထံမှ တုံ့ပြန်အကြံပြုချက်များ၊ ပြန်လည်သုံးသပ်ချက်များကို ရအောင်ယူပါ။ ပိုမို ကောင်းမွန်အောင် လုပ်ဆောင်ရမည့် နေရာများတွင် ဆက်လက်လုပ်ဆောင်နိုင်ရန်ဖြစ်ပါသည်။ ဦးတည်ထားသော ရည်ရွယ်ချက်ကို ရောက်မရောက် သိနိုင်ရန်လည်း ဖြစ်ပါသည်။

## ၃. ၃. ၂ ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများကို အားပေးမြှင့်တင်ခြင်း

- ထိရောက်သော မူဝါဒလျှောက်လဲမှုနှင့် စည်းရုံးဆော်ဩမှု ဖြစ်မြောက်စေရန် လိုအပ်သော အရာများကို သိရှိထားရန်
- ရပ်ရွာအဖွဲ့အစည်းများနှင့် ၎င်းတို့၏ ခေါင်းဆောင်များ၏ စွမ်းဆောင်ရည်လိုအပ်မှု ဆန်းစစ်ချက်များကို လုပ်ဆောင်ထားရန်
- အဖွဲ့အစည်းများကိုလည်း အားပေးမြှင့်တင်သကဲ့သို့ ခေါင်းဆောင်များ၏ ခေါင်းဆောင်မှု ပညာများကို ပေးနိုင်ရန်
- ခွဲခြမ်းစိပ်ဖြာနိုင်သော နည်းလမ်းများနှင့် မဟာဗျူဟာချမှတ်ခြင်းများအတွက် ပြင်ဆင်ရန်

# အခန်း(၃. ၄)

## အင်အားများကို စုစည်းခြင်း- မဟာမိတ်နှင့် ကွန်ယက်များဖွဲ့စည်းခြင်း၏ အရေးကြီးမှု

ကြာချိန် - ၂ နာရီ

**သင်တန်းဆရာ / ပံ့ပိုးကူညီသူမှတ်စု**

(၁) ယခု အခန်းကို မဟာမိတ်၊ ကြားနေနှင့် ပြိုင်ဘက်များအကြောင်းကို ဆွေးနွေးသော **အခန်း(၂. ၁. ၃)**နှင့် ဆက်စပ်ပေးပါ။ **(အပိုင်း-၂** တွင် သင်တန်းသားများမှ လက်တွေ့လုပ်ဆောင်သော မူဝါဒလျှောက်လဲမှုအစီအစဉ်ကို ပြန်လည်စဉ်းစားစေပါ။) ယခုအခန်း၏ ဆွေးနွေးမှုများတွင် အဆိုပါအခန်းတွင် လက်တွေ့စဉ်းစားခဲ့သော အရာများဖြင့် ထည့်သွင်းစဉ်းစားစေပါ။

(၂) သင်တန်းသားများကို ပြန်လည်မေးပါ။ ပါဝင်ပတ်သက်သူများနှင့်ပတ်သက်၍ မှတ်မိမှတ်သားတာမျိုးရှိပါသလား။ မည်သူတို့ကို ပါဝင်ပတ်သက်သူများအဖြစ် သတ်မှတ်ဖော်ထုတ်ခဲ့ကြတာလဲ။

(၃) သင်တန်းသားများ ပြန်လည်ဖြေကြားမှုနှင့် ယခုအခန်းတွင် ဆွေးနွေးမည့်အကြောင်းအရာများနှင့် ဆက်စပ်ဆွေးနွေးပါ။ မဟာမိတ်ဖွဲ့ခြင်းနှင့် ကွန်ယက်ချိတ်ဆက်ခြင်းအကြောင်းကို ဆွေးနွေးမည်ဖြစ်ပါသည်။

### ၃. ၄. ၁ မဟာမိတ်ဖွဲ့ခြင်းဆိုတာ ဘာလဲ။

ယေဘူယျကျသော အကြောင်းရင်းများ၊ လုပ်ဆောင်မှုများနှင့် ပန်းတိုင်။ရည်ရွယ်ချက်များအတွက် တစ်ဦးချင်းစီကိုသော်လည်းကောင်း၊ အဖွဲ့အစည်းများကိုသော်လည်းကောင်း စုစည်းခြင်းကို ဆိုလိုပါသည်။ မူဝါဒလျှောက်လဲမှုကမ်ပိန်းနှင့် ပန်းတိုင်ရည်ရွယ်ချက်များကို ရောက်ရှိအောင်မြင်စေရန် ပူးပေါင်းကူညီနိုင်မည့် တစ်ဦးချင်းစီသည်လည်း အပါအဝင်ဖြစ်ပါသည်။

**သင်တန်းဆရာမှတ်စု** - ကွန်ယက်ချိတ်ဆက်မှုနှင့် မဟာမိတ်ဖွဲ့မှုများအတွက် ဆက်သွယ်ခြင်းကို လက်ခံလျှင် မူဝါဒလျှောက်လဲမှုကမ်ပိန်းအတွက် မဟာမိတ် များအဖြစ် သတ်မှတ်နိုင်ပါသည်။

## ၃. ၄. ၂ ကွန်ယက်နှင့် မဟာမိတ်များ ဘာ့ကြောင့် လိုအပ်သနည်း။

မူဝါဒလျှောက်လဲမှုအတွက် ဦးဆောင်သူအများစုသည် စိတ်တူကိုယ်တူရှိသူများ၊ အဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့ခြင်းကို မူဝါဒလျှောက်လဲမှု လုပ်ငန်းစဉ်အတွက် အထူးအရေးကြီးသည့် အစိတ်အပိုင်း တစ်ခုအဖြစ် လက်ခံထားကြသည်မှာ အောက်ပါအကြောင်းရင်းများကြောင့် ဖြစ်ပါသည်။

- >> အရေအတွက်အားဖြင့် သဘောထားအာဘော်များနှင့် အရင်းအမြစ်များ တိုးပွားလာခြင်း ကြောင့် အင်အားနှင့် စွမ်းပကားကို မြင့်တင်ပေး၊ ဖန်တီးပေးပါသည်။
- >> မူဝါဒချမှတ်သူများနှင့် ပိုမိုချိတ်ဆက်နိုင်ရန် အထောက်အကူဖြစ်ပါသည်။ အချက်အလက်နှင့် ကျွမ်းကျင်မှုကို ချဲ့ထွင်ခြင်းဖြစ်သည်။
- >> မိတ်ဖက်အဖွဲ့အစည်းအသစ်နှင့် ကွန်ယက်မိတ်ဆွေသစ်များကို တိုးပွားစေပါသည်။
- >> ကုန်ကျစရိတ်သက်သာစေသော လမ်းကြောင်းကို ရှာတွေ့စေပါသည်။
- >> လုပ်အားနှင့် စွမ်းရည်များကို ခွဲခြမ်းအသုံးပြုနိုင်သောကြောင့် လုပ်အားပိုနေခြင်း၊ လုပ်အားထပ်နေခြင်းမဖြစ်စေနိုင်ပါ။
- >> ပူးပေါင်းလုပ်ဆောင်မှု အလှတရားကို ထင်ဟပ်စေပါသည်။ စုစည်းခြင်းသည် တစ်ကွဲ တစ်ပြားဖြစ်ခြင်းထက် သာ၍ ကောင်းပါသည်။

မိမိတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုပေးရန် လုပ်ဆောင်သော မူဝါဒလျှောက်လဲမှုကမ်ပိန်း များတွင် REDD+ နှင့် ရာသီဥတုပြောင်းလဲခြင်းများကြောင့် ထိခိုက်ခံစားရသော ဒေသရင်း႘ာနေ တိုင်းရင်းသားများအနေဖြင့် အထက်ပါအတိုင်း မဟာမိတ်ဖွဲ့၊ ကွန်ယက်များဖွဲ့ခြင်းဖြင့် လုပ်ဆောင်ရန် အလွန်သင့်တော်ပြီး အရေးကြီးပါသည်။

အဆိုပါ ပန်းတိုင်သည် လွယ်ကူသည်တော့မဟုတ်ပါ။ ကြိုးပမ်းမှုများစွာ လိုအပ်ပါသည်။ မူဝါဒ လျှောက်လဲမှု ကမ်ပိန်းမဟာဗျူဟာများ၊ ရေရှည်တည်တံ့သည့်အစီအမံများစွာ လိုအပ်ပါသည်။



Consultation with the Special Rapporteur on IPs during the 3rd EMRIP Session. Picture Credit: Mr. Adrian Lasimbang

ထို့ကြောင့် အင်အားကြီးအဖွဲ့အစည်းများ၊ လွှမ်းမိုးမှုပေးနိုင်သော တစ်ဦးချင်းနှင့် သက်ဆိုင်ရာ အေဂျင်စီများ၊ ကွန်ယက်များနှင့် မဟာမိတ်ဖွဲ့ရန် အရေးကြီးသည်ဟု ဆိုရခြင်းဖြစ်ပါသည်။

ထိုနည်းတူ အစိုးရအဖွဲ့အစည်းများ၊ ဆုံးဖြတ်ချက်ချမှတ်နိုင်သူများ၊ လွှမ်းမိုးမှုပြုနိုင်သူများထံမှ အကူအညီများရရှိနိုင်ရန် သက်ဆိုင်ရာ ပြဿနာကိစ္စရပ်နှင့် ပတ်သက်ပြီး ပြည်သူလူထု၏ မိမိတို့၏ ရသင့်ရထိုက်သော အခွင့်အရေးများအပေါ်တွင် အမြင်ပွင့်မှုသည်လည်း အဓိကကျသည့်အခြေခံ အကြောင်းတရားတစ်ခုဖြစ်ပါသည်။ အလားတူပင် ပန်းတိုင်နှင့် ရည်ရွယ်ချက်များကို ရောက်ရှိနိုင်ရန် ရေရှည်လုပ်ဆောင်ရမည် ဖြစ်လေရာ အရင်းအမြစ်များ၊ ကူညီပေးဖော်များစွာ နည်းမျိုးစုံဖြင့် လိုအပ်ပါသည်။

## ၃. ၄. ၃ မည်သူတို့နှင့် မဟာမိတ်ဖွဲ့သင့်သနည်း။

မဟာမိတ်ဖွဲ့ရန် ပန်းတိုင်ရည်ရွယ်ချက်တူပြီး မဟာမိတ်ဖြစ်နိုင်ချေရှိသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကို စဉ်းစားခြင်းသည် လုပ်ဆောင်သင့်သော ကနဦးပထမခြေလှမ်းဖြစ်ပါသည်။ထိုသို့အားဖြင့် တိကျသောလိုအပ်ချက်များ၊ အဓိကကျသော ပြဿနာများ၊ မူဝါဒပြောင်းလဲမှုကမ်ပိန်းအတွက် လိုအပ်မှုများ၊ ပန်းတိုင်နှင့် ရည်ရွယ်ချက်များကို ရောက်ရှိရန် လိုအပ်ချက်များကို ဖြည့်ဆည်း ကူညီပေးနိုင်ရန် အင်အားစုများကို တိုးပွားရရှိစေသောကြောင့် ဖြစ်ပါသည်။ မဟာမိတ်ဖွဲ့ခြင်း၊ ကွန်ယက်ချိတ်ဆက်လုပ်ဆောင်ခြင်းကို ဒေသအဆင့်တွင်သာမဟုတ်ဘဲ ပြည်နယ်အဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်အထိ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။ ထိုသို့ ချိတ်ဆက်လုပ်ဆောင်နိုင်လျှင် လိုအပ်သော အကူအညီများအတွက် များစွာ အထောက်အကူပြုနိုင်ပါသည်။

### လူထုပူးပေါင်းပါဝင်မှုကို ဖော်ဆောင်ခြင်း

တိကျသော ပြဿနာများ (သို့) အကြောင်းရင်းများအတွက် လူထု၏စိတ်ဝင်စားမှုကို စုစည်းခြင်းကို ဖော်ဆောင်ခြင်းဖြစ်သည်။ ပြဿနာများကို ဖြေရှင်းရန်၊ အကြောင်းရင်းများကိုရင်ဆိုင်ရန် စနစ်တကျ စည်းရုံးလှုံ့ဆော်ခြင်းအတွက် လူတစ်ဦးချင်းနှင့် အဖွဲ့အစည်းများကို စုစည်းခြင်းကို ဆိုလိုသည်။ ပြဿာနာကို အမှန်တကယ်ကြုံတွေ့ရသူများ၊ ကဏ္ဍတူလုပ်ရှားသောအဖွဲ့အစည်းများ၊ အေဂျင်စီများ၏ အလျားလိုက်အင်အားကို စုစည်းခြင်းလည်းဖြစ်ပါသည်။ လူထုစုပေါင်းအင်အားသည် ပူးပေါင်းသည့် လူထု၊ အဖွဲ့အစည်း၏ သဘောသဘာဝအပေါ်မူတည်၍ ရေရှည်-ရေတို၊ ကျစ်လစ်-ဖြေလျော့၊ ပုံစံကျ-ပုံစံမကျ စသည်ဖြင့် ကွဲပြားခြားနားမှုရှိနိုင်ပါသည်။ ဒေသခံတိုင်းရင်းသားများအတွက် လူထုပူးပေါင်းပါဝင်အင်အားပြခြင်းဗျူဟာသည် ဖြစ်နိုင်ချေရှိသော မဟာဗျူဟာတစ်ခုဖြစ်ပါသည်။ အကြောင်းမှာ ခံစားရသော ပြဿနာအခက်အခဲများသည် များသောအားဖြင့် တူညီမှုရှိပြီး ပိုမိုကျယ်ပြန့်သော စည်းလုံးညီညွတ်မှုကို ရရှိစေနိုင်သောကြောင့် ဖြစ်ပါသည်။

## ပြန်လည်ဆန်းစစ်ခြင်း- REDD+ တွင် အဓိကကျသူများနှင့် ကူညီပံ့ပိုးနိုင်သူများကို ရှာဖွေဖော်ထုတ်ခြင်း

**သင်တန်းဆရာမှတ်စု**

(၁) ယခုအခန်းတွင် သင်တန်းသားများရေးဆွဲခဲ့သော မူဝါဒလျှောက်လဲမှုကမ်ပိန်းလုပ်ငန်းစဉ်များ (ယခင် အပိုင်းနှစ်၊ အခန်း ၂. ၁. ၄)မှ သင်ခန်းစာများကို ပြန်လည်အခြေပြုစဉ်းစားရမည် ဖြစ်သည်။

(၂) သင်တန်းသားများရေးဆွဲခဲ့သော လုပ်ငန်းစဉ်များတွင် သတ်မှတ်ဖော်ထုတ်ခဲ့သော ပါဝင်ပတ်သက်သူများအကြောင်းကို ပြန်လည်ဆွေးနွေးရန် ဖိတ်ခေါ်နိုင်ပါသည်။

ကျွန်ုပ်တို့၏ မူဝါဒလျှောက်လဲမှု ကမ်ပိန်းအတွက် ဖြစ်နိုင်ချေရှိသော မဟာမိတ်များမှာ အောက်ပါအတိုင်း ဖြစ်နိုင်ပါသည်။

>> ကျေးရွာရပ်မိရပ်ဖများ၊ လွှမ်းမိုးမှုအားကောင်းသည့် သင်းအုပ်ဆရာများ၊ ကျောင်းဆရာများ၊ ဆရာဝန်များနှင့် ရှေ့နေများ

>> လူထုအခြေပြုအသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ၊ လူငယ်၊ အမျိုးသမီးအဖွဲ့များ

>> အင်န်ဂျီအိုအဖွဲ့အစည်းများ

>> ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လှုံ့ဆော်နေသော အဖွဲ့အစည်းများနှင့် လူထုကို စိတ်ဝင်စားသော အဖွဲ့အစည်းကြီးများ

>> အလှူရှင်အဖွဲ့အစည်းများမှ ဝန်ထမ်းများ

>> ပြဿနာအခြေပြု ကွန်ယက်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ (ဥပမာ- သစ်တော၊ လူ့အခွင့်အရေး၊ ဒေသခံတိုင်းရင်းသားအခွင့်အရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လှုပ်ရှားနေသော အဖွဲ့အစည်းများ)

>> တက္ကသိုလ်များ၊ ဥပဒေအကြံပေးအဖွဲ့အစည်းများ ( အခမဲ့ ဥပဒေအကြံပေးအဖွဲ့အစည်းများ၊ ဓာတ်ခွဲခန်းမှ စမ်းသပ်ပညာရှင်များ)

>> အစိုးရဌာနဆိုင်ရာ အရာရှိများနှင့် ဝန်ထမ်းများ၊ အထူးသဖြင့် သစ်တောထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ။

>> ပါတီနိုင်ငံရေးသမားများ၊ အမတ်များ(ဒေသ၊ ခရိုင်နှင့် ဗဟိုအဆင့်)

>> ငွေရေးကြေးရေးအရမဟုတ်ဘဲ နည်းပညာများအရ၊ လူထုဆက်ဆံရေးလမ်းကြောင်းများအရ (ဥပမာ- စာရေးဆရာများ) အကူအညီများပေးနိုင်သော ပညာရှင်များ

>> မီဒီယာများမှ သတင်းထောက်များ၊ အယ်ဒီတာများ စသည်တို့ ဖြစ်ပါသည်။

## မဟာမိတ်ဖွဲ့ခြင်းနှင့် ကွန်ယက်ချိတ်ဆက်ခြင်းဆိုင်ရာ မှတ်သားစရာများ

(၁) ဖြစ်နိုင်ချေရှိသော မဟာမိတ်များနှင့် ဆက်သွယ်ရမည့်သူများကို စာရင်းပြုစုရာတွင်

- ဆက်သွယ်ရမည့်ပုဂ္ဂိုလ်၊ လိပ်စာအပြည့်အစုံ အသေးစိတ်
- မည်သူက သတင်းအချက်အလက်များကို ပေးနိုင်မည်နည်း။
- ကျွမ်းကျင်မှု၊အတွေ့အကြုံနှင့် ၎င်းတို့ပါဝင်ကူညီနိုင်သော အခြေအနေနှင့် အခန်းကဏ္ဍများ

(၂) သင်၏ မဟာမိတ်ဖွဲ့ခြင်းနှင့် ကွန်ယက်ချိတ်ဆက်ခြင်းအတွက် တိကျသော အစီအစဉ်များကို ရေးဆွဲပါ။

- ဘယ်သူက ဘယ်အချိန်တွင် ဘာလုပ်သင့်သနည်း။
- သက်ဆိုင်သည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များကို မည်သို့ ချိတ်ဆက်၊ ဆက်သွယ်နိုင်မည်နည်း။

(၃) ဖြစ်နိုင်ချေရှိသော မဟာမိတ်အဖွဲ့များနှင့် ချိတ်ဆက်ရာတွင် အောက်ပါတို့ကို သေချာစေပါ။

- သင်လုပ်ဆောင်လိုသော၊အောင်မြင်လိုသော အရာများကို ရှင်းလင်းစွာ ရှင်းပြပါ။၊ပုံဖော်ပါ။
- သင်လိုအပ်သော အကူအညီ အတိုင်းအတာ၊ နေရာကဏ္ဍ
- ယဉ်ကျေးသိမ့်မွေ့ပါ၊ လိုချင်ဇောနှင့် တစ်ဘက်သတ်မဖြစ်ပါစေနှင့်။
- ထွက်ပေါ်လာနိုင်သောမေးခွန်းများအတွက် ပြင်ဆင်ထားပါ။ မဖြေဆိုနိုင်လျှင်လည်း မဖြေဆိုနိုင်ကြောင်း ရိုးသားစွာ ဝန်ခံတတ်ပါစေ။
- စိတ်ထဲနစ်၍လုပ်ပါ။ ပညာရှင်များ၏ အကြံပေးမှု၊ ထင်မြင်ချက်ပေးမှုနှင့် ယူဆချက်များကို သေချာစွာ နားထောင်ပါ။

(၄) ချိတ်ဆက်ထားသော မဟာမိတ်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမှု တည်ဆောက်ပါ။

(၅) သင်၏ ကြိုးပမ်းမှုများအားဖြင့် စည်းလုံးခြင်းကို တည်ဆောက်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုတွင် အောင်မြင်မှုရရှိရန် ပါဝင်သော ပြည်သူလူထု၏ အနေအထားကို စဉ်းစားထားရန် လိုအပ်ပါလိမ့်မည်။ ဥပမာ အောက်ပါစဉ်းစားစရာများကို စဉ်းစားနိုင်ပါသည်။

- ဒေသခံဌာနေတိုင်းရင်းသားတို့၏ မျိုးနွယ်တော်စပ်မှုများအရ ကွန်ယက်၏ကျယ်ပြန့်မှုတွင် အားကောင်းနိုင်ပါသည်။ ထိုနည်းတူ မျိုးနွယ်တော်စပ်မှုများကြောင့် စဉ်းစားချင့်ချိန်စရာ စည်းမျဉ်းများလည်း ရှိကောင်းရှိနိုင်ပါသည်။
- နှုတ်ဖြင့်ဆိုသော်ငြားလည်း သဘောတူညီမှုများနှင့် ဂတိကဝတ်များသည် ဒေသခံတိုင်းရင်းသားများတွင် ရေရှည်တွင် ခိုင်မြဲခိုင်မာတတ်ပါသည်။
- သက်ကြီးသူတို့၏ စကားကို လေးစားတတ်ကြသည်။
- အမျိုးသမီးအများစုမှာ ထည့်သွင်းစဉ်းစားခြင်းခံရလေ့မရှိပါ။ သို့သော် အရေးအတွက်အားဖြင့်သော်လည်းကောင်း၊ တိကျသော လုပ်ငန်းရပ်တစ်ခုခုအတွက်သော်လည်းကောင်း အမျိုးသမီးများ၏ ပါဝင်မှုကို ရယူနိုင်ပါသည်။

(၆) မဟာမိတ်ပြုရာတွင် နားလည်မှုရှေ့ထားပြီး စိတ်ရှည်ပါ။
- ၎င်းတို့၏ အခြေအနေနှင့် အမြင်ကို နားလည်ပေးပါ။
- သဘောတူညီချက်မရမချင်း စိတ်ရှည်စွာ ရှင်းပြပါ။ အချို့သောပညာရှင်များထံမှ သဘောတူညီမှုမရနိုင်သော်လည်း အခြားသော နည်းလမ်းများဖြင့် လှုပ်ရှားနိုင်အောင် အကြံအဉာဏ်များကို ပေးနိုင်သူများဖြစ်တတ်သည်။ ထိုသို့အားဖြင့် သင်၏နောက်အဆင့် တစ်ခုအတွက် ပြင်ဆင်ပါ။

## လုပ်ဆောင်ချက်(၅) မဟာမိတ်ဖွဲ့ခြင်းကို ပုံဖော်သော သရုပ်ပြဇာတ်လမ်း

(၁) သင်တန်းသား(၃) ယောက်မှ ဦးဆောင်ကာ မဟာမိတ်ဖွဲ့ခြင်းလေ့ကျင့်ခန်းကို ပုံဖော်မည်ဖြစ်ပါသည်။ (ဥပမာ- ပွင့်ပွင့်လင်းလင်းရှိသော်လည်း ထပ်တူခံစားချက်မရှိ သို့သော် ရွာသားများအား လွှမ်းမိုးနိုင်သော ကျေးရွာရှိ သင်းအုပ်ဆရာ (သို့) ကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပါးထံသို့ ချဉ်းကပ်သည့်လေ့ကျင့်ခန်း) ၎င်းတို့အနေဖြင့် ဒေသဆိုင်ရာတာဝန်ရှိသူများမှ တောထဲသို့ ထင်းခြောက်များရှာဖွေခြင်းနှင့် ပတ်သက်ပြီး တားမြစ်ချက်(ခွင့်ပြုချက်ယူရန်၊ ထိုက်သင့်သော ငွေကြေးပေးရန်၊ ကောက်ယူမည့်ပမာဏတင်ပြရန်နှင့် ကောက်ယူမည့်အချိန်ကန့်သတ်ချက်) အကြောင်းကို တင်ပြရမည်ဖြစ်သည်။ မိမိတို့၏ ဆန္ဒသဘောထားများကိုအဆိုပါ သင်းအုပ်ဆရာ၊ ဘုန်းကြီးအကူအညီဖြင့် လျှောက်လဲရန် ဖြစ်ပါသည်။ တင်ပြလိုသည့် သဘောထားများကိုပြင်ဆင်ထားရန် လိုအပ်သည်။ အဖွဲ့သားများ(သင်တန်းသား)အားလုံးနှင့် ပြင်ဆင်ရမည်ဖြစ်သည်။ အဖွဲ့သားများအနေဖြင့် မေးမြန်းလာမည့်မေးခွန်းများကို ပြန်လည်ဖြေကြားနိုင်ရန်လည်း ပြင်ဆင်ထားရမည်။ အဓိက ပြဿနာအခက်အခဲက ဘာလဲ။ အကြောင်းရင်းနှင့် အကျိုးဆက်တွေက ဘာလဲ။ ဒီလိုမျိုးဖြေရှင်းရာမှာ ရောက်ရှိလိုတဲ့အခြေအနေက ဘယ်လိုလဲ။ စသည့် မေးခွန်းများကို သဘောပေါက်ထားရမည်ဖြစ်သည်။ သင်တန်းသားများကို ပြင်ဆင်ချိန် ၁၅ မိနစ်ပေးပါ။

(၂) သင်တန်းသားများထဲမှ နောက်ထပ်တစ်ယောက်ကို ရွေးချယ်ပြီး သင်းအုပ်ဆရာအဖြစ် သရုပ်ဆောင်စေပါ။ ဓမ္မဆရာတစ်ဦး၏ ရုပ်သွင်ဖြင့် မကောင်းဆိုးဝါးဆန်ဆန် မေးခွန်းမေးမြန်းထူသည့် ပုံမျိုး သရုပ်ဆောင်ရမည်။ သူ့ကို စည်းရုံးနိုင်လျှင် အကူအညီတောင်းသည့်အတိုင်း သူလုပ်ပေးရမည်။ မစည်းရုံးနိုင်လျှင် နောက်ထပ်အကြံဉာဏ်များပေးနိုင်သလို အကြံဉာဏ်လာတောင်းသူများကို စိတ်ပျက်သွားစေနိုင်အောင်လည်း လုပ်ဆောင်နိုင်သည်။

(၃) အခြားသော သင်တန်းသားများအနေဖြင့် ပြဿနာနှင့် သင်းအုပ်ဆရာကို ညွှန်ကြားသည့် ညွှန်ကြားချက်ကိုလည်း သိထားရန် လိုအပ်ပါသည်။ သို့မှသာ ထင်မြင်ချက်များကို ပေးနိုင်မည်ဖြစ်သည်။

(၄) သရုပ်ပြခြင်းသည် ၁၅ မိနစ်ခန့် ကြာကောင်းကြာနိုင်ပါသည်။ စကားအသွားအလာများအပေါ်မူတည်ပြီး ကြာတတ်သည်။ သရုပ်ပြမှု ပြီးဆုံးသွားလျှင် အခြားသင်တန်းသားများအား အောက်ပါအချက်များနှင့် ပတ်သက်ပြီး ၎င်းတို့၏ ထင်မြင်ချက်များကို မေးမြန်းဆွေးနွေးပေးပါ။

- ကျေးရွာခေါင်းဆောင်များ အနေဖြင့် ၎င်းတို့ တင်ပြလိုသော ပြဿနာအခက်အခဲကို ရှင်းလင်းစွာ၊ ပီပြင်စွာ တင်ပြနိုင်၏လော။
- ၎င်းတို့၏ အနေအထား၊ တောင်းဆိုမှု၊ မေတ္တာရပ်ခံချက်တို့သည် ပီပြင်ရှင်းလင်းပါ၏လော။ ညှိနှိုင်းမှုသဘောတရားပါ၏လော။
- ၎င်းတို့၏ ချဉ်းကပ်မှု၊ တင်ပြမှု၊ အပြုအမူသည် အပြုသဘောပါ၏လော၊ သင့်တော်ပါ၏လော။

(၅) သင်တန်းသားများ၏ ထင်မြင်ချက်များကို အနှစ်ချုပ်ပြီး အားသာချက်။ အားနည်းချက်၊ ကန့်သက်ချက်များကို ညွှန်ပြပေးပါ။ လေ့ကျင့်ခန်းနှင့် လက်တွေ့ကို ချိန်ထိုးစဉ်းစားပြပါ။ သင်ခန်းစာများကို ဆွဲထုတ်ယူပါ။

## ၃. ၄. ၄ ပုံစံမကျ။စနစ်မကျသော ကွန်ယက်ချိတ်ဆက်ခြင်း

>> ပုံစံမကျသော အချိတ်အဆက်ဖြင့် ဆက်သွယ်မှုမျိုးဖြင့်လည်း သင်၏ ပန်းတိုင်ရည်ရွယ်ချက်ကို ပေါက်ရောက်ရှိစေနိုင်ပါသည်။

>> ကွန်ယက်ချိတ်ဆက်ခြင်းအားဖြင့် အခြားသော နိုင်ငံများ၊ ဒေသများတွင် မူဝါဒလျှောက်လဲမှုလုပ်ငန်းများကို မည်ကဲ့သို့ အကောင်အထည်ဖော်ခဲ့ကြသည်ကို သိရှိနိုင်ပါသည်။ မည်သူက လုပ်ဆောင်ခဲ့သည်ကို သိနိုင်ပါသည်။ ထိုနည်းတူ မည်သူက ယခုပြဿနာနှင့် ပတ်သက်ပြီး အလားတူ လုပ်ဆောင်နေသည်ကို သိရှိခြင်းအားဖြင့် အချိန်ကုန်၊ ငွေကုန်၊ လူပန်းသည့်ကိစ္စများမဖြစ်ပေါ်နိုင်တော့ချေ။

>> ပုံစံမကျသော ကွန်ယက်ချိတ်ဆက်ခြင်းကို ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်နိုင်ပါသည်။ လူချင်းတွေ့၍သော်လည်းကောင်း၊ အီးမေးလ်၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊(သို့) အခြားသော ဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့်သော်လည်းကောင်း ချိတ်ဆက်နိုင်ပါသည်။

>> မည်သည့် ကွန်ယက်ကိုမဆို အဆိုပါ ကွန်ယက်၏ အင်အားကို ချင့်ချိန်စဉ်းစားပါ။ မူဝါဒလျှောက်လဲမှုလုပ်ငန်းစဉ်အတွက် ထိရောက်သော အကူအညီရရှိနိုင်မှုအခြေအနေနှင့် မည်ကဲ့သို့ အသုံးချသင့်သည်ကို စဉ်းစားထားရမည်ဖြစ်သည်။

## ၃. ၄. ၅ မဟာမိတ်များ၊ ကွန်ယက်များနှင့် ဆက်သွယ်ဆက်ဆံရေးကို မည်သို့ အဓွန့်ရှည်အောင် ထိန်းသိမ်းမည်နည်း။

! သင်တန်းဆရာမှတ်စု - မဟာမိတ်များ၊ ကွန်ယက်များနှင့် ဆက်သွယ်ဆက်ဆံရေးကို အားကောင်းလာရန်နှင့် ခိုင်မြဲအဓွန့်ရှည်လာရန် မြင့်တင်လုပ်ဆောင်ရန် လိုအပ်ကြောင်း သင်တန်းသားများကို တွန်းအားပေးပါ။ အသိအမှတ်ပြုခြင်း၊ ဆက်သွယ်ဆက်ဆံခြင်းနှင့် ပိုမိုကောင်းလာအောင် တည်ဆောက်ခြင်းများအားဖြင့် လုပ်ဆောင်နိုင်ပါသည်။ ဆက်သွယ်ဆက်ဆံရေးကျဲလာသည်နှင့် မိမိတို့လုပ်ဆောင်မည့် မူဝါဒလျှောက်လဲမှုလုပ်ငန်းများအတွက် အမှီအခိုကင်းခြင်း၊ ထောက်ပံ့မည့် သူလျော့နည်းသွားခြင်း၊ အစီအစဉ်များ ပျက်စီးသွားခြင်းအထိ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဆက်သွယ်ဆက်ဆံရေးကို တည်ဆောက်ရန် အချိန်ပေးရသည်၊ နားလည်မှုဖြင့် တည်ဆောက်ရသည်မှန်သော်လည်း ထိန်းသိမ်းရန် လိုအပ်ပါသည်။

- မူဝါဒလျှောက်လဲမှုကို ဦးဆောင်သူများအနေဖြင့် မိမိတို့၏ အယူအဆကို တစ်ပါးသူလက်ခံနိုင်အောင် သိမ်းသွင်းနိုင်ရမည်။ ပြဿနာအခက်အခဲများနှင့် ပတ်သက်ပြီး တန်ဖိုးထားမှုများကို ရှင်းပြနိုင်ရမည်။ နောက်ဆုံးတွင် မည်ကဲ့သို့ ဖြစ်ပေါ်နိုင်သည်ကို ရှင်းပြနိုင်ရမည်။ များသောအားဖြင့် မြင်လိုသည့်အရာနှင့် လုပ်ဆောင်ချက်များကိုသာ အသားပေးပြောကြသည်။ နောက်ဆက်တွဲ ကွင်းဆက် လုပ်ဆောင်သင့်သည့် အပိုင်း ( ရင်းနှီးမှုတည်ဆောက်မှု )တွင် အားနည်းကြသည်။
- အသစ်သော အဆက်အသွယ်များအတွက် အထူးသဖြင့် အလေးထားဆောင်ရွက်ရန် အရေးကြီးပါသည်။
- တိုက်ရိုက်ဆက်သွယ်စကားပြောခြင်းသည် လိုအပ်ကောင်းလိုအပ်လိမ့်မည်။ အထူးသဖြင့် ပုဂ္ဂိုလ်ရှင် တရားမှင်တတ်သော ကျေးလက်ဒေသများတွင် ဖြစ်သည်။
- မူဝါဒလျှောက်လဲလိုသည့် ပြဿနာကိစ္စရပ်များနှင့် ပတ်သက်ပြီး ပုံမှန်လှုပ်ရှားမှုများနှင့် လုပ်ဆောင်ချက်များကို အသိပေးခြင်းဖြင့် ရင်းနှီးမှုကို ဆက်လက်တည်ဆောက်နိုင်ပါသည်။

# အခန်း(၃. ၅)

## အစည်းအဝေးစားပွဲတွင် နေရာယူခြင်း- အစိုးရ၏ ဆုံးဖြတ်ချက်ချမှုများတွင် ပူးပေါင်းပါဝင်ခြင်းနှင့် စည်းရုံးဆော်သြခြင်း

ကြာချိန် - ၂ နာရီ

### ၃. ၅. ၁ ဘာ့ကြောင့် အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ရန် လိုအပ်ပါသနည်း။

အစိုးရဝန်ထမ်းများသည် ပြည်သူလူထု၏ ကျန်းမာရေး၊ စည်ပင်ဝပြောရေးနှင့် သဘာဝပတ်ဝန်းကျင်အရေးတို့နှင့် ပတ်သက်ပြီး အရေးကြီးသည့် ဆုံးဖြတ်ချက်များကို နေ့စဉ်ချမှတ်လေ့ရှိကြပါသည်။
ဥပမာ- အောက်ပါအကြောင်းအရာများသည် ပြည်သူလူထုနှင့် ပတ်သက်သောအရာများပင် ဖြစ်ပါသည်။

- ပြည်သူ့လွှတ်တော်မှ ဥပဒေသစ်များကို ပြဋ္ဌာန်းခြင်းများ
- အစိုးရအုပ်ချုပ်ရေးဘက်မှ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းများ
- ဒေသန်တရအစိုးရအဖွဲ့များမှ ခွင့်ပြုမိန့်များ ချမှတ်ခြင်းများနှင့်
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး အစိုးရဘက်မှ ဥပဒေပြဋ္ဌာန်းရန် ကြန့်ကြာနေခြင်းများ စသည့်အကြောင်းအရာများသည် ပြည်သူလူထုကို သက်ရောက်စေပါသည်။

အဘယ်ကြောင့်ဆိုသော် အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်မှုသည် ပြည်သူလူထု၏ ဘဝများကို နည်းမျိုးစုံဖြင့် ပတ်သက်ဆက်နွယ်သက်ဆိုင် စေသောကြောင့် ရပ်ရွာပြည်သူလူထုများအနေဖြင့် အဆိုပါ ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်များတွင် ပူးပေါင်းပါဝင်မှုသည် အရေးပါသောအရာ ဖြစ်ပါသည်။သို့မှသာ ပြည်သူများအနေဖြင့် မိမိတို့၏ ဆန္ဒအသံကို ဖော်ထုတ်တင်ပြနိုင်မည်ဖြစ်ပါသည်။ အစိုးရ၏ လုပ်ဆောင်မှုဖြစ်စဉ်များတွင် ပူးပေါင်းပါဝင်မှုကို အများပြည်သူများ၏ ပူးပေါင်းပါဝင်မှုဟု ခေါ်ပါသည်။

များသောအားဖြင့် ဥပဒေပြဌာန်းမှုဆိုင်ရာ လုပ်ဆောင်ချက်များသည် ပုံမှန်လုပ်ရိုးလုပ်စဉ်များအတိုင်း ပြည်သူများ၏ သဘောဆန္ဒကို ရယူခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းတို့ကို ရယူလေ့ရှိပါသည်။ ထိုနည်းတူ ပုံမှန်လုပ်ရိုးလုပ်စဉ်မဟုတ်ဘဲ ဥပဒေများ ပေါ်ပေါက်လာစေရန် လွှမ်းမိုးတွန်းအားပေးရသည့်အချိန်အခါလည်း ရှိတတ်ပါသည်။

ထို့ကြောင့် ပြည်သူလူထုခေါင်းဆောင်များအနေဖြင့် ဆိုခဲ့ပါ လုပ်ငန်းစဉ်များကို မျက်ခြေပြတ်မခံဘဲ ဒေသအဆင့်၊ ဗဟိုအဆင့် ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်များကို သတိပြုစောင့်ကြည့်ရမည်ဖြစ်ပြီး ပူးပေါင်းပါဝင်ကာ အများပြည်သူတို့၏ အကျိုးကို ကာကွယ်စောင့်ရှောက်သော၊ အခွင့်အရေးများကို အသိအမှတ်ပြုသော၊ စည်ပင်ဝပြောမှုကို အလေးထားသော၊ အခက်အခဲများအတွက် ဖြေရှင်းပေးသော၊ သဘောထားကို နားလည်ပေးသော ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်များ ဖြစ်စေရန် ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါသည်။

## ၃. ၅. ၂ စည်းရုံးဆော်သြခြင်းဆိုသည်မှာ အဘယ်နည်း၊ မည်ကဲ့သို့ စည်းရုံးဆော်သြရမည်နည်း။

> **!** **သင်တန်းဆရာမှတ်စု**
>
> (၁) သင်တန်းသားများအား အပိုင်း(၁) တွင် စည်းရုံးဆော်သြခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပြီးဖြစ်ပါသည်။ မှတ်မိကြပါသလားဟု မေးပါ။ တစ်ယောက်ယောက် မှတ်မိပြီး ပြန်ပြောပြပေးနိုင်မလားဟု မေးပါ။
>
> (၂) သင်တန်းသားများထံမှ တစ်ယောက်တစ်ပေါက်ထွက်လာမည်။ ပြီးမှ အနှစ်ချုပ်ဆွေးနွေးပါ။

စည်းရုံးဆော်သြခြင်းဆိုသည်မှာ လွှတ်တော်အမတ်များ၊ နိုင်ငံရေးသမားများ၊ အခြားဆုံးဖြတ်ချက်ချမှတ်နိုင်သူများအား ပြည်သူ့အကျိုး အလို့ငှာ ထည့်သွင်းစဉ်းစားပေးသော ဆုံးဖြတ်ချက်များချမှတ်နိုင်ရန်အတွက် သွေးဆောင်ခြင်းနှင့် တွန်းအား၊ ဖိအားပေးခြင်းကို ဆိုလိုပါသည်။ ထိုဖြစ်စဉ်ကို ဥပဒေသစ်ပြဌာန်းရန်၊ ဥပဒေဟောင်းကို ပြင်ဆင်ရန်၊ မူဝါဒသစ်များချမှတ်ရန် လျှောက်လဲမှုဖြစ်စဉ်များတွင် အသုံးချ ရမည်ဖြစ်သည်။ စည်းရုံးဆော်သြသူတစ်ယောက်သည် တိကျသော လုပ်ဆောင်မှုများကို ရှာဖွေ လုပ်ဆောင်သူ ဖြစ်ပါသည်။




## စည်းရုံးဆော်ဩခြင်းအတွက် လမ်းညွှန်ချက်

(၁) သင်စည်းရုံးဆောင်ဩမည့် သက်ဆိုင်ရာအရာရှိ၊လူပုဂ္ဂိုလ်များကို စာရင်းပြုစုထားပါ။ အဆိုပါ ပုဂ္ဂိုလ်များ၏ နောက်ခံသမိုင်းကြောင်း၊ သင်၏တောင်းဆိုမှုများကို တုံ့ပြန်နိုင်သော လွှမ်းမိုးမှုပြုနိုင်သော အတိုင်းအတာတို့ကို သိရှိအောင် လုပ်ထားပါ။

(၂) စာရင်းပြုစုပြီးနောက် ၎င်းတို့အား အကောင်းဆုံးချဉ်းကပ်နိုင်သော နည်းလမ်းများကို ရှာဖွေပြီး သင်နှင့် မဟာမိတ်ဖြစ်နိုင်သည့်သူကို စတင်ချဉ်းကပ်ပါ။

- ဥပမာအားဖြင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သူ အရာရှိများကို ချဉ်းကပ်နိုင်သည့် နည်းလမ်းများ စွာရှိပါသည်။
- မိမိတို့ကို ထောက်ခံသူ(သို့) မဟာမိတ်အဖွဲ့များ၏ အကူအညီဖြင့် အရာရှိတာဝန်ခံများကို ချဉ်းကပ်ပြီး တွေ့ဆုံနိုင်ရန် စီစဉ် နိုင်ပါသည်။ သို့မဟုတ် သင်တို့၏ အခက်အခဲများကို တင်ပြပြီး အဆိုပါ ပုဂ္ဂိုလ်ထံမှ ကနဦး တုံ့ပြန်အကြံပြုမှုများကို ရယူနိုင်ပါသည်။
- ဆုံးဖြတ်ချက်ချမှတ်နိုင်သူများ၏ စိတ်ကို ဆွဲဆောင်ရန် လွယ်ကူသည့်ကိစ္စတော့ မဟုတ်ပေ။ ထို့ကြောင့် မိမိတို့၏ အခက်အခဲကို နားလည်စာနာတတ်သော၎င်းတို့၏ အတွင်းရေးမှူးများ၊ လက်အောက်ဝန်ထမ်းများမှတဆင့် ချဉ်းကပ်ဖို့ လိုပါသည်။ သင်တို့၏ကိစ္စအောင်

မြင်ရန် အဆိုပါ ဝန်ထမ်းငယ်များသည် အဓိကကျသူများဖြစ်ပါသည်။ အခြားဝန်ထမ်းများကိုလည်း လွှမ်းမိုးစည်းရုံးနိုင်ပြီး ထောက်ခံပြောဆိုမှုများစွာလည်း ရရှိနိုင်ပါသည်။

- ဆုံးဖြတ်ချက်ချမှတ်နိုင်သူများနှင့် တရားဝင် လူကြီးလူကောင်းဆန်ဆန် ရုံးတွင် တွေ့နိုင်ရန် ချိန်းဆိုနိုင်သကဲ့သို့ ပြင်ပ သင့်တော်သောနေရာတွင် တွေ့နိုင်အောင် စီစဉ်ပါ။ ဥပမာအားဖြင့် စားသောက်ဆိုင်များတွင်လည်း လူမှုရေးအရ တွေ့ဆုံခွင့်များကို တောင်းဆိုပါ။
- ဆုံးဖြတ်ချက်ချမှတ်နိုင်သူများ၏ လုပ်ဆောင်မည့်အစီအစဉ်များကို သိထားခြင်းအားဖြင့် သင်အနေဖြင့် အဆိုပြုတင်ပြလိုသော အကြောင်းအရာများကို စကားလမ်းကြောင်းပေါ်သို့ ရောက်အောင် ပြောဆိုစည်းရုံးပါ။ ဥပမာအားဖြင့် ကျောင်းဖွင့်ပွဲအခမ်းအနားသို့ သင်တက်ရောက်ခဲ့စဉ်က ကြားခဲ့သည့်အကြောင်းအရာများနှင့် စတင်ခြင်းမျိုးဖြစ်ပါသည်။ သို့သော် တစ်ဖက်သား၏ စိတ်အနှောင့်အယှက်ဖြစ်လောက်အောင် သို့တည်းမဟုတ် မိမိပြောလိုရာကိုသာ ဇွတ်တရွတ်ပြောနေသည့် ပုံစံမျိုးမဖြစ်အောင်တော့ သတိပြုရမည်ဖြစ်ပါသည်။ ဆက်ဆံရေးမပြေလည်သည့်အနေအထားသို့ ရောက်သွားနိုင်သလို ၎င်းကိစ္စကို မဖြစ်ဖြစ်အောင် လုပ်ပြမည့်အနေအထားသို့ ရောက်သွားတတ်ပါသည်။

(၃) သင့်အနေဖြင့် စည်းရုံးဆော်သြခြင်းကို လုပ်ဆောင်မည်ဆိုလျှင် ဆုံးဖြတ်ချက်ချမှတ်နိုင်သူများကို တင်ပြရန် ပြဿနာများနှင့် ပတ်သက်သော စာရွက်စာတမ်းအထောက်အထားများကို တစ်ပါတည်းပြင်ဆင်ထားရန် လိုအပ်ပါသည်။

(၄) စည်းရုံးဆော်သြခြင်းလုပ်ငန်းသည် ဆုံးဖြတ်ချက်ချမှတ်နိုင်သူများနှင့် တွေ့ဆုံ၍ ပြီးစီးသွားမည့်ကိစ္စမဟုတ်ပါ။ အများလက်ခံထားသော ပုဂ္ဂိုလ်ကြီးများထံမှလည်း အထောက်အကူများလိုအပ်ပါသေးသည်။ အလှူရှင်အဖွဲ့အစည်းများ၊ မီဒီယာများမှ ပုဂ္ဂိုလ်များ၊ အများသိသောတစ်ဦးချင်းပုဂ္ဂိုလ်များအားဖြင့်လည်း အများပြည်သူလူထု၏ စိတ်ဝင်စားမှုကို ရယူရဦးမည်ဖြစ်သည်။ မူဝါဒပြောင်းလဲလိုသူများက ရှေ့က ဦးဆောင်ပြီး ဆုံးဖြတ်ချက်ချမှတ်နိုင်သူများကို စည်းရုံးသိမ်းသွင်းသွားရမည်။

(၅) ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် မည်သို့သော ပုဂ္ဂိုလ်များမဆို စည်းရုံးဆော်သြနိုင်သည့်လူသားများသာ ဖြစ်ပါသည်။ လူတစ်ဦး (သို့) အဖွဲ့အစည်းတစ်ခု၏ ဆုံးဖြတ်ချက်ချမှတ်မှုသည် မူဝါဒပြောင်းလဲလိုသူများဖြစ်သည့် သင်တို့အတွက် အကျိုးအမြတ်ဖြစ်နိုင်သကဲ့သို့ ထိခိုက်မှုများလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် ၎င်းတို့၏ ပန်းတိုင်၊ ရည်ရွယ်ချက်များကို စည်းရုံးဆော်သြနိုင်ပါသည်။ မိရိုးဖလာခေါင်းဆောင်များ၊ စာနယ်ဇင်းသမားများ၊ အသင်းတော်ခေါင်းဆောင်များ၊ အလှူရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အင်န်ဂျီအိုများ စသည်တို့မှာ စည်းရုံးဆော်သြမှုဖြစ်စဉ်တွင် ပူးပေါင်းသင့်သောအဖွဲ့အစည်းများဖြစ်ပါသည်။ သို့သော် မိမိ၏ စိတ်စေ့ဆော်မှုကို သတိပြုပြီး မိမိတို့နှင့် ပူးပေါင်းနိုင်သူဟုတ်မဟုတ်စဉ်းစားပြီးမှသာ လူပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းများကို ချဉ်းကပ်ရန် လိုပါသည်။

## စေ့စပ်ညှိနှိုင်းခြင်း

စေ့စပ်ညှိနှိုင်းခြင်းဆိုသည်မှာ ထုတ်ပြန်ပြီးသားအကြောင်းအရာများထဲမှ ပေါ်ပေါက်လာသော အခက်အခဲ ပြဿနာတစ်စုံတစ်ရာအတွက် ပြန်လည်ညှိနှိုင်းသည့် ဖြစ်စဉ်ကို ဆိုလိုပါသည်။

အောင်မြင်သော စေ့စပ်ညှိနှိုင်းမှုများသည် နှစ်ဦးနှစ်ဖက်သဘောတူညီသော စာချုပ်။ပဋိညာဉ်များတွင် အဖြေထွက်အဆုံးသတ်ကြသည်။ စေ့စပ်ညှိနှိုင်းခြင်း၏ အကောင်းဆုံးအမျိုးအစားမှာ နှစ်ဦးနှစ်ဖက် ကျေနပ်မှုရရှိသော နိုင်-နိုင် အမျိုးအစားဖြစ်သည်။

" သူနိုင်-ကိုယ်နိုင် " စေ့စပ်ညှိနှိုင်းမှုသည် ပဋိပက္ခမဟုတ်ဘဲ သဘောတူညီမှုကို ရရှိစေသည်။ အောင်မြင်သော စေ့စပ်ညှိနှိုင်းမှုသည် နားလည်မှုပိုမိုကောင်းမွန်လာခြင်း၊ တင်းမာမှုများကို လျှော့ချခြင်း၊ စေ့စပ်ညှိနှိုင်းမှုကို ကောင်းသောယုံကြည်ချက်ဖြင့်လက်ခံသောကြောင့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုများ ရရှိလာခြင်းတို့ကို ရရှိစေပါသည်။

ရပ်ရွာဒေသခံခေါင်းဆောင်များအနေဖြင့် ဒေသခံတာဝန်ရှိသူများ၊ နိုင်ငံရေးသမားများ၊ စီးပွားရေးသမားများ၊ အခြားသော ကိုယ်စားလှယ်များနှင့် ပတ်သက်ဆက်နွယ်ပြီး ကိစ္စရပ်အချို့များကြောင့် စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်ဖူးပါလိမ့်မည်။ အုပ်စုတစ်ခုသည် အခြားအုပ်စုတစ်ခုနှင့် သဘောတူညီမှုရရှိရန် စေ့စပ်ညှိနှိုင်းမှုကို ပြုလုပ်ကောင်း ပြုလုပ်နိုင်ပါသည်။ စေ့စပ်ညှိနှိုင်းမှုအတွက် ကိစ္စရပ်များမှာ အမျိုးမျိုးဖြစ်နိုင်ပါသည်။ အကောင်အထည်ဖော်မည့် စီမံကိန်းနှင့် ပတ်သက်သော သဘောထားနှင့် စည်းမျဉ်းများကို ဒေသခံများသိရှိစေလိုခြင်း၊ လူထုဘက်မှရရှိမည့်အကျိုးအမြတ်ကို ခွဲဝေရန်အတွက် ဆွေးနွေးခြင်း၊ ရရှိလာသော ရံပုံငွေများကို ဒေသ၊ ရပ်ရွာအတွက် အသုံးပြုရန် ဆွေးနွေးခြင်းများနှင့် သက်ဆိုင်သော စေ့စပ်ညှိနှိုင်းမှုများ စသည်ဖြင့် ဖြစ်နိုင်ပါသည်။

စေ့စပ်ညှိနှိုင်းခြင်းတွင် အရေးကြီးသည့်အချက်မှာ နှစ်ဦးနှစ်ဖက်အနေဖြင့် စေ့စပ်ညှိနှိုင်းမှုကို ကောင်းသော ယုံကြည်ခြင်းဖြင့် လက်ခံရန် ဖြစ်သည်။ ထိုသို့မဟုတ်လျှင် ဒေသခံရပ်ရွာများအနေဖြင့် တရားမျှတမှုမရှိသော ဆုံးဖြတ်ချက်များ၊ တောင်းဆိုမှုများ၊ လိုက်လျောရမှုများအတွက် ဖိအားပေးခံရသော စေ့စပ်ညှိနှိုင်းပွဲတစ်ခုသာ ဖြစ်သွားပါလိမ့်မည်။ စေ့စပ်ညှိနှိုင်းမှုသည် အကျိုးဖြစ်နိုင်သကဲ့သို့ အပြစ်လည်း ဖြစ်သွားနိုင်ပါသည်။ စေ့စပ်ညှိနှိုင်းသည့်ဖြစ်စဉ်မှ တရားမျှတမှုကို မရရှိပါက အခြားသော နည်းလမ်းများဖြင့် ရှာဖွေရမည်။

ဒေသခံခေါင်းဆောင်များအနေဖြင့် ထိရောက်သော စေ့စပ်ညှိနှိုင်းမှုများရရှိစေရန် မဟာဗျူဟာများ စဉ်းစားခြင်း၊ ဒေသခံလူအများဖြင့်တိုင်ပင်ခြင်း၊ သဘောထားရယူခြင်းတို့ဖြင့် တိုင်ပင်ဆွေးနွေးမှုများကို ပြုလုပ်ရမည်။ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများသည် လူ့အဖွဲ့အစည်းအတွက် တာဝန်ရှိသကဲ့သို့ တာဝန်လည်း ခံရမည်ဖြစ်သည်။

ဒေသခံလူထုကို တိုင်ပင်ဆွေးနွေးပြီးနောက် သဘောတူညီမှုများအတွက် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်သည့်အခါတွင် ပွင့်လင်းမြင်သာမှုရှိရန်လည်း လိုအပ်ပါသည်။ စေ့စပ်ညှိနှိုင်းမှုနောက်ပိုင်းတွင် ရရှိလာသော သဘောတူညီမှုများကို အများသိအမြင်ရှင်း ချပြရန် လိုအပ်သည်။ စေ့စပ်ညှိနှိုင်းခြင်းသည် ဖြစ်စဉ်တစ်ခုဖြစ်သည့်အလျောက် ဒေသခံခေါင်းဆောင်များအနေဖြင့် အလျင်စလို ဖိတ်ကြားမှုများကို လက်ခံရန် မလိုပေ။ ဒေသခံပြည်သူများအနေဖြင့် သေချာရှင်းလင်းစွာ နားလည်သဘောပေါက်ပြီးမှသာ စေ့စပ်ညှိနှိုင်းမှုများကို စတင်လုပ်ဆောင်နိုင်သည်။ မည်သည့်ဆုံးဖြတ်ချက်ကိုမဆို နောက်ဆုံးချမှတ်သည့်အချိန်မတိုင်ခင်တွင် စေ့စပ်ညှိနှိုင်းသူ ဒေသခံခေါင်းဆောင်များအနေဖြင့် အခြားသော

## အောင်မြင်သော စေ့စပ်ညှိနှိုင်းခြင်းအတွက် လမ်းညွှန်(ကောင်းသောယုံကြည်မှုဖြင့် လုပ်ဆောင်ခြင်း)

(၁) စနစ်တကျ ပြင်ဆင်ထားပါ။

(၂) အောက်ပါတို့တွင် အခြေခံသော အောင်မြင်နိုင်ချေရှိသည့် လုပ်ငန်းစဉ်သုံးသပ်မှုများကို လုပ်ဆောင်ထားပါ။

>> သင်၏ အင်အား၊ ထိုနည်းတူတစ်ဖက်အုပ်စု၏ အင်အား၊၎င်းတို့၏အနေအထား၊ အဆိုပြုချက်။တောင်းဆိုချက်၊ ဆွေးနွေးရမည့်အကြောင်းအရာ၊ အချက်အလက်များ၊

>> ဘက်မျှမှု၊ တရားနည်းလမ်းကျမှု၊ တရားမျှတမှုရှိသောအရာက ဘာလဲ။

>> ဆွေးနွေးမှုတွင် သင်ဘက်မှ အမြင့်ဆုံးနှင့် အနိမ့်ဆုံး မျှော်လင့်ထားသောအရာ၊ အဆိုပြုချက်။တောင်းဆိုချက်၊ သင်တို့ဘက်မှ သက်တောင့်သက်သာရှိနိုင်သော အခြေအနေတို့ကို ထည့်သွင်းထားရမည်။

(၃) အထက်ပါ အချက်အလက်များအပေါ် အခြေခံပြီး ပေါ်ထွက်လာမည့် ရလဒ်များအပေါ် တွင် သဘောတူပါ။ ရှင်းလင်းစွာ လက်ခံနိုင်အောင် ပြင်ဆင်ထားပါ။ တစ်ဖက်အုပ်စုမှ ပေါ်ထွက်လာနိုင်သော တုံ့ပြန်မှုများ ရှိနိုင်သောကြောင့် သင်၏ မေးခွန်းများ၊ မဟာဗျူဟာများ၊ အခြားစဉ်းစားသင့်သော နည်းလမ်းများ၊ အကြံပြုချက်များအတွက် စီမံမှုများကို ပြင်ဆင်ထားပါ။ တစ်ဖက်အုပ်စု၏ နောက်ကြောင်း၊ အနေအထားများ၊ စေ့စပ်ညှိနှိုင်းမှုတွင် ရှိတတ်သော စိတ်နေသဘောထားများကို ကြိုတင်လေ့လာထားခြင်းအားဖြင့် သင့်ဘက်မှ ပိုမိုကောင်းမွန်သော နည်းဗျူဟာများ၊ အစီအစဉ်များကို ချမှတ်နိုင်ပါသည်။

(၄) ထိရောက်စွာ နားထောင်ပါ။ ထိုသို့အားဖြင့် တစ်ဖက်အုပ်စုကို ပိုမိုနားလည်နိုင်ပြီး သင့်တင့်လျောက်ပတ်သော သင်၏ တုံ့ပြန်မှု၊ အနေအထားနှင့် သဘောထားများကို ပြင်ဆင်ထားနိုင်မည်။ နှစ်ဦးနှစ်ဖက်စလုံးသည် ကောင်းသောယုံကြည်မှုဖြင့် စေ့စပ်ညှိနှိုင်းမှုကို လုပ်ဆောင်သောအခါတွင် အပြုသဘောဆောင်သော၊ တိုးတက်မှုများပါသော နှစ်ဦးနှစ်ဖက်အတွက် နားလည်မှုသဘောထားများ လွှမ်းခြုံသော ဆက်သွယ်ဆက်ဆံရေးပတ်ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်ပါသည်။

(၅) အသိအမှတ်ပြုမှုများကို ပေးပါ။ စေ့စပ်ညှိနှိုင်းသူများအနေဖြင့် အစည်းအဝေးတွင် ပါဝင်ပြီး မိမိတို့၏ အတွေးအမြင်များကို ထည့်ဝင်ကြသော သူများအားလုံးကို ချီးမွမ်းခြင်းနှင့် ကျေးဇူးတင်ခြင်းတို့ကို လုပ်ဆောင်ပါ။ အကြံပြုဆွေးနွေးမှုပြုတိုင်း ကျေးဇူးတင်ကြောင်းပြသပါ။ ထိုသို့အားဖြင့် နှစ်ဦးနှစ်ဖက်သည် စေ့စပ်ညှိနှိုင်းမှုတွင် တာဝန်ရှိသူများအဖြစ် သတ်မှတ်လာနိုင်ပါသည်။

(၆) ညှိနှိုင်းမှုကို လက်ခံရန်လည်း ပြင်ဆင်ထားပါ။ သင်ဘက်မှလည်း သက်တောင့်သက်တာအနေအထားဖြင့် ပြင်ဆင်ထားပါ။ စေ့စပ်ညှိနှိုင်းမှု၏ တိုးတက်မှုအပေါ်မူတည်ပြီး သင်တို့၏ တောင်းဆိုချက်များ၊ အနေအထားများကိုလည်း ပြန်လည်စဉ်းစားရန် ပြင်ဆင်ထားပါ။ တစ်ဖက်အုပ်စုမှ သင်မျှော်လင့်မထားသော တောင်းဆိုမှုများရှိနိုင်သည်ဖြစ်ရာ အခြားသော နည်းလမ်းများ၊ နည်းဗျူဟာများကိုလည်း ကြိုတင်စဉ်းစားထားပါ။ ညှိနှိုင်းမှုသည် အောင်မြင်သော စေ့စပ်ညှိနှိုင်းမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်လေရာ စေ့စပ်ညှိနှိုင်းသူများအနေဖြင့် နှစ်ဖက်

ညှိနှိုင်းမှု၏ ဖြစ်နိုင်ဆုံးသောအခြေအနေ၊ ရလဒ်အပေါ်မူတည်ပြီး ထွက်ပေါ်လာနိုင်သော သဘောတူညီမှုများအတွက် နှစ်ဖက်အုပ်စု၏ စကားဝိုင်းတွင် သက်တောင့်သက်သာဖြစ်မှု၊ ပွင့်လင်းမှုတို့ကို ထိန်းသိမ်းထားပါ။ သင့်ဘက်မှ အနိမ့်ဆုံးအခြေအနေသည်လည်း ယုတ္တိရှိရမည်၊ ဖြစ်နိုင်ချေရှိရမည်။ ညီမျှမျှတရမည်။ သို့မှသာ တစ်ဖက်အုပ်စုမှ သဘောတူနိုင်မည်။ သို့မဟုတ် ကန့်ကွက်နိုင်မည်။




(၇) ရလဒ်များကို ပြန်လည်အနှစ်ချုပ်ပါ။ အစီအစဉ်ရုတ်သိမ်းခါနီးတွင် အစည်းအဝေးတစ်လျှောက် ဆွေးနွေးခဲ့ကြသော အချက်များကို စာရင်းပြုစုပါ။ သဘောတူသောအချက်များ၊ မတူသော အချက်များ၊ နောက်ထပ်ဆွေးနွေးရမည့်အချက်များ စသည်ဖြင့် စနစ်တကျ ရေးချပါ။ ပါဝင်တက်ရောက်သူများအားလုံးသည် ဘုံနားလည်သဘောပေါက်မှုများနှင့် ဖွင့်ဆိုချက်များအားလုံးကို နားလည်ပြီးသား ဖြစ်စေပါ။ နောက်ဆက်တွဲအစီအစဉ်များအတွက် ပူးပေါင်းပါဝင်နိုင်အောင် ပြင်ဆင်ပါ။

## လုပ်ဆောင်ချက်(၆) စေ့စပ်ညှိနှိုင်းခြင်းအကြောင်းကို သရုပ်ပြခြင်း

ပုဂ္ဂလိက ကုမ္ပဏီတစ်ခုဖြစ်သော တန်ချီသည် သင်တို့၏ ရပ်ရွာဒေသနှင့် သစ်တောကာကွယ်ခြင်းနှင့် ကာဗွန်အရောင်းအဝယ်ကိစ္စများအတွက် စာချုပ်ချုပ်ဆိုရန် စိတ်ဝင်စားနေသည်။ ထို့အတွက်ကြောင့် တန်ချီမှ သင်တို့အား ရွှေ့ပြောင်းတောင်ယာစနစ်ကို ရပ်တန့်ပြီး ကြီးမြန်သစ်ပင်များကို စိုက်ပျိုးရန်နှင့် သုံးနှစ်တစ်ကြိမ် လှည့်ပြီး ထင်းလောင်စာအတွက် အသုံးပြုရန် တောင်းဆိုလိုသည်။

၎င်းတို့ဘက်မှ ကာဗွန်တစ်တန်လျှင် ဒေါ်လာ ၂၀ ပေးမည်။ ရပ်ရွာဒေသ၏ သစ်တောမှ ကာဗွန်တန်ချိန် ၅၀၀၀ ကို စုပ်ယူနိုင်သည်။ နည်းပညာစာရင်းတွက်ချက်မှုများအရ တစ်နှစ်လျှင် ကာဗွန်တန်

ချိန် အနည်းဆုံး ၇၀၀ ကို စုပ်ယူနိုင်မည်။ သင်တို့ဘက်မှ တစ်တန်လျှင် ၂၅ ဒေါ်လာရလိုသည်။ တန်ချီဘက်မှ ၃၀-၅၀ နှစ်သက်တမ်းဖြင့် စာချုပ်ချုပ်လိုသည်။

## ရပ်ရွာဘက်မှ သဘောထား

ရပ်ရွာဒေသခံများအနေဖြင့် အောက်ပါအချက်များအပေါ် မူတည်ပြီး စေ့စပ်ညှိနှိုင်းမှုကို လိုလိုလားလား ပြုလုပ်လိုကြသည်။

- ရိုးရာရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုသည်။ ၅-၇ နှစ်တစ်ပတ်လည်ပြန်လည် စိုက်ပျိုးခြင်းသည် ရေရှည်တည်တံ့သည့် နည်းလမ်းဖြစ်သည်။
- ကာဗွန်ဈေးနှုန်းသည် တစ်တန်လျှင် အနည်းဆုံး ၂၃ ဒေါ်လာဖြစ်ရမည်ဖြစ်ပြီး ဈေးကွက်အပေါ် မူတည်ပြီး အပြောင်းအလဲလုပ်နိုင်ရမည်။ သို့သော် အရင်သတ်မှတ်သော ဈေးမှာ ၂၅ ဒေါ်လာဖြစ်သည်။
- ထင်းလောင်စာစုဆောင်းခြင်းနှင့် ပတ်သက်ပြီး လိုအပ်ချက်နှင့် ရေရှည်တည်တံ့မှုအလို့ငှာ ဒေသခံများဘက်မှ စည်းမျဉ်း စည်းကမ်းချမှတ်မည်။
- သက်တမ်းကိစ္စနှင့် ပတ်သက်လျှင် အခြားသော အချက်အလက်များ ဆွေးနွေးမှုနှင့် သဘောတူညီမှု အပေါ် မူတည်ပြီးမှ ဆုံးဖြတ်ကြမည်။
- ကြီးမြန်သစ်ပင်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ စိုက်ပျိုးမည့်သစ်ပင်အမျိုးအစား၊ စိုက်ပျိုးမည့်နေရာကို ဒေသခံများမှ ရှိနှင့်ပြီးသား ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ကို ထိန်းသိမ်းမှုကို ထည့်သွင်းစဉ်းစားပြီးမှ ဆုံးဖြတ်မည်။

## တန်ချီကုမ္ပဏီ၏ သဘောထား

တန်ချီကုမ္ပဏီပိုင် စက်ရုံများကြောင့် လေထုညစ်ညမ်းစေသော ကာဗွန်ဒိုင်အောက်ဆိုဒ်များကို တန်ချိန်ပေါင်းများစွာ လေထုထဲသို့ ထုတ်လွှတ်ခဲ့သည်။ ယခုအခါတွင် ကာဗွန်ခြေရာများကို ပြန်လည်ဖြည့်ဆည်းပေးသည့်အနေဖြင့် ဒေသခံကျေးရွာများနှင့် စေ့စပ်ညှိနှိုင်းလိုသည်။ ရေရှည်သဘောတူညီချက်ရရှိမှသာလျှင် စက်ရုံ၏ ဆိုးကျိုးများကို ပြန်လည်ဖာထေးပေးနိုင်မည့်အနေအထားတွင် ရှိနေပါသည်။ ထို့ကြောင့် အကောင်းဆုံးသဘောတူညီမှုများအတွက် အောက်ပါအချက်များအပေါ် မူတည်ပြီး ဆွေးနွေးညှိနှိုင်းလိုကြသည်။

- ကာဗွန်ဈေးနှုန်းကို ညှိနှိုင်းရန် ဆန္ဒရှိသည်။ သို့သော် လက်ရှိပေါက်ဈေးထက် လျှော့စေချင်သည်။
- ရပ်ရွာဘက်မှ ကြီးမြန်သစ်ပင်များများစိုက်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ကို များများစုပ်ယူစေချင်သည်။
- ရွှေ့ပြောင်းတောင်ယာစနစ်ကို ရပ်တန့်စေလိုသည်။ ရေရှည်တည်တံ့သော နည်းစနစ်မဟုတ်သည့်အပြင် မြေယာအသုံးပြုမှုတွင် အမြော်အမြင်ရှိသည့်နည်းလည်းမဟုတ်ဟု ၎င်းတို့ဘက်မှ မြင်သည်။

- ထင်းလောင်စာအသုံးပြုခြင်းသည် ကာဗွန်ထုတ်လွှတ်မှုကို ဖြစ်စေသောကြောင့် ထင်းလောင်စာစုဆောင်းခြင်းကို တင်းကြပ်စွာ ထိန်းချုပ်လိုသည်။
- စာချုပ်သက်တမ်းကို အနည်းဆုံးနှစ်ပေါင်း ၃၀ သတ်မှတ်လိုသည်။

! သင်တန်းဆရာ /ပံ့ပိုးကူညီသူမှတ်စု-အချိန်လုံလောက်မှုရှိပါက သင်တန်းသားများကို အဖွဲ့လိုက် စဉ်းစားစေပါ။ အထက်ပါအချက်အလက်များကို မပေးသေးဘဲ ဒေသခံများအဖြစ် သရုပ်ဆောင်စေပြီး တင်ပြတောင်းဆိုလိုသော အချက်အလက်များကို ကြိုတင်စဉ်းစားစေပါ။ ဒေသခံများအနေဖြင့် သင်တန်းသားထဲတွင် ပါဝင်ပါက ပိုမိုအဆင်ပြေပါသည်။ စေ့စပ်ညှိနှိုင်းမှုတွင် စဉ်းစားသင့်သော သဘောထားများ၊ တောင်းဆိုမှုများကို တောင်းဆိုရာတွင် လိုအပ်သော စည်းလုံးညီညွတ်ခြင်း၊ ရှေ့နောက်ညီခြင်းတို့ကို တစ်ပါတည်း လေ့ကျင့်ပြီးသား ဖြစ်သွားပါလိမ့်မည်။

# အခန်း (၃. ၆)

## လူထုလှုပ်ရှားမှု- အင်အားပြသခြင်းနှင့် နိုင်ငံရေးဓာတ်ခံကို ပါဝင်ပြင်ဆင်ခြင်း

ကြာချိန် - ၁ နာရီ

### လုပ်ဆောင်ချက်(၇)

(၁) ဆွေးနွေးမှုအစပိုင်းတွင် သင်တန်းဆရာမှ လူထုလှုပ်ရှားမှုကို ဖော်ကျူးသော စိတ်ဓာတ် လှုံ့လှည့်နေသည့် ဓာတ်ပုံများ၊ ဆန္ဒဖော်ထုတ်နေသည့် ပုံများကို ပြသပါ။

(၂) မည်သူက ယခုလို လှုပ်ရှားမှုများတွင် ပါဝင်ဖူးသနည်းဟု မေးပါ။

(၃) လူထုလှုပ်ရှားမှု နည်းစနစ်ကို မည်သည့်အချိန်တွင် အသုံးပြုသင့်သနည်းဟု မေးခွန်းထုတ်ပါ။ လူထုလှုပ်ရှားမှုကို ဦးဆောင်သည့်အခါတွင် ပြင်ဆင်ထားသင့်သည့်အရာများကို ဆွေးနွေးမေးမြန်းပါ။

(၄) ပေါ်ထွက်လာသော တုံ့ပြန်ချက်များကို အနှစ်ချုပ်ပြီး အောက်ပါ အကြောင်းအရာများကို ဝေမျှပေးပါ။

လူထုလှုပ်ရှားမှုဆိုသည်မှာ လူဦးရေများစွာရှိသော လူထု၏ ပူးပေါင်းပါဝင်မှုကို ဆွဲဆောင်ပြီးအစိုးရ၏ မူဝါဒ၊ ဥပဒေများ၊ စီမံကိန်းများ၊ လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး ဆန္ဒဖော်ထုတ်ရန်(သို့) ကန့်ကွက်ဆန့်ကျင်ရန် လုပ်ဆောင်မှုများကို ဆိုလိုသည်။




လူထုလှုပ်ရှားမှုတွင် စည်းလုံးညီညွတ်မှုဖြင့် ထုတ်ဖော်ပြသခြင်းဖြစ်သည်။ လူထုလှုပ်ရှားမှုဟုခေါ်ရခြင်းမှာ လူထုများစွာဖြင့် ပါဝင်သော လုပ်ဆောင်ချက်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ထိုသို့ လူထုဖြင့် ဆန္ဒထုတ်ဖော်မှုမျိုးကို အောက်ပါအခြေအနေတို့တွင် အသုံးပြုနိုင်သည်။

- >> အစိုးရဌာနကို သပိတ်မှောက်ခြင်း(သို့) ကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းကို ကန့်ကွက်ဆန္ဒပြခြင်း
- >> အစိုးရဌာန(သို့) ကုမ္ပဏီကို တောင်းဆိုထားသည့်အရာများကို တိုင်းတာလုပ်ဆောင်ပေးရန်၊ တိုင်းတာလုပ်ဆောင်ရန်အတွက် စည်းရုံးဆော်သြခြင်း
- >> သင်တို့၏ ပြဿနာအကြောင်းရင်းများအတွက် လူထုကို စုရုံးစေခြင်းဖြင့် ကူညီထောက်ပံ့မှုကို ရယူခြင်း
- >> ကန့်ကွက်မှုကို အလုံးအရင်းနှင့် ပြသခြင်း

လူထုလှုပ်ရှားမှုအချို့သည် သဘောထားဆန္ဒထုတ်ဖော်ခြင်းတစ်ခုတည်းသာမဟုတ်ပါ။ ဒေသခံလူထုများမှ မိမိတို့ဘဝရှင်သန်မှုများ အတွက် ကိုယ်တိုင်လုပ်ဆောင်ခြင်းတစ်မျိုးလည်းဖြစ်ပါသည်။ ဥပမာ-

- >> မိမိတို့၏ မြေယာများကို ကာကွယ်ရန် သိမ်းယူမည့်သူများလာရာလမ်း၊ တံတားများတွင် လူအုပ်စုဖြင့် တားဆီးရပ်တန့်ခြင်း၊ မိမိတို့၏ မြေယာကို လာရောက်ဖျက်ဆီးမှုကို လျှံခြံစည်းရိုးတံတိုင်းများသဖွယ် ရပ်တန့်ပိတ်ဆို့ခြင်း



>> မြေယာရပိုင်ခွင့်နှင့် ပတ်သက်သော အခွင့်အရေးများအတွက် အခိုင်အမာရပ်တည်ခြင်း၊ လူအုပ်ကြီးဖြင့် မိမိတို့ပိုင်ဆိုင်ရာ မြေယာတွင် အကြမ်းဖက်နည်းဖြင့် ပြန်လည်တဲ့ပြန်သည် မဟုတ်ဘဲ ငြိမ်းချမ်းစွာ ထိုင်နေလျက်ဆန္ဒပြခြင်း၊

>> မိမိတို့ပိုင်ဆိုင်သော မြေနေရာမှ ထွက်ခွာသွားစေသည်ကို ပြန်လည်တုံ့ပြန်ရန် သတ်မှတ်ထားသည့်အချိန်တွင် လူအုပ်စုဖြင့် သစ်ပင်များစိုက်ပျိုးခြင်း

>> ဖမ်းဆီးထားသော သပိတ်မှောက်ခေါင်းဆောင်များကို ပြန်လည်လွှတ်ပေးရန် တရားရုံးရှေ့၊ အကျဉ်းထောင်(သို့)ထိုသူများကို ဖမ်းဆီးသွားသည့်နေရာတွင် မတ်တပ်ရပ်လျက် ဆန္ဒပြခြင်း၊ မလွှတ်ပေးမချင်း ထိုင်နေခြင်း၊ ဆန္ဒပြခြင်းစသည်ဖြင့် ဖြစ်နိုင်ပါသည်။

လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆန္ဒထုတ်ဖော်ခြင်းသည် လူအများ၏ စည်းလုံးညီညွတ်မှုနှင့် စည်းရုံးသိမ်းသွင်းနိုင်သော အဖွဲ့အစည်းကောင်းကောင်းလိုအပ်သည်။

လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆန္ဒထုတ်ဖော်ခြင်းကို လုပ်ဆောင်နိုင်ခြင်းသည် ဒေသခံဌာနေတိုင်းရင်းသားများနေထိုင်ရာ နိုင်ငံ၏ အုပ်ချုပ်မှုစနစ်၊ ယန္တရားများနှင့်လည်း သက်ဆိုင်ပါသည်။ အချို့ကိစ္စ

ရပ်များတွင် လူထုလှုပ်ရှားမှုဖြင့် လုပ်ဆောင်ရန် ခက်ခဲကောင်းခက်ခဲပါလိမ့်မည်။ ဥပမာ - လာအို၊ ဗီယက်နမ်နိုင်ငံမျိုးတွင် ဖြစ်သည်။ အခန့်မသင့်လျှင် အစိုးရ၏ အကြမ်းဖက်မှုဖြင့် တုံ့ပြန်ခြင်းကို ခံရနိုင်သည်။ မီဒီယာများ၊ ရှေ့နေများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ (အသင်းတော်၊ ဘုန်းကြီးကျောင်း)နှင့် ပူးပေါင်းလုပ်ဆောင်နိုင်သည်။ ထိုသို့အားဖြင့် မဟာမိတ်လုပ်ဆောင်ရန် အရေးကြီးသည်။

တာဝန်ရှိသူများ၏ အပြုသဘောဆောင်သော တုံ့ပြန်မှုများကို ရရှိစေရန် ပူးပေါင်းလုပ်ဆောင်မည့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နှင့် အင်အားများကို ရရှိရန်လည်း အထူးအရေးကြီးပါသည်။

## လူထုစည်းရုံးလှုံ့ဆော်ခြင်းနှင့်ပတ်သက်ပြီး မှတ်သားစရာအချို့

(၁) လူထုလှုပ်ရှားမှုတွင် လူထုများပါဝင်လာရန် သင်တို့လုပ်ဆောင်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များတွင်၎င်းတို့၏ မဖြစ်မနေအရေးပါမှု၊ ၎င်းတို့အတွက် ကိုယ်စားပြုမှု၊၎င်းတို့ပါဝင်မှုတရားဝင်ဖြစ်နိုင်မှု တို့ကို သိရှိစေပါ။ လုပ်ငန်းစဉ်အောင်မြင်ပါက ရရှိလာနိုင်သည့် အကျိုးအမြတ်များကို ရှင်းလင်းပြပါ။ ထိုအတိုင်း အောင်မြင်ရန် အခြားသူများလည်း သင်တို့ စည်းရုံးလှုံ့ဆော်ရမည်ဟု တိုက်တွန်းအားပေးရမည်။ သင့်အနေဖြင့် အောက်ပါအတိုင်း လုပ်ဆောင်နိုင်ပါသည်။

>> တစ်အိမ်တက်တစ်အိမ်ဆင်း စည်းရုံးရေးဆင်းခြင်း။
စုစည်း၊ စည်းရုံးပြီးသား အုပ်စုများကို ရှာဖွေပြီး ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်ပါ။ ဥပမာ- ဘတ်(စ်)ကားလိုင်းကား အလာကို စောင့်ဆိုင်းနေကြသော လူအုပ်စုများ၊

>> အဖွဲ့အစည်းများ(သို့) ရပ်ရွာဒေသခံလူထုများနှင့် တွေ့ဆုံပြီး အစည်းအဝေးများ လုပ်ဆောင်ခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။

(၂) လူထုအား စည်းရုံးပြောကြားခြင်းအပြင် သင်တို့၏ ပြဿနာအချက်အလက်များနှင့် ပတ်သက်ပြီး စာရွက်စာတမ်းများ၊ အချက်အလက်များကို ဝေငှခြင်း၊ အသိပေးခြင်းများဖြင့်လည်း လုပ်ဆောင်နိုင်ပါက ပိုမိုထိရောက်ကောင်းမွန်ပါလိမ့်မည်။



Indigenous leaders participating in the rally organized by NEFIN in Kathmandu. Picture Credit: AIPP

## မှီငြမ်း


AIPP, FPP, IWGIA and Tebtebba. 2010. What is REDD?: A Guide for *Indigenous Communities*. Chiang Mai: AIPP.

APHA. nd. “Media Advocacy Manual.” Accessed at <http://www.apha.org/NR/rdonlyres/A5A9C4ED-1C0C-4D0C-A56C-C33DEC7F5A49/0/Media_Advocacy_Manual.pdf>.

Burness Communications. 2011. Kit on Strategic Communications and Media Relationship Workshop.

CAMP. 2010. “Advocacy and Lobbying Skills.” Accessed at <http://www.camp.org.pk/files/Training_Manuals/Advocacy-and-Lobbing-manual-english.pdf>

Gordon, Graham. 2002. Practical Action in Advocacy. UK: Tearfund. Accessed at <http://www.e-alliance.ch/typo3conf/ext/naw_securedl/secure.php?u=0&filse=fileadmin/user_upload/docs/Advocazy Capacity/2011/Tearfund_Roots_2_Practical_Action_in_Advocacy_2002.pdf&t=1364360301&hash=d4a9e240d53f7bf00e7345ccc1bbdcb6>.

<http://en.wikipedia.org/wiki/Mass_communication>.


## ကိုးကားချက်များ


Aciro-Lakor, ed. 2010. Advocacy Skills Training Manual for Stakeholders on PDRP. Kampala: UWONET.

AIPP. 2012. Development Aggression as Economic Growth: A Report by the Asia Indigenous Peoples Pact. Chiang Mai: AIPP.

Aipp and indigenous Knowledge and People Network.nd. Briefing Paper: Who are Indigenous Peoples of Asia?

Aipp and IWGIA.2012. Briefing paper on REDD+, Rights and Indigenous Peoples: Lessons from REDD+ Initiatives in Asia.

AIPP, FPP, IWGIA and Tebtebba. 2010. What is REDD?: A Guide for Indigenous Communities. Chiang Mai: AIPP.

AIPP, FPP, IWGIA and Tebtebba. 2010. What to do with REDD? A Manual for Indigenous Trainers. Chiang Mai: AIPP.

APHA. nd. “Media Advocacy Manual.” Accessed at <http://www.apha.org/NR/rdonlyres/A5A9C4ED-1C0C-4D0C-A56C-C33DEC7F5A49/0/Media_Advocacy_Manual.pdf>.

Ayer, Victoria, and Colin Bunn. 2004. Advocacy Expert Series” Advocacy Campaign Management 1. Accessed at <http://www.pactworld.org/galleries/resource-center/advocacy_series_module1.pdf>.

Burness Communications. 2011. Kit on Strategic Communications and Media Relationship Workshop.

CAMP. 2010. “Advocacy and Lobbying Skills.” Accessed at <http://www.camp.org.pk/files/Training_Manuals/Advocacy-and-Lobbying-manual-english.pdf>.

Gordon, Graham. 2002. Practical Action in Advocacy. UK: Tearfund. Accessed at <http://www.e-alliance.ch/typo3conf/ext/naw_securedl/secure.php?u=o&file=fileadmin/user_upload/docs/Advocacy_Capacity/2011/Tearfund_Roots_2_Practical_Action_in_Advocacy_2002.pdf&t=1364360301&hash=d4a9e240d53f7bf00e7345ccc1bbdcb6>.

http://en.wikipedia.org/wiki/Mass_communication.

http://halfinten..org/uploads/support_files/HITtookit_2_StartingAdvocacyCampaign.pdf

http://www.mccoyouth.org/Advocacy/advocacy-vs-lobbying.html.

http://www.odi.org.uk/publications/5258-problem-tree-analysis

IWGIA and AIPP. 2011. Understanding Community-Based REDD+: A Manual for Indigenous Communities. Chiang Mai: IWGIA.

Tebtebba. 2010. Indigenous Peoples and the Convention on Biological Diversity. Baguio City:Tebtebba.

# Asia Indigenous Peoples Pact (AIPP)

## အကြောင်းတစ်စေ့တစ်စောင်း

အာရှဒေသခံတိုင်းရင်းသားများပဋိညာဉ် (AIPP)အဖွဲ့သည် အာရှဒေသအဆင့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၁၉၈၈ ခုနှစ်တွင် ဒေသခံတိုင်းရင်းသားများ၏ လှုပ်ရှားမှုများမှ ပေါ်ပေါက်လာသည့်အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ ဒေသခံတိုင်းရင်းသားများ၏ သွေးစည်းညီညွတ်ခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် အားပေးမြှင့်တင်ခြင်းတို့ကို အားကောင်းလာစေရန် လုပ်ဆောင်သည့်အဖွဲ့အစည်းဖြစ်ပြီး ဒေသခံတိုင်းရင်း သားအခွင့်အရေး၊ လူ့အခွင့်အရေး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးစသည့် ကဏ္ဍများတွင် မြှင့်တင်ခြင်း၊ ခိုင်မာစေခြင်း၊ ကာကွယ်ပြောဆိုပေးခြင်းစသည့် နည်းလမ်းဖြင့် လုပ်ဆောင်သည်။ AIPP သည် အာရှဒေသအတွင်း အဖွဲ့ဝင် အဖွဲ့အစည်းပေါင်း ၄၇ ခုရှိပြီး နိုင်ငံတော်အဆင့် မဟာမိတ်များ၊ အမျိုးသမီး၊ လူငယ်နှင့် အခြေခံလူထုအခြေပြုအဖွဲ့အစည်းများပါဝင် သည်။ AIPP သည် ခိုင်မာသော ချိတ်ဆက်စီမံမှု ဖွဲ့စည်းပုံဖြင့် အဖွဲ့ဝင် အဖွဲ့အစည်းများနှင့် စနစ်တကျ ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။

## ရည်ရွယ်ချက် (Vision)

အာရှဒေသတွင်းရှိ ဒေသခံတိုင်းရင်းသားများသည် မိမိတို့၏ကိုယ်ပိုင် အခွင့်အရေးများ၊ သိသာထင်ရှားသော ယဉ်ကျေးမှုများနှင့် ဝိသေသလက္ခဏာများဖြင့် ရပ်တည်နေကြသူများ၊ ဂုဏ်သိက္ခာရှိစွာ အသက်ရှင်သန်နေသူများဖြစ်ပြီး မိမိတို့အနာဂတ်နှင့် ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းသာယာသော၊ တရားမျှတသော၊ ညီညွတ်သော ပတ်ဝန်းကျင်တွင် နေထိုင်သော သူများဖြစ်ကြပါသည်။

## လုပ်ဆောင်ချက် (Mission)

AIPP သည် ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရပ်တည်မှုများ၊ ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုစနစ်များဖြင့် မိမိတို့၏ ရေရှည်ဖွံ့ဖြိုးရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို ကာကွယ်ရန်နှင့် မြှင့်တင်ရန်အလို့ငှာ ဒေသခံတိုင်းရင်းသားများ၏ သွေးစည်းညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်နှင့် စွမ်းဆောင်ရည်များကို အားပေးမြှင့်တင်ပေးသည့်လုပ်ငန်းများကို လုပ်ဆောင်ပါသည်။

## AIPP ၏ အစီအစဉ်များ

လူ့အခွင့်အရေး၊ ဒေသအဆင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသခံတိုင်းရင်းသားအမျိုးသမီး၊ သုတေသနနှင့် ဆက်သွယ်ဆက်ဆံရေး ဖွံ့ဖြိုးမှု၊ ဒေသခံတိုင်းရင်းသား လူငယ်အစီအစဉ်။

AIPP သည် အစိုးရမဟုတ်သော (NGO) အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ(ECOSOC) နှင့် အထူးအတိုင်ပင်ခံအဖွဲ့ဖြစ်သည်။ United Nations Framework Convention on Climate Change(UNFCCC) အဖွဲ့၊ ဇီဝမျိုးစုံမျိုးကွဲအသင်းချုပ်နှင့် World Intellectual Property Organization(WIPO) အဖွဲ့တို့တွင် လေ့လာသူအဖြစ် ပါဝင်လျက်ရှိပါသည်။
AIPP ဝက်ဆိုဒ်- www.aippnet.org. www.ccmin.aippnet.org.www.iphrdefenders.net